http://www.cherrythitsar.org

# Tears And Laughter

Kahlil Gibran



# မျက်ရည်စများနှင့် ရယ်သံ

ကျော်လှိုင်ဦး

အခန်း ၁၃၊ တိုက် ၂၅၇၊ ရန်ကင်းမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း ၀၁ – ၇၂၁၁၂၄

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှအတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

ပု ဂံ စာ အုပ် အ မှတ်  ၂ ၅ ၈

# မျက်ရည်စများနှင့် ရယ်သံ

ကျော်လှိုင်ဦး(မြန်မာပြန်)

(ဒုတိယအကြိမ်)

# Tears And Laughter

***by***

Kahlil Gibran

အခန်း ၁၃၊ တိုက် ၂၅၇၊ ရန်ကင်း၊
ရန်ကုန်။ ဖုန်း ၇၂၁၁၂၄

**ဗုဂံစာအုပ်တိုက်** မှ

၂၀၀၄ တွင် ထုတ်ဝေခဲ့ပြီး စာအုပ်များ

---

၂၅၆။ မိုဗီဒစ် (နတ်နွယ်)
(Moby-Dick by Herman Melville)
၂၅၇။ နေမင်းလမင်းသိန်းရာထောင် (ချစ်ဦးညို)

**ယခု**

---

၂၅၈။ မျက်ရည်စများနှင့် ရယ်သံ (ကျော်လှိုင်ဦး)
(Tears And Laughter by Kahlil Gibran)

**ဗုဂံစာအုပ်တိုက်** မှ

၂၀၀၄ ခုနှစ်အတွင်း ဆက်လက်ထုတ်မည့် စာအုပ်များ

---

၂၅၉။ ကျိန်စာသင့်သောမျက်နှာများ၏ မိတ္တူ[ ကဗျာများ] (မျိုးကိုမျိုး)
(၃၇/ ၂၀၀၃) (၇)
၂၆၀။ တိမ်တိမ်တွေဖုံးပါလို့ အုံးခြိမ့်ခြိမ့်ညံ (ချစ်ဦးညို)
(၉၆၃/ ၂၀၀၃) (၇)

စာအုပ်တိုက်

http://www.cherrythitsar.org

# မျက်ရည်စများနှင့် ရယ်သံ

**ကျော်လှိုင်ဦး** (မြန်မာပြန်)

**Tears And Laughter** *by* Kahlil Gibran


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ■ | ၉၀၁ / ၂၀၀၃ (၇) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ■ | ၃၁၂ / ၂၀၀၄ (၃) |
| ပုံနှိပ်ခြင်း | ■ | ပထမအကြိမ်၊ အောက်တိုဘာ၊၁၉၉၁။ ဒုတိယအကြိမ်၊ မတ်၊ ၂၀၀၄။ |
| အုပ်ရေ | ■ | ၁၀၀၀။ |
| ထုတ်ဝေသူ | ■ | ခိုင်ခိုင်ဦး(ယာယီ ၈၇၉)၊ပုဂံစာအုပ်တိုက် အခန်း၁၃၊ တိုက်၂၅၇၊ ရန်ကင်းမြို့နယ် ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | ■ | ဒေါ်နီနီခိုင် (၀၇၁၃၅)၊ သီရိမေရောင်စုံ ပုံနှိပ်တိုက်၊ အမှတ်(၁၉)၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့် မြို့နယ်၊ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | ■ | ပုဂံစာအုပ်တိုက် |
| အတွင်းစာစီ | ■ | ပုဂံစာအုပ်တိုက် |
| အတွင်းဖလင်ခွဲ | ■ | အေဇက် |
| အဖုံးဖလင်ခွဲ | ■ | Sunn Scangraphics |
| စာအုပ်ချုပ် | ■ | ကိုမြင့် |
| တန်ဖိုး | ■ | **ခုနစ်ရာ့ငါးဆယ် ကျပ်** ။ |
| ဖြန့်ချိရေး | ■ | ပုဂံစာအုပ်တိုက်။ အခန်း၁၃၊ တိုက်၂၅၇၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁- ၇၂၁၁၂၄။ |

http://www.cherrythitsar.org

❑ **သဘာဝတွင် အလှသည် အဓိက၊**

**အလှ ဟူရာတွင်လည်း......**

**အလှ၌ အချစ်သည် တည်သောကြောင့်ဖြစ်၏။**

**အလှတွင်တည်သော အချစ်ကို တွေ့ရခြင်းသည်**

**ဘဝ၏ ပြင်းစွာသော မျှော်လင့်ချက်ပင်။**

**ကာလီဂျီဗရန်း** (၁၈၈၃–၁၉၃၁)

ဘဝဒဿန စာရေးဆရာ

ငုဝါ စာအုပ်တိုက်

http://www.cherrythitsar.org

# မာတိကာ


စာရေးသူ က

ဘာသာပြန်သူ ဂ

ဘာသာပြန်သူ၏ စကားဦး စ

၁။ စကားဦး ၁

၂။ ဖန်ဆင်းခြင်း ၆

၃။ ကျွန်ုပ်အား ကရုဏာထားပါလေ
ကျွန်ုပ်၏ ဝိညာဉ် ၇

၄။ လူမမည် နှစ်ယောက် ၁၃

၅။ အချစ်ဘဝ ၁၇

၆။ စီးပွားဂေဟာ ၂၇

၇။ လှိုင်း၏တေးသံ ၃၀

၈။ ကဗျာဆရာကွယ်လွန်ခြင်းကား
သူ့ ဘဝပါတည်း ၃၅

၉။ ငြိမ်းချမ်းရေး ၃၉

၁၀။ စီးပွားတေးသံ ၄၂

၁၁။ လူသေမြို့တော် ၄၆

၁၂။ မိုး၏တေးသံ ၅၀

၁၃။ မုဆိုးမနှင့် သူ့သား ၅၄

၁၄။ ကဗျာဆရာ ၅၇

http://www.cherrythitsar.org


၁၅။ ဝိညာဉ်တေး ၆၃

၁၆။ မျက်ရည်စများနှင့် ရယ်သံများ ၆၇

၁၇။ ပန်း၏တေး ၇၂

၁၈။ အမြင်အာရုံ ၇၆

၁၉။ အောင်နိုင်သူများ ၇၉

၂၀။ အချစ်၏တေး ၈၇

၂၁။ ဆန္ဒနှစ်သွယ် ၉၂

၂၂။ လူ့တေး ၉၆

၂၃။ မနေ့ကနှင့် ယနေ့ ၁၀၁

၂၄။ အလှပလ္လင်ရှေ့ဝယ် ၁၀၇

၂၅။ အပြစ်ဆိုသူ ခွဲသွားပါလေ ၁၁၂

၂၆။ ချစ်သူခေါ်သံ ၁၁၇

၂၇။ သေမင်း၏အလှ ၁၂၅

၂၈။ နန်းတော်နှင့် တဲ ၁၃၆

၂၉။ ကဗျာဆရာ့အသံ ၁၃၉

၃၀။ နိဂုံး ၁၅၁

၃၁။ ကျော်လှိုင်ဦး၏ ထုတ်ဝေပြီး ဘာသာပြန်စာအုပ်များ ၁၅၃


စာအုပ်တိုက်

# စာရေးသူ



ဤစာအုပ်၏ မူရင်းစာရေးသူ **ကာလီဂျီဗရန်း**(Kahlil Gibran) (Khalil Jubran ဟုလည်း စာလုံးပေါင်းကြသည်။) ကို လက်ဗနွန်နိုင်ငံရှိ ဘရှရီ (Bsharri) ရွာတွင် ၁၈၈၃ ခု ဇန်နဝါရီ ၆ ၌ ခရစ်ယာန် မိသားစုမှ ဖွားမြင်သည်။ ငယ်စဉ်က ဘေရွတ်မြို့တွင် မူလတန်းပညာ ဆည်းပူးခဲ့သည်။ ၁၈၉၄ တွင် မိသားစုနှင့်အတူ အမေရိကန်နိုင်ငံ ဘော့စတွန်မြို့သို့ ပြောင်းရွှေ့ခဲ့ရပြီး သုံးနှစ်ခန့် နေထိုင်ကာ ၁၈၉၇တွင် လက်ဗနွန်သို့ ပြန်၍ ပညာသင်သည်။

၁၉၀၃ခုနှစ်တွင် ဘော့စတွန်သို့ ပြန်ရောက်လာခဲ့ပြီး တစ်နှစ်ခန့် အကြာတွင် သူ၏အစ်မ၊ အစ်ကိုနှင့် မိခင်တို့သည် တီဘီအဆုတ်ရောဂါဖြင့် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြသည်။ ဂျီဗရန်းကို ကျောင်းဆရာမ မေရီဟက်စကီးက ကြည့်ရှုစောင့်ရှောက်ခဲ့သည်။ ၁၉၁၂ တွင် နယူးယောက်

http://www.cherrythitsar.org

## (၁) ကျော်လှိုင်ဦး

မြို့သို့ ပြောင်းရွှေ့ကာ စာပေရေးသား ပြုစုခြင်း၊ ပန်းချီဆွဲခြင်း ဘ၀ဖြင့်သာ မြှုပ်နှံထားလိုက်သည်။

၁၉၀၄တွင် ဂျီဗရန်း၏ 'စာပေ စာတမ်းများ' စာအုပ် စထွက်ခဲ့သည်။ ဖရက်ဒရစ် နိရှေးနှင့် ဝီလျံဘလိတ်တို့၏ စာများ၊ သမ္မာကျမ်းစာများက ဂျီဗရန်းအပေါ်တွင် လွှမ်းမိုးမှုရှိ၏။ သူ၏ ဒဿနဆိုင်ရာ အဆိုများ၊ ကဗျာများ၊ ဝတ္ထုတိုနှင့် စာတမ်းများကို အာရဗီဘာသာဖြင့် စတင်ရေးသားခဲ့ရာ အာရပ်ပညာတတ် အသိုင်းအဝန်းက အထူးနှစ်ခြိုက် လေးစားခဲ့ကြသည်။ နောက်ပိုင်းတွင် သူသည် အင်္ဂလိပ်ဘာသာဖြင့် တိုက်ရိုက်ရေးသားခဲ့သဖြင့် အာရပ်အသိုင်းအဝန်းသာမက တစ်ကမ္ဘာလုံးတွင် ပျံ့နှံ့ ကျော်ကြားလာခဲ့၏။ သူ၏ အာရဗီဘာသာဖြင့် ထင်ရှားခဲ့သော စာအုပ်များကိုလည်း အင်္ဂလိပ် ဘာသာပြန်အဖြစ် ပြန်လည် ထုတ်ဝေလာသည်။

ဂျီဗရန်း၏ ဒဿနဆန်သောစာများသည် ထိုခေတ်လူငယ်စာဖတ် ပရိသတ်အတွင်း ခေတ်စားခဲ့သည်။ ထင်ရှားသော သူ၏ စာအုပ်အချို့မှာ 'တောင်ကြား၏နတ်သမီး'(၁၉၁၀) (Nymphs of the Valley)၊ 'မျက်ရည်စများနှင့် ရယ်သံ' (၁၉၁၄)(Tears and Laughter)၊ 'သူရူး'(၁၉၁၈) (The Madman)၊ 'ပုန်ကန်သော ဝိညာဉ်'(၁၉၂၀) (Spirits Rebellious)၊ 'တောင်ပံကျိုး' (၁၉၂၂) (The Broken Wings)၊ 'မုန်တိုင်းများ'(၁၉၂၃) (The Storms)၊ 'ပညာရှိ ပရောဖက်'(၁၉၂၃) (The Prophet) တို့ ဖြစ်သည်။

ဂျီဗရန်းသည် ၁၉၃၁ ခု ဧပြီ ၁၀ တွင် နယူးယောက်မြို့၌ ကွယ်လွန်သည်။

အချက်အလက်–

1.Encyclopedia Britannica 2003.

2.Encarta. Reference Library 2003.

http://www.cherrythitsar.org

# ဘာသာပြန်သူ



ဘာသာပြန်သူ **ကျော်လှိုင်ဦး**ကို ၁၉၃၃ မတ်လ ၆ ရက်တွင် ချောက်မြို့၌ အဖ ကျောင်းဆရာ ဦးဘလှိုင်၊ အမိ ဒေါ်တင်ဦးတို့မှ ဖွားမြင်သည်။ အမည်ရင်းမှာ ဦးကျော်ဆွေဖြစ်သည်။ ချောက်မြို့တွင် အခြေခံပညာ သင်ယူခဲ့ပြီး ၁၉၅၁–၅၃ တွင် ရန်ကုန်ဆရာ အတတ်သင်ကျောင်း၌ ပညာသင်ခဲ့သည်။ ၁၉၅၀ တွင် 'ပဒေသာ မဂ္ဂဇင်း'၌ **'ကြင်နာသူ'** ဝတ္ထုတိုကို **'မင်းကျော်'** ကလောင်အမည်ဖြင့် ရေး၍ စာပေနယ်သို့ ဝင်ခဲ့၏။ ပထမဆုံး ပုံနှိပ်လုံးချင်း ဝတ္ထုမှာ **'တွယ်ရာမဲ့'** (၁၉၅၇) ဖြစ်သည်။

ကျောင်းဆရာလုပ်ရင်း၊ ဝတ္ထုရေးရင်း၊ ကျောက်စာကူးရင်း

http://www.cherrythitsar.org

## (ဃ) ကျော်လှိုင်ဦး

တက္ကသိုလ်ပညာ သင်ယူခဲ့သည်။ ဗြိတိသျှသံရုံး ပြန်ကြားရေးဌာန၊ ဘာသာပြန် အယ်ဒီတာ၊ မြန်မာနိုင်ငံ သမိုင်းကော်မရှင် မော်ကွန်းအရာရှိ၊ တက္ကသိုလ်ဘာသာပြန်နှင့် စာအုပ်ထုတ်ဝေရေးဌာန စာတည်းတာဝန်များလည်း ထမ်းဆောင်ခဲ့သည်။ စာပေအဖွဲ့အစည်း တာဝန်များအဖြစ် ရန်ကုန်တက္ကသိုလ် ကလောင်အသင်း ဒုတိယဥက္ကဋ္ဌ (၁၉၅၈–၅၉)၊ မြန်မာနိုင်ငံ စာရေးဆရာ စာပေကလပ်၊ မော်ကွန်းကော်မရှင် အတွင်းရေးမှူး (၁၉၆၁–၆၂)၊ မြန်မာနိုင်ငံစာရေးဆရာ စာပေကလပ် အတွင်းရေးမှူး (၁၉၆၂–၆၃)၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာရေးဆရာသမဂ္ဂ အတွင်းရေးမှူး(၁၉၆၃–၆၅)၊ အမျိုးသား စာပေညီညွတ်ရေးကော်မတီအတွင်းရေးမှူး (၁၉၆၄–၆၅)၊ စာပေလုပ်သားဖြစ်မြောက်ရေးကော်မတီဝင်(၁၉၆၆–၇၆)၊ စာပေလုပ်သားအဖွဲ့ ဗဟိုအမှုဆောင် ကော်မတီဝင်(၁၉၈၁–၈၈)နှင့် မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁၉၈၉–၉၁)တာဝန်များကို ယူခဲ့သည်။

ကျော်လှိုင်ဦးသည် **မင်းကျော်** ကလောင်အမည်ဖြင့် စာအုပ် ၅၃ အုပ်၊ **မလိခ** ကလောင်အမည်ဖြင့် (နတ်နွယ်နှင့် တွဲလျက်) မြန်မာဝတ္ထုအညွှန်း ၆ အုပ်၊ သူတစ်ဦးတည်း **မလိခ** အမည်ခံ၍ မြန်မာစာပေ အဘိဓာန် ၅ တွဲနှင့် ပျို့အညွှန်းတို့ကို ရေးသားခဲ့သည်။

၁၉၆၉ တွင် 'ဦးလေးတွမ်' ဖြင့် အမျိုးသားစာပေ ဘာသာပြန်ဆု၊ ၁၉၇၆ တွင် 'အဖြူကို မည်သူအနက်ဆိုးသနည်း' ဖြင့် အမျိုးသားစာပေ ဝတ္ထုတိုပေါင်းချုပ်ဆု၊ ၁၉၈၀ ပြည့်နှစ်တွင် 'တစ်ထောင့်တစ်ည ပုံဝတ္ထုများ (၁)' ဖြင့် အမျိုးသားစာပေ ဘာသာပြန် (ရသ) ဆုတို့ ရရှိခဲ့သည်။

ကျော်လှိုင်ဦး၏ ထင်ရှားသော ဘာသာပြန်ဝတ္ထုများမှာ 'လူနှင့်လက်နက်'(၁၉၆၅)၊ 'တဂိုး လက်ရွေးစင်' (၁၉၆၇)၊ 'ဦးလေးတွမ်'(၁၉၆၉)၊ 'ဒေါက်တာ ဂျက်ကီးနှင့် မစ္စတာဟိုက်' (၁၉၇၇)၊ 'တစ်ထောင့်တစ်ည ပုံဝတ္ထုများ ၅တွဲ'(၁၉၈၀–၁၉၈၉)၊ 'လေထန်ကုန်း'(၁၉၈၄)၊'ပြုံပြံဟ်မြွေတဲ့

စာအုပ်တိုက်

http://www.cherrythitsar.org



ဂြိုဟ်'(၁၉၈၈)၊ 'မဒမ်မိုဗာရီ'(၁၉၈၉)၊ 'မျက်ရည်စများနှင့်ရယ်သံ'(၁၉၉၁) တို့ ဖြစ်သည်။

ကျော်လှိုင်ဦးသည် ၁၉၉၁ခု ဇူလိုင်၇ တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့သည်။

❖

# ဘာသာပြန်သူ၏ စကားဦး

(၁)

ကျွန်တော်သည် ၁၉၅၇ တစ်ဝိုက်တွင် ကာလီဂျီဗရန်း၏ စာအချို့ကို ဖတ်ဖြစ်ရန် အကြောင်း တိုက်ဆိုင်လာပါသည်။

ထိုအချိန်လောက်ကပင် ကျွန်တော်သည် ဂျီဗရန်း၏ စာအုပ်များမှ လက်လှမ်းမီသမျှ ရှာဖွေဖတ်ရှုလာခဲ့သည်။ ဂျီဗရန်း၏စာများမှာ ကဗျာပုံစံဖြင့် ရေးစပ်ထားသည်များလည်း ပါသည်။ စကားပြေပုံစံဖြင့် ရေးဖွဲ့ထားသည်များလည်း ပါသည်။

ဂျီဗရန်း၏စာများကို ကျွန်တော် စွဲစွဲမြဲမြဲ ဖတ်ကြည့်ပါသည်။ စင်စစ် သူ့စာများသည် ဖတ်ကြည့်ရုံမျှဖြင့် နှစ်သက်ဖွယ်ရှိသည်မှာ မှန်ပါ၏။ ထို့ထက်သော်ကား သူ့စာများကိုဖတ်ပြီး ခံစားကြည့်ရသောအခါ ပို၍ စွဲမက်လာပါသည်။

ဂျီဗရန်း၏ စာများတွင် 'သဘာဝတွင် အလှသည် အဓိက' ဟု ညွှန်းသည်။ အလှဟူရာတွင်လည်း 'အလှ၌ အချစ်သည် တည်သောကြောင့် ဖြစ်၏။' 'အလှတွင်တည်သော အချစ်ကို တွေ့ရခြင်းသည်ပင် ဘဝ၏ ပြင်းစွာသော မျှော်လင့်ချက်' ဟုလည်း ဖော်ပြပါသည်။

ကျွန်တော်သည် သူ့ စာများကို ဖတ်ရင်းဖတ်ရင်း သူ၏ ခံယူချက်ကိုလည်း နှစ်သက်လာပါသည်။

ဤသို့လျှင် ဂျီဗရန်းသည် သဘာဝ၊ အလှ၊ အချစ်၊ ဘဝနှင့်

http://www.cherrythitsar.org



မျှော်လင့်ချက်တို့အကြောင်းကိုဖွဲ့ရင်း ထိုသဘာဝ၊ အလှ၊ အချစ်၊ ဘဝနှင့် မျှော်လင့်ချက်တို့၏ ဆန့်ကျင်ဘက်အဖြစ်တို့ကိုလည်း ဂျီဗရန်း မြင်ခဲ့ပုံရပါသည်။ ထိုအခါ ကျူးကျော်ခြင်း၊ ဖိနှိပ်ချယ်လှယ်ခြင်း သဘောတို့ကိုလည်း တွေ့ရပါသည်။ ဂျီဗရန်းသည် ကျူးကျော်၊ ဖိနှိပ်ချယ်လှယ်မှုတို့ကိုလည်း ဆန့်ကျင် တိုက်ခိုက်ပါသည်။ ထိုသဘောကိုလည်း ကျွန်တော် နှစ်သက် ခံစားရပါ၏။

ထိုကြောင့် ကျွန်တော်သည် ဂျီဗရန်း၏စာအချို့ကို ကြိုကြား ဘာသာပြန် ကြည့်ခဲ့ပါသည်။ တစ်ချိန်တည်းမှာပင် ဂျီဗရန်း၏ ဘဝကိုလည်း ရနိုင်သမျှ ရှာဖွေ စူးစမ်းလေ့လာခဲ့ပါသည်။

## (၂)

ဂျီဗရန်းသည် လက်ဗနွန်ဇာတိဖြစ်သည်။ သူသည် ကဗျာဆရာ၊ ဒဿနဆရာနှင့် ပန်းချီဆရာ ဖြစ်သည်။ လက်ဗနွန်သည် တမန်တော် အများ ဖွားမြင်ရာ ဒေသအဖြစ် ထင်ရှားကာ ဂျီဗရန်းအားလည်း တမန်တော် တစ်ဦးအဖြစ် မှတ်ယူကြပါသည်။

ဂျီဗရန်းကို ၁၈၈၃ တွင် လက်ဗနွန်၌ ဖွားမြင်ပြီး သူ၏ ပန်းချီလက်ရာများသည် ကမ္ဘာ့နိုင်ငံရှိ မြို့ကြီးများ အနှံ့အပြားတွင် ပြပွဲများ ကျင်းပခဲ့ရ၏။ သူ၏စာပေများသည်လည်း အာရပ် စကားပြော စာဖတ် ပရိသတ်အတွင်းသာမက ကမ္ဘာနိုင်ငံ အနှံ့အပြားသို့ပင် ပျံ့နှံ့ခဲ့၏။ သူသည် မူလက အာရဗီဘာသာဖြင့်သာ ရေးခဲ့ပြီး ၁၉၁၀ နှစ်လွန်ပိုင်းတွင် အမေရိကန်ပြည်ထောင်စု၌ သွားရောက်နေထိုင်ပြီး သူ့စာများကို အင်္ဂလိပ်ဘာသာဖြင့်သာ ရေးသားခဲ့သည်။

သူ၏ ပန်းချီလက်ရာများကို ရိုဒင်၏ ပန်းချီလက်ရာများနှင့် နှိုင်းယှဉ်ခံစားကြပြီး သူ၏ စာပေလက်ရာများကိုမူ အင်္ဂလိပ်ကဗျာဆရာ

စာအုပ်တိုက်

ဝီလျံဘလိတ်နှင့် ခိုင်းနှိုင်းလက်ခံကြသည်။ သူ၏ စာပေအနုပညာ လက်ရာကို အခြေခံ၍ ဂျီဗရန်းဝါဒဟူသည်ပင် ပေါ်ထွန်းခဲ့သည်။

## (၃)

ယခု ကျွန်တော်သည် ဂျီဗရန်း၏ လက်ရာများအနက် မူရင်းအာရဗီဘာသာဖြင့်ရေးခဲ့ပြီး ဘာသာပြန်ဆရာ အန်သိုနီ ရစ်ဇကလာဖဲရစ် (Anthony Rizcallah Ferris) ဘာသာပြန်၍ အိန္ဒိယပြည် ဂျေကို ထုတ်ဝေရေး (Jaico Publishing House) မှ ၁၉၅၆ တွင်ထုတ်ဝေခဲ့သော Tears and Laughter စာအုပ်မှစာများကို ဘာသာပြန်ခြင်း ဖြစ်ပါသည်။

ဂျီဗရန်း၏စာများကို နှစ်သက်သည့်အားလျော်စွာ အားထုတ်ဘာသာပြန်ဆိုခြင်း ဖြစ်သဖြင့် ဂျီဗရန်း၏ အယူအဆများမှ လက်မခံနိုင်ဖွယ်တို့ကို တွေ့ရပါက ဘာသာပြန်သူကပင် တာဝန်ယူရမည်ဖြစ်သည့်ပြင် ဂျီဗရန်း၏အနုပညာ အရေးအဖွဲ့ကို မီအောင် ဘာသာပြန်နိုင်ခြင်း မရှိပါကလည်း ဘာသာပြန်သူအားပင် ပြစ်တင်ရှုတ်ချနိုင်ပါကြောင်း အစီရင်ခံပါသည်။

**ကျော်လှိုင်ဦး**
၂၆၊ ၅၊ ၉၁

# စကားဦး

ကျွန်ုပ်သည် နှလုံးသားကရယ်မောသံကို စည်းစိမ်ဥစ္စာများနှင့် မလဲလှယ်လို ပေ။ ကျွန်ုပ်၏ ခံစားရမှုများကြောင့် ကျဆင်းလာရသော မျက်ရည်စတို့ အတွက်လည်း ရောင့်ရဲကျေနပ် ဆိတ်ငြိမ်မနေလိုပါပေ။ ဤကမ္ဘာမြေပေါ် တွင် ဖြစ်ပေါ်လာသော ကျွန်ုပ်၏ ဘဝသည်ကား အစဉ်အမြဲပင် မျက်ရည်စ များ၊ ရယ်သံများဖြင့် ပြွမ်းတီးနေပေလိမ့်မည်ဟု ကျွန်ုပ် ပြင်းပြစွာ မျှော်လင့် ထားပြီး ဖြစ်လေသည်။

မျက်ရည်စတို့သည် ကျွန်ုပ်၏နှလုံးသားကို သန့်စင်စေပြီး ဘဝ ၏ လျှို့ဝှက်မှုတို့ကို ဖော်ထုတ်ပါပေအံ့။ ရယ်သံတို့ကား ကျွန်ုပ်အား မိတ်ဆွေရင်းချာတို့အပါးသို့ ဆောင်ယူပေအံ့။ အမြွာမြွာကွဲကြေရသော နှလုံးသားကို မျက်ရည်တို့က ဆက်စပ်ပေးပေအံ့။ ရယ်သံသည်ကား ကျွန်ုပ် ဖြစ်တည်မှု၏ ပျော်ရွှင်မှုကို သင်္ကေတပြုပေအံ့။

ဘဝတွင် အကျိုးမဲ့ ဖြစ်ထွန်းရခြင်း၊ စိတ်ပျက် အားလျော့ဖွယ် ဖြစ်ထွန်းရခြင်းဖြင့် အဖန်တလဲလဲ ဖြစ်ပေါ်ရမည့်အစား ကျွန်ုပ်သည်

http://www.cherrythitsar.org



သေခြင်းကိုသာ နှစ်သက်ပါ၏။

အချစ်နှင့်အလှကို ထာဝစဉ် မွတ်သိပ်နေခြင်းကိုသာ ကျွန်ုပ် အလို ရှိ၏။ ယခုကား ပေးကမ်းရက်ရောမှု တစ်ခုတည်းသာ ပိုင်ဆိုင်ရခြင်းသည် အကျိုးမဲ့ ဘဝ၊ သနားဖွယ် ဆင်းရဲဒုက္ခဘဝပါတကားဟု ကျွန်ုပ် နားလည် သဘောပေါက်ရပါလေပြီ။ ချစ်သူတို့၏ သက်ပြင်းချသံတို့သည် စောင်း ငြင်းသံထက်ပင် သာယာသေး၏ဟု ကျွန်ုပ် နားလည် သဘောပေါက်ရပါ လေပြီ။

ညသို့ရောက်သော် ပန်းပွင့်တို့သည်လည်း ဝတ်လွှာတို့၏ အချစ် နှင့် ငိုက်မျဉ်းလာကြကုန်၏။ အရုဏ်သို့ ရောက်လေသော်ကား နေမင်း၏ အနမ်းဖြင့် နှုတ်ခမ်းတို့ကို ဖွင့်ဟကြပါလေကုန်၏။ တိမ်လွှာတို့ဆီမှ အမှုန် တို့သည် အလျင်အမြန် ရောက်လာကြကာ ထွက်ခွာသွားကြပါလေကုန်၏။

ဘဝပန်းပွင့်တို့သည် မျက်ရည်စများနှင့် ရယ်မောသံတို့ ဖြစ်ကုန် သော အလိုပြည့်ခြင်းနှင့် ငြိမ်းချမ်းခြင်းကို မျှော်လင့်လေသည်။
ရေသည် ပျောက်ကွယ်၍ တိမ်လွှာဖြစ်သည်အထိ ပျံတက်သွား ပြီး တောင်ကုန်းများနှင့် ချိုင့်ဝှမ်းများပေါ်၌ စုမိကြပါလေသည်။ ယင်းတို့ သည် လေညင်းကိုတွေ့လေသော် လယ်ကွင်းများပေါ်သို့ ရွာကျသည်လည်း ရှိ၏။ အချို့သည်မူ ချောင်းမြောင်းတို့နှင့် ဆုံစည်းမိကာ တေးသံကိုဆို၍ ပင်လယ်တူရူသို့ ရှေးရှု စီးဆင်းကြပါလေကုန်၏။

ဘဝတိမ်လွှာတို့သည် နှုတ်ဆက်စကားဖြစ်ပြီး ဘဝ၏ ဆုံစည်း ခြင်းလည်း ဖြစ်ပါ၏။ ဤသည်ပင် မျက်ရည်စများနှင့် ရယ်မောသံပေ တည်း။

ဤသို့လျှင် ဝိညာဉ်သည် ခန္ဓာကိုယ်မှ ခွဲခွာ၍ ရုပ်ကမ္ဘာ အတွင်း သို့ ရောက်လာကာ ကြေကွဲမှု ချိုင့်ဝှမ်းပေါ်၌ ဖြတ်သန်းပြီး ပျော်ရွှင်မှု တောင်များပေါ်မှ ဖြတ်သန်းလျက် သေခြင်းတည်းဟူသော လေညင်းနှင့်

http://www.cherrythitsar.org



တွေ့ဆုံ၍ မူလနေရာဖြစ်သည့် အတောမသတ်နိုင်သည့် အချစ်နှင့် အလှတည်းဟူသော သမုဒ္ဒရာအတွင်း သို့ရောက်ကြရလေကုန်၏။ ဤသည်ပင် ဘုရားသခင်ပေတည်း။

**ကာလီဂျီဗရန်း**

# ဖန်ဆင်းခြင်း

ဘုရားသခင်သည် ဝိညာဉ်ကို ထုတ်ပယ်၍ အလှအဖြစ် ဖန်ဆင်းတော်မူ၏။ ဘုရားသခင်သည် အလှအပေါ်၌ ကရုဏာတော်နှင့် ကျက်သရေမင်္ဂလာ အဖြာဖြာကို သွန်းလောင်းတော်မူ၏။

ထို့နောက် ဘုရားသခင်သည် ပျော်ရွှင်မှု ယမကာခွက်ကို ကမ်းလင့်၍ 'သင်သည် အတိတ်နှင့် အနာဂတ်ကို မမေ့ပျောက်ပါက ဤခွက်မှ ယမကာကို အခိုက်အတန့်မျှသော ပျော်ရွှင်မှု သက်သက်မျှဖြင့် မသောက်သုံး ပါလင့်' ဟု မိန့်ပါ၏။ တစ်ချိန်တည်းမှာပင် ကိုယ်တော်သည် ကြေကွဲမှု ယမကာကို ကမ်းလင့်၍ 'သင်သည် ဤ ယမကာကို သုံးဆောင်ပါလေ။ သင်သည် ဘဝ၏ ပျော်ရွှင်မှုကာလတို့ ထွက်ခွာသွားသည့် သဘောနှင့် ရှိမြဲ ကြေကွဲမှုတို့ကို သင် နားလည် သဘောပေါက်လာပါပေအံ့' ဟု မိန့်ပါလေသည်။

ဘုရားသခင်သည် ကမ္ဘာမြေသို့ ရောက်လာရသည့် အတွက်

http://www.cherrythitsar.org



ကျေနပ်မှုဖြင့် သက်ပြင်းပင့်ထုတ်သော အလှအပပေါ်၌ အမြဲတမ်း စွန့်ခွာသွားအံ့သော အချစ်ဖြင့် ပေးသနားတော်မူပေအံ့။ တစ်ဆက်တည်းပင် အလှကို မြှောက်ပင့်ခြင်း၌ သတိမူမိသည်နှင့် ပျောက်ကွယ်သွားအံ့သော ချို့မြိန်မှုတို့လည်း ချီးမြှင့်တော်မူပါပေအံ့။

ထို့ပြင်လည်း ဘုရားသခင်သည် အလှတရားကို အားလုံးသော အမှန်လမ်း တူရှုသို့ ရှေးရှုမည့် ကောင်းကင်ဘုံက အသိဉာဏ်ပညာတို့ကို ပေး၍ နှလုံးသား၏ အနက်ရှိုင်းဆုံး အပိုင်း၌ မမြင်သာအောင် တည်စေပြီးနောက် အရာရာတို့ကို ကောင်းကျိုးပြုစေခြင်းနှင့် ဟန်ဆောင်ခြင်းတို့ကိုလည်း ချီးမြှင့်တော်မူပါပေအံ့။ ကိုယ်တော်သည် အလှတရားအား သက်တံစွမ်းအားဖြင့် ကောင်းကင်ဘုံ၌ နတ်တမန်တို့ ဖန်ဆင်းအပ်သော မျှော်လင့်ခြင်း ဝတ်စုံဖြင့် ဆင်ယင်တော်မူပါပေအံ့။ ထို့ပြင် ဘဝ၏ အရုဏ်ဖြစ်သည့် အလင်းရောင်လည်း ဖြစ်သော ရှုပ်ထွေးပွေလီလှသည့် အရောင်ဖြင့် လွှမ်းခြုံတော်မူပါပေအံ့။

ထို့နောက်တွင်ကား ကိုယ်တော်သည် ဒေါသမီးလင်းဖိုမှ လောင်မြိုက်နေသော မီးလျှံနှင့်အတူ မသိနားမလည်မှု သဲကန္တာရမှ ခြောက်သွေ့လေပြင်း၊ ကိုယ်ကျိုးကြည့် ကမ်းခြေမှအရာရာကို ခုတ်ဖြတ်သွားနိုင်စွမ်း သောသဲပြင်၊ နှစ်ကာလ ကြာမြင့်စွာ ခြေဖဝါးအောက်ရောက်ခဲ့ပြီး မြေကြီးတို့ကို ပေါင်းရုံးလျက် ယောကျ်ားအဖြစ် ဖန်ဆင်းတော်မူခဲ့ပါလေ၏။ ကိုယ်တော်သည် ယောကျ်ားသားအား အလိုဆန္ဒ ပြီးပြည့်စုံခြင်းမတိုင်မီ ကလေးတွင် ပျောက်ကွယ်သွားနိုင်စွမ်းသော ဒေါသနှင့် အရူးအမူး ဖြစ်စေနိုင်သည့် အသိအမြင် စွမ်းပကားကို သေသည်၏ အခြားမဲ့ကာလသို့ တိုင်အောင် ပေးအပ်ပါလေ၏။

ထို့နောက် ကိုယ်တော်သည် ရယ်မောငိုကြွေးပါလေ၏။ ကိုယ်တော်သည် အချစ်၏ လွှမ်းမိုးခြင်းကို ခံစား သိတော်မူသည်နှင့်

http://www.cherrythitsar.org



ယောက်ျားသားအား သနားကြင်နာတော်မူသောကြောင့် သူ၏ လမ်းညွှန်ဦးဆောင်မှု အရိပ်၌ ခိုလှုံစေပါသတည်း။

❖

# ကျွန်ုပ်အား ကရုဏာထားပါလေ
# ကျွန်ုပ်၏ဝိညာဉ်

– သင် အဘယ်ကြောင့် ငိုကြွေးရပါဘိသနည်း
ကျွန်ုပ်၏ ဝိညာဉ်။

– ကျွန်ုပ်၏ အားနည်း ပျော့ညံ့မှုကို သင် သိပြီ မဟုတ်လော။
သင်၏ မျက်ရည်စတို့ကား အထိနာ၊ အန္တရာယ်ပြုကြပါကုန်
၏။
ကျွန်ုပ် မမှားသည်ကို ကျွန်ုပ် သိ၏။
သင်သည် မည့်သည့်ကာလအထိ ငိုကြွေးပါအံ့နည်း။
ကျွန်ုပ်တွင်
သင့် အိပ်မက်၊ သင့် ဆန္ဒ၊ သင့် လမ်းညွှန်မှုကို
အနက်ပြန်စွမ်းသော စကားလုံးတို့မှ အပ

http://www.cherrythitsar.org



အခြား ဘာမျှ မရှိ။

– ကျွန်ုပ်အား အမှတ်ထားကြည့်ရှုပါလေ ကျွန်ုပ်၏ဝိညာဉ်။
ကျွန်ုပ်သည် သင်၏ သင်ပြမှုဖြင့်
ဘဝတစ်ခုလုံး ကုန်ဆုံးစေခဲ့ပါလေပြီ။
ကျွန်ုပ် မည်သို့ ခံစားရမည်ကို တွေးကြည့်ပါလေ။
သင့် နောက်ကို လိုက်ရင်း
ဘဝသည် ပင်ပန်းနွမ်းနယ် ခဲ့ရပါလေပြီ။

– ကျွန်ုပ်၏ နှလုံးသားသည်
ပလ္လင်ရှေ့၌ ကျက်သရေ တင့်စေခဲ့ငြား
ယခုကား
ကျွန်ဘဝဖြင့် ထမ်းပိုးတပ် ခံနေရပါတကား။
ကျွန်ုပ်၏ သည်းခံတရားသည် အဖော်ကောင်း ဖြစ်ခဲ့ပါ၏။
သို့သော် ယခုမူ ကျွန်ုပ်ကို ဆန့်ကျင်လာခဲ့လေပြီ။
ကျွန်ုပ်၏ လူငယ်ဘဝသည် မျှော်လင့်ချက်၊
သို့သော် ကျွန်ုပ်၏ လျစ်လျူရှုမှုကို ပြစ်တင်မိလေပြီ။

– ကျွန်ုပ်၏ ဝိညာဉ်၊
အဘယ်ကြောင့် အခါမလပ် တောင်းဆိုပါဘိသနည်း။
ကျွန်ုပ် ပျော်ရွှင်မှုကို ကျွန်ုပ်က ငြင်းပယ်ကာ
သင် တိုက်တွန်းသည့်အလျောက်
သင့်နောက် လိုက်ပါရင်း
ဘဝ ပျော်ရွှင်မှုကိုလည်း စွန့်ခွာလာခဲ့ရလေပြီ။

http://www.cherrythitsar.org



ကျွန်ုပ်အား တရားသဖြင့် ဆက်ဆံပါဘိ၊
မဟုတ်လျှင်ကား သေမင်းကိုသာ ခေါ်ပါလေ။
သင်၏ ဂုဏ်ကျက်သရေသည် တရားမျှတမှု ဖြစ်ပါသည်။
ကျွန်ုပ်အား ထိပ်တုံးခတ်ထားရာမှ ဖြေပါလေ။

– ကျွန်ုပ်အား ကရုဏာထားပါလေ ကျွန်ုပ်၏ ဝိညာဉ်။
ကျွန်ုပ် သယ်ပိုး မစွမ်းနိုင်သည့်တိုင်အောင်
သင်သည် အချစ်ဝန်ထုပ်ကို
ကျွန်ုပ်ကိုယ်ပေါ်သို့ တင်ပေးပါလေ၏။
သင်နှင့် အချစ်တို့ကား ခွဲခြား မရပါလေ။
ရုပ်ဝတ္ထုနှင့် ကျွန်ုပ်တို့ကား
ခွဲခြားမရသော အားနည်း ပျော့ညံ့မှုပါတည်း။
ကျွန်ုပ်တို့သည်ကား အားသာခြင်း၊ အားနည်းခြင်း အကြား၌
အခါမလပ် ရုန်းကန်နေရပါချေ၏။

– ကျွန်ုပ်အား ကရုဏာထားပါလေ ကျွန်ုပ်၏ ဝိညာဉ်။
သင်သည် ကျွန်ုပ် ဆုပ်ကိုင် ဖမ်းဆီးနိုင်စွမ်း၏ တစ်ဖက်၌
စည်းစိမ်ဥစ္စာတို့ကို ပြပါ၏။
သင်နှင့် စည်းစိမ်ဥစ္စာ တို့သည်ကား
တောင်ထိပ်ပေါ်၌ တည်ဘိ၏။
ကျွန်ုပ်နှင့် ဆင်းရဲဒုက္ခတို့သည်ကား
ချိုင့်ဝှမ်းတွင်းထဲ၌ စွန့်ပစ်ခံကြရလေပြီ။
တောင်နှင့် ချိုင့်ဝှမ်းတို့သည်ကား
အမြဲ ပေါင်းစည်းနေကြအံ့လော။ ။

http://www.cherrythitsar.org



– ကျွန်ုပ်အား ကရုဏာထားပါလေ ကျွန်ုပ်၏ ဝိညာဉ်။
သင်သည် ကျွန်ုပ်အား အလှကိုပြပါ၏။
သို့သော် ထိုအလှကိုပင် ဖုံးကွယ်နေပါလေသည်။
သင်နှင့် အလှတို့သည်ကား အလင်း၌ တည်ဘိ၏။
ကျွန်ုပ်နှင့် မသိနားမလည်မှုတို့သည်ကား
အမှောင်ထဲ၌ လှောင်ဖွဲ့ခံကြရကုန်၏။
အလင်းသည် အမှောင်ကို ဖုံးလွှမ်းအံ့လော။

– သင်၏ ကျေနပ်အားရမှုသည်ကား
ဆုံးခန်းတိုင်ခြင်းဖြင့် ရောက်လာပါ၏။
သင်၏ မွေ့လျော်မှုသည် ယခုမူ အစပြုလေပြီ။
သို့သော်လည်း ဤခန္ဓာကိုယ်သည်ကား
ဘဝတွင် ရှိရိုက်၌ ဘဝဖြင့် ခံစားရပါလေ၏။
ဤ ကျွန်ုပ်၏ ဝိညာဉ်သည်ကား
နားလည်ရန် ခက်ပါချေသည်။
သင်သည်ကား ထာဝရဆီသို့ အသော့နှင်ဘိ၏။
ဤ ခန္ဓာကိုယ်သည်ကား ပျက်သုဉ်းခြင်း တူရူသို့
ဖြည်းဖြည်းချင်း သွားနေဘိသည်။
သူ့ကို သင် မစောင့်ဆိုင်းပါလင့်။
သူသည် လျင်စွာ မသွားနိုင်ပါချေ။
ကျွန်ုပ်၏ ဝိညာဉ်သည် ကြေကွဲနယ်သို့ ရောက်ရပါလေပြီ။

http://www.cherrythitsar.org



– သင်ကား ကောင်းကင်ဘုံကို ဖြတ်၍ အမြင့်မှ
ဆင်းလာခဲ့ပါသည်။
သင့်တွင် ဆွဲဆောင်အားသည်လည်း ပါ ပါ၏။
သို့သော် ဤခန္ဓာကိုယ်သည်မူ
ကမ္ဘာမြေ၏ ဆွဲဆောင်အားဖြင့် ကျဆင်းလာရလေပြီ။
သင် သူ့ကို နှစ်သိမ့်မှု မပေးပါလေ။
သူကလည်း သင့်ကို တန်ဖိုးမထားပါလေ။
ကျွန်ုပ်၏ ခန္ဓာကိုယ်သည်ကား
ဆင်းရဲဒုက္ခနယ်တွင်းသို့ ရောက်ရပါ၏။

– သင်ကား အသိဉာဏ်ပညာ ကြွယ်ဝပါပေစွ။
ဤ ခန္ဓာကိုယ်သည်ကား
သိနားလည်မှု နုံချာလှပါဘိသည်။
သင်သည် ခန္ဓာကိုယ်နှင့် မညှိနှိုင်း၊
သူကလည်း သင့်အမိန့်ကို မနာခံ။
ကျွန်ုပ်၏ ခန္ဓာကိုယ်သည်ကား
အလွန်အမင်း ခံစားရပါလေပြီ။

– တိတ်ဆိတ်ည အမှောင်၌ သင်သည်
ချစ်ရသူထံသို့ ရောက်လာကာ သူ့မျက်မှောက်၌ပင်
ချို့မြိန်မှု ရသာကို ခံစားကြရပါ၏။
ဤ ခန္ဓာကိုယ်သည်ကား
မျှော်လင့်ခြင်းနှင့် ခွဲခွာခြင်း၏
ခါးသီးမှု ဓားစာခံ ဖြစ်ရပါလေပြီ။

ကျွန်ုပ်၏ ခန္ဓာကိုယ်သည်ကား
ပြင်းစွာသော ဝေဒနာဖြင့် ညှင်းပန်းခံရပါလေပြီ။

– ကျွန်ုပ်အား ကရုဏာထားပါလေ၊ ကျွန်ုပ်၏ ဝိညာဉ်။ ။

❖

http://www.cherrythitsar.org



# လူမမည် နှစ်ယောက်

မင်းသားတစ်ပါးသည် နန်းရင်ပြင်၌ ဆင့်ခေါ်ထားသည့် လူထုကြီးအား ဤသို့ မိန့်ခွန်းခြွေပါလေ၏။

"ဤ စည်ပင် ကြွယ်ဝလှစွာသော နိုင်ငံတော်အတွက် မြင့်မြတ်သော မိသားစု၏ ဂုဏ်ကျက်သရေကို ဆောင်ကြဉ်းလာပေသော မင်းသားငယ် ဖွားမြင်ကြောင်း သတင်းကို ကျွန်ုပ် ကြေညာလိုက်ပြီ ဖြစ်ရာ သင်တို့ အဖို့ ဝင့်ကြွားစွာ ဂုဏ်ယူကြပါလေ။ ဤသူငယ်ကား မိဘဘိုးဘေးတို့၏ ကြီးမြတ်မှု ဂုဏ်ကျက်သရေကို ဆောင်ကြဉ်းလာသူပေတည်း။ သို့ဖြစ်ရာ နိုင်ငံတော်၏ အနာဂတ် စည်ပင်သာယာမှုသည် ဤသူငယ်အပေါ်၌သာ တည်ပေသတည်း။ သင်တို့သည် တေးသံကို ဟစ်ကြွေး၍ ပျော်မြူးကြပါလေကုန်"

ထိုအခါ လူထုကြီး၏ ကျေးဇူးတင်တက်ကြွသော တေးသံတို့သည် ကောင်းကင်သို့တိုင်အောင် ပျံ့နှံ့သွားပါလေ၏။ စင်စစ်သော်ကား၊ လူထုကြီးသည် တရားမဲ့သော အားနည်းပျော့ညံ့မှု၊ ခါးသီးသောအာဏာ

http://www.cherrythitsar.org



ဖြင့် လူထုအားထမ်းပိုးတပ်ပြီး လူထု၏ခန္ဓာကိုယ်မှ သွေးစုပ်ကာ အသက် ဝိညာဉ်ကို ချေမှုန်းမည့်တရားမဲ့မင်းကို ကြိုဆိုကြခြင်းသာ ဖြစ်လေသည်။ လူထုကြီးသည် စော်ဘွားအသစ် ဖွားမြင်လာခြင်းနှင့် စော်ဘွား၏ ကျန်းမာရေးအတွက် သောက်ကြ၊ စားကြ၊ ပျော်မြူးကြကာ တေးသံတို့ကို ဟစ်ကြွေးကြပါလေသတည်း။

ထိုနိုင်ငံ၊ ထိုကာလမှာပင် အခြားသော ကလေး တစ်ယောက်သည်လည်း ဖွားမြင်လာခဲ့ပါ၏။ လူထုကြီးသည် အင်အား တန်ခိုးအာဏာကြီးလှသော မင်းသားကလေးအား ဂုဏ်ပြုရင်း မိမိတို့ကိုယ်ကို သိမ်ငယ်အောင် ပြုကျင့်ကြသောအချိန်တွင် ကောင်းကင်ဘုံက တမန်နတ်သားတို့သည် ကျွန်အဖြစ် မှီခိုနေရှာသည့် လူထုကြီး၏ ပျော့ညံ့မှုအတွက် ငိုကြွေးနေခိုက်မှာပင် မမာမကျန်းသော မိန်းမတစ်ယောက်သည်ကား အတွေးဖြန့်ကျက်နေလေ၏။ ထိုမိန်းမသည် အိုမင်းဟောင်းနွမ်းကာ လူသူ စွန့်ပစ်ထားခဲ့ပြီး တဲပုတ်အတွင်း အနီးစုတ်များဖြင့် ရစ်ပတ်ထားသည့် မွေးကင်းစကလေးငယ်၏ဘေး ကြမ်းတမ်းခက်တရော်လှသည့် အိပ်ရာပေါ်၌ အစာပြတ်ကာ သေလုဆဲ ဖြစ်နေလေသည်။ ထိုမိန်းမကား လူသားချင်း မစာနာ၍ ဆင်းရဲပင်ပန်းကြီးစွာဖြင့် ဒုက္ခရောက်နေရရှာသော မိန်းမတစ်ယောက်ဖြစ်လေ၏။ သူ၏ခင်ပွန်းမှာ အုပ်ချုပ်သူမင်းသား၏ ဖိနှိပ်ချယ်လှယ်မှုဖြင့် ချစ်စွာသောဇနီးကို စွန့်ခွာခဲ့ရပြီးနောက်၊ ဘုရားသခင်သည် ထိုမိန်းမ အတွက် အရာမရောက်၊ အားမထားထိုက်သော ကလေးငယ်တစ်ယောက် ပို့ဆောင်ပေးခဲ့ခြင်း ဖြစ်လေ၏။

လူထုသည် နန်းရင်ပြင်ရှေ့မှ ထွက်သွားလေလျှင် ထို ပတ်ဝန်းကျင်သည် ပြန်လည် တိတ်ဆိတ်သွားပါလေ၏။ ထိုအခါ ဆင်းရဲနွံ့ချာလှစွာသော မိန်းမသည် သားငယ်ကို ပေါင်ပေါ်သို့တင်၍ ကလေးငယ်၏ မျက်နှာကိုစိုက်ကြည့်ရင်း သားအား ရေသွန်းမင်္ဂလာ ကျင်းပသည့်အလား

http://www.cherrythitsar.org



မျက်ရည်များ သွန်ကျလာပါလေ၏။ မိန်းမသည် ငတ်ပြတ် မွတ်သိပ်နေသည့်လေသံဖြင့် သားငယ်အား၊

"သားရယ်၊ လူကလေးဟာ အမေ၏ ဤလောကဒုက္ခ ဝေဒနာများကို မျှယူခံစားရန် ဤလောကသို့ ရောက်လာခဲ့ပါသလော။ သင်သည် အဘယ်ကြောင့် ကျယ်ပြန့်ခိုင်မာလှစွာသော ကောင်းကင်ဘုံနှင့် တမန်တော်တို့ကို စွန့်ခွာ၍ ဤ ဒုက္ခအပေါင်းနှင့်ပြွမ်းတီးရာ ဖိနှိပ်မှုအမျိုးမျိုး၊ ဝေဒနာအဖုံဖုံ များလှစွာသော၊ နှလုံးသားကင်းမဲ့လှစွာသော လူ့ဘုံသို့ ရောက်လာရပါသနည်း။ မေမေ့အဖို့ရာကား လူကလေးအား မျက်ရည်မှအပ အခြားဘာမျှ ပေးစရာမရှိပါလေ လူကလေး။ နို့အစား လူကလေးသည် မျက်ရည်ဖြင့် အာဟာရပြည့်ပါအံ့လော။ လူကလေးကို ဆင်မြန်းပေးရန် ပိုးထည်ဟူ၍လည်း အမေ့တွင် မရှိပါ။ လူကလေးသည် ကိုယ်လုံးတီးဘဝဖြင့် ခိုက်ခိုက်တုန်ရအံ့လော။ တိရစ္ဆာန်ငယ်များသည် စားကျက်သို့ သွား စားသောက်ပြီး တင်းကုပ်သို့ ပြန်လာကြပါသည် လူကလေး။ ငှက်ကလေးတွေသည်လည်း သစ်စေ့ကလေးများကိုကောက်စားပြီး သစ်ပင်ကိုင်းတွေအကြား ငြိမ်သက် အေးချမ်းစွာ အိပ်ကြရပါ၏။ သို့သော်လည်း လူကလေးကတော့ ဒုက္ခိတအမေ့ဆီက အချစ်ကလွဲပြီး ဘာမျှမရနိုင်ပါဘူးကွယ်" ဟု ပြောလိုက်ပါသည်။

ထိုနောက်တွင် မိန်းမသည် လူမမည်ကလေးအား ကြုံလှီသော ရင်သားကြား၌ နှစ်ကိုယ့်တစ်ကိုယ်အဖြစ် ရှေးနည်းအတိုင်း ပွေ့ဖက်လိုက်သည်။ မိန်းမသည် အလျှံညီးညီးတောက်သော မျက်လုံးအစုံဖြင့် ကောင်းကင်သို့ မော်ကြည့်ရင်း ငိုချလိုက်ပါ၏။

"ဘုရားသခင်၊ ကျွန်ုပ်တို့၏ စည်ပင်ဝပြောသော နိုင်ငံ၏ နိုင်ငံသားတို့အပေါ်၌လည်း ကရုဏာထားပါလေ" ဟုလည်း ရွတ်ဆိုလိုက်ပါ၏။

ထိုစဉ်မှာပင် လဝန်းပေါ်မှ တိမ်မျှင်စတို့သည် ရွေ့လျားပြီး

http://www.cherrythitsar.org



အလင်းရောင်သည် ကွယ်လွန်သူ သားအမိနှစ်ယောက် အပေါ်သို့ ကျဆင်းလာပါသတည်း။

❖

စာအုပ်တိုက်

# အချစ်ဘဝ

## နွေဦး

လာလော့ အချစ်၊
တို့များ တောင်ပူစာတွေကြားမှာ
လမ်းလျှောက်ကြပါစို့။

နှင်းသည် ရေဖြစ်သွားပြီး
သူ၏ ငိုက်မျဉ်းနေခြင်းမှ ရှင်သန်မွေးဖွားလာကာ
တောင်ကုန်းများ၊ ချိုင့်ဝှမ်းများကြားတွင်
လှည့်လည် သွားလာကြပါစို့။

http://www.cherrythitsar.org



တို့များသည်
နွေဦးခြေရာနောက်ကို လိုက်၍
ဟိုး အဝေး၊ ယာခင်းများသို့ သွားပြီး
ကွင်းပြင်စိမ်းတို့ အထက်၊
စိတ်လှုပ်ရှားမှုကို ရစေသည့်
တောင်ထိပ်များသို့ တက်ကြပါစို့။

နွေဦးအရုဏ်သည်
ဆောင်းဝတ်လွှာကို ချွတ်လိုက်ပြီး
မက်မွန်ပင်နှင့် သံပရာမျိုးအပင်တို့အပေါ်သို့
တင်လိုက်လေပြီ၊
ကေဒါညခင်း မင်္ဂလာပွဲသို့ ရောက်လာသော
သတို့သမီးများနှယ် ပေါ်ပေါက်လာကြကုန်၏။

ချစ်သူတို့အလား စပျစ်နွယ်တို့သည်လည်း
ပွေ့ဖက်ကြကာ
ချောင်းရေတို့သည် ကျောက်တုံးများကြား၌
ကခုန်မြူးထူးလျက်
အပျော်တေးများကို ထပ်ဖန်တလဲလဲ ဆိုလျက်
စီးသွားကြကုန်၏။

သဘာဝ နှလုံးသည်းပွတ်မှ ပန်းငုံဖူးတို့သည်
ပင်လယ်ပြင်နှလုံးသည်းပွတ်မှ ရေမြှုပ်ကလေးများပမာ
ရုတ်ခြည်းပင် ပွင့်လာကြပါလေပြီ။

http://www.cherrythitsar.org



လာလော့ အချစ်၊
ဆောင်းနှောင်း၏ နောက်ဆုံးသောက်ဖွယ်ကို
နှင်းပန်းခွက်များမှ ခပ်ယူသောက်သုံး၍
ငှက်ကလေးတို့၏ တေးဂီတဖြင့်
တို့များ၏ စိတ်နှလုံးကို ငြိမ်းအေးစေပြီး
ထုံယစ် လေညင်းကို ဖြတ်သန်း၍
ဝမ်းပန်းတသာ လွင့်တက်ကြပါစို့။

ပြာလဲ့ ပန်းပွင့်ကလေး ပုန်းကွယ်နေရာ
ကျောက်တုံးဘေးမှာ ထိုင်၍
သူတို့၏ အနမ်းချိုများ လမ်းကြောင်းသို့ လိုက်ကြပါစို့။

~ ~ ~

# နွေ

လာလော့ အချစ်၊
ကောက်ရိတ်ချိန် နီးလာပြီ ဖြစ်၍
သီးနှံတို့လည်း နေရောင်ဖြင့် မှည့်ကြပြီဖြစ်ရကား
တို့များ
ယာခင်းတွင်းသို့ သွားကြပါစို့။

နှလုံးသား၌ စိုက်ပျိုးအပ်သော အချစ်မျိုးစေ့တို့မှ

ပျော်ရွှင်မှု အသီးအနှံတို့ကို
စိတ်ဓာတ်အားဖြင့် အာဟာရဖြစ်စေသကဲ့သို့
မြေအပြင်မှ အသီးတို့ကို
တို့များ
ကြည့်ရှု စောင့်ရှောက်ကြပါကုန်အံ့။

တို့၏ အတောမသတ်နိုင်သော
ရက်ရောမှုနှလုံးသား ပိုင်နက်တွင်းသို့
ဘဝက
အကန့်အသတ်မဲ့ ဖြည့်စွမ်းပေးသကဲ့သို့
သဘာဝအသီးတို့ဖြင့်
ကျွန်ုပ်တို့၏ ပုံးများကို ဖြည့်ကြပါစို့။

တို့များသည် ပန်းများကို အိပ်ရာခင်းကြပြီး
ကောင်းကင်ကို ခြုံစောင်ပြုလျက်
နူးညံ့သော ကောက်ရိုးခေါင်းအုံးထက်၌
ယှဉ်တွဲအိပ်စက်ကြပါစို့။

အပန်းတကြီး ရှန်းကန်လှုပ်ရှားခဲ့ရသော
နေ့တာ အလွန်တွင်
အနားယူကာ
စမ်းရေစီး၏ မရပ်မနား ညည်းတွားသံကို နာခံပါစို့။

~ ~ ~

http://www.cherrythitsar.org



# ဆောင်းဦး

စပျစ်နွယ်များမှ စပျစ်သီးများကို
တို့များ သွားခူးကြပါစို့။

စပျစ်ရည်ကို ညှစ်ထုတ်ပြီး
အိုးများတွင် သိုလှောင်ကြပါစို့။

ပမာသော်ကား သုတပညာကို ထာဝရအိုးတွင်း၌
နှစ်ရှည်လျားစွာ သိုလှောင်သည်သို့တည်း။

ကိုယ်တို့ရိပ်သာ ဂေဟာဆီသို့ ပြန်ကြပါစို့။

နှင်းပွင့်လွှာက ရော်ရွက်ဝါကို ခြွေချ၍
ပွင့်ရော်တို့ကို ခွာချပြီး
နွေဦးတမ်းချင်းတေးကို တီးတိုးဆိုပါလေပြီ။
အိမ်သို့ လှမ်းခဲ့ပါလေ၊ ထာဝရ ချို့သည်း။

ငှက်တို့သည်
အေးစိမ့်ခြင်း၏ ဆိတ်ငြိမ်မှုဝေဒနာကို စွန့်ခွာ၍
နွေးထွေးရာဆီသို့ ဘုရားဖူး ထွက်ခွာကြလေပြီ။
စံပယ်ဖြူဖွေးတို့၌ မျက်ရည်စ မရှိတော့ပါပေ။

http://www.cherrythitsar.org



ရေစီးချောင်းလည်း မောပြီဖြစ်၍
တေးသံ ဆိတ်လေပြီ။

တို့များလည်း
အနားယူကြပါစို့။

ပလုံစီ စမ်းရေ တသွင်သွင်သည်လည်း
မျက်ရည်စဲလေပြီ။

သတိကြီးလှသော တောင်ကုန်းအိုတို့သည်လည်း
သူတို့၏ ရောင်စုံဝတ်စုံများကို
သိမ်းဆည်းကြလေပြီ။

အချစ်ရေ၊
လာပါလေတော့။

သဘာဝသည်
ပင်ပန်းနွမ်းလျပြီဖြစ်၍
သူ၏ စိတ်အားထက်သန်မှုကို နှုတ်ခွန်းဆက်ကာ
ဆိတ်ငြိမ်မှုဖြင့် ရောင့်ရဲခြင်းတေးကို ဆိုညည်းလေပြီ။

~ ~ ~

http://www.cherrythitsar.org



# ဆောင်း

ကိုယ့်အပါးသို့ တိုးပါလေ
ကိုယ့်တစ်ဘဝလုံး၏ အဖော်မွန်၊
ကိုယ့်အပါးသို့ တိုးပါလေ။

ဆောင်းအတွေ့သည်
ကိုယ်တို့နှစ်ဦးကြားသို့ မဝင်ပါစေနှင့်။

မီးလင်းဖိုရှေ့ ကိုယ့်အပါးမှာ ထိုင်ပါလေ။

ဆောင်း၏ အသီးအပွင့်ကား မီးလျှံပါတည်း။

ကိုယ့်အား
နှလုံးသား၏ ဂုဏ်ကျက်သရေကို
ဖွင့်ဆိုပြပါလေ။

နှလုံးသားသည်
တံခါးပိတ်ဘက်ရှိ
အရပ်အားလုံးတို့ထက်
ကြီးမြတ်လှပါဘိတောင်း။

ကောင်းကင်ဘုံက ဒေါသမျက်နှာထားသည်
ကိုယ့်စိတ်ဓာတ်ကို ကျဆင်းစေသည် ဖြစ်သောကြောင့်
တံခါးကို
အလုံအခြုံ ပိတ်ပါလေတော့။

နှင်းပွင့်ဖြူဖွေးသောကွင်းပြင်၏ မျက်နှာပြင်သည်
ကိုယ့်ဝိညာဉ်ကို ငိုကြွေးစေပါလေ၏။

မီးအိမ်ကို ဆီဖြည့်၍ အလင်းကို ဖြာစေပြီး
သင့်အပါးမှာ ထားပါလေ။

သို့မှသာ
သင့်ဘဝပြင်ကို ထင်ဟပ်သော သင့်မျက်နှာပြင်ကို
ကျွန်ုပ်သည် မျက်ရည်စတို့နှင့် ဖတ်နိုင်ပေလိမ့်မည်။

ဆောင်းဦးအရက်ချိုကို ယူလာပါလေ။

တို့များ
အတူသောက်သုံးရင်း
နွေဦး အကြောင့်ကြမဲ့ ပျိုးကြဲခြင်း အမှတ်တရတေးနှင့်
နွေကာလ စိုက်ခင်းကြည့်တေး၊
ဆောင်း ကောက်သိမ်း ဆုလာဒ်တေးတို့ကို ဆိုကြပါစို့။

ကိုယ့်အပါးသို့ တိုးပါဘိ၊ ကိုယ့်ဘဝ အချစ်ကလေး။

စာအုပ်တိုက်

http://www.cherrythitsar.org



မီး၏ အနွေးရှိန်သည်
ပြာပုံအောက်သို့ ပြေးဝင်ပါလေပြီ။

ကိုယ်
အထီးကျန် မနေဝံ့ပါသဖြင့်
ကိုယ့်ကို ထွေးပိုက်ပါလေ။

မီးအိမ်သည် မှုန်ရီစ ပြုလေပြီ။
ကိုယ့်တို့ ညှစ်ထုတ်ခဲ့သော အရက်ချိုကြောင့်
မျက်လုံးတို့ပင် မှေးလာကြပေပြီ။

မျက်လုံးတွေ မမှိတ်မီ
တစ်ယောက်ကို တစ်ယောက် ကြည့်ကြပါစို့။

သင့်ရင်ခွင်၌ ထွေးပိုက်ပါဘိ။

ငိုက်မျဉ်းလာလျှင်
ဝိညာဉ်နှစ်ခုကို တစ်ခုအလား
အမှတ်ထားကာ
ပွေ့ဖက်ပါလေတော့။

ဆောင်းသည် အနမ်းတို့မှအပ
အရာခပ်သိမ်းကို ချေဖျက်လေသောကြောင့်
ကိုယ့်အား နမ်းပါလေ အချစ်ရေ။

http://www.cherrythitsar.org



ကိုယ့် အပါးသို့ တိုးပါလေ၊
ကိုယ်အမြဲတမ်း ငိုက်မျဉ်းရခြင်းကား
မဟာသမုဒ္ဒရာနှယ် နက်ရှိုင်း ကျယ်ဝန်းပါဘိတောင်း။

အရဏ်သည်ကား မြန်ဆန်လှပေစွ။

❖

စာအုပ်တိုက်

http://www.cherrythitsar.org

# စီးပွားဂေဟာ

နှမ်းလျှ ကိုယ့်နှလုံးသားသည် စီးပွားဂေဟာသို့ ထွက်ခွာရန် ကိုယ့်အား နှုတ်ဆက်စကား ဆိုပါလေပြီ။ သူသည် ဆုမွန်ကောင်း သွန်းလောင်းရာ၊ ပူဇော်ဝတ်ပြုရာ မြတ်သောမြို့တော်သို့ ဝင်လာပြီးနောက် စိတ်ကူးဖြင့် မှန်းဆခဲ့သမျှတို့ကို မတွေ့ရသောကြောင့် ဟိုသည် လျှောက်နေမိပြန်လေသည်။ မြို့တော်သည်ကား တန်ခိုး၊ အာဏာ၊ ငွေကြေး အရှိန်အဝါဟူ၍ ဘာမျှ မရှိပါချေ။

ကိုယ့်နှလုံးသားသည် အချစ်၏ သမီးပျိုအား “ကိုယ်ကြားသိခဲ့ရပြီး ဖြစ်သည်နှင့်အညီ ရောင့်ရဲမှုသည် သင်နှင့် ဆုံစည်းပေါင်းစပ်လာအံ့ ဟု သိရပါသော်လည်း ယခုကား ကိုယ်သည် ရောင့်ရဲမှုကို အဘယ်မှာ ရှာရ အံ့နည်း အချစ်”ဟု ပြောလိုက်ပါ၏။

အချစ်၏ သမီးပျိုကား ဤသို့ ပြန်ကြားပါလေ၏။

“ရောင့်ရဲမှုသည် လောဘနှင့် ဖောက်ပြန်မှုလွှန်ကဲရာ မြို့တော်သို့

http://www.cherrythitsar.org



သွား၍ တရားဟောပါလေပြီ။ ကျွန်ုပ်တို့အဖို့ရာကား အလိုမရှိတော့ပါလေ”

ရောင့်ရဲမှုဟူသည် မြေသားဆန်သော မျှော်လင့်ချက် ဖြစ်ပေရာ စီးပွားဥစ္စာအဖို့ မျှော်လင့်၍ မရနိုင်ပါပေ။ စီးပွားဥစ္စာသည် အရာဝတ္ထုများကို လိုချင်တပ်မက်ခြင်းဖြင့် ပိုက်ထွေးထားပေရာ ရောင့်ရဲမှုသည်ကား နှလုံးသား ခံစားချက် မည်ပေ၏။

ထာဝရ ဝိညာဉ်သည် မြောက်စားမှုကို ရှာဖွေနေသည် ဖြစ်လေရာ ရောင့်ရဲမှုကို မည်သည့်အခါမျှ တွေ့မည်မဟုတ်ပေ။

ကိုယ့်နှလုံးသားသည်မူ အလှဘဝကို အမှတ်ထားကာ၊

“သင်ကား အသိအားလုံးကို ဖန်တီးသူ ဖြစ်ပေ၏။ သင်သည် မိန်းမသားတို့၏ လျှို့ဝှက်မှု ဟူသမျှကို ကိုယ့်အား အလင်းရောင်ဖြင့် ပြပါပေ၏”ဟု ပြောလေသော် သူက ဤသို့ ဖြေပါ၏။

“အို လူ၏ နှလုံးသား၊ မိန်းမဟူသည်ကား သင်၏ ရောင်ပြန်ပင် ဖြစ်ချေ၏။ သင် မည်သို့ ဖြစ်စေကာမူ မိန်းမသည်လည်း သင့်နည်းတူ ဖြစ်ပေ၏။ သင်ရှိသမျှ နေရာတိုင်းတွင် မိန်းမသားသည်လည်း ရှိပေ၏။ မိန်းမသားကို မသိနားမလည်မှုဖြင့် အနက်မပြန်ပါက မိန်းမသားတို့သည် ကိုးကွယ်ရာ ဘာသာတရားနှင့်လည်း တူ၏။ တိမ်တိုက် မဖုံးလွှမ်းပါက လည်း လပြည့်ဝန်းနှင့် တူပေ၏။ အညစ်အကြေးဖြင့် အဆိပ်မလွှမ်း ပါကလည်း လေညင်းနှင့် တူပါပေသည်”

ကိုယ့်နှလုံးသားသည် အချစ်၏သမီးနှင့် ထပ်တူဖြစ်သော အသိ ဆီသို့ ရှေးရှု၍ ဤသို့ဆိုပါ၏။

“ကိုယ့်အား အများနှင့်ဝေငှသုံးစွဲနိုင်ရန် အသိဉာဏ်ပညာကို ချီးမြှင့် ပါလေ”

သူကမူ ဤသို့ တုံ့ပြန်ပါ၏။

“အသိဉာဏ်ပညာကို မပြောပါလင့်၊ စီးပွားဥစ္စာအစစ်အမှန်ကိုသာ

စာအုပ်တိုက်

http://www.cherrythitsar.org



ပြောပါလေ။ စီးပွားဉစ္စာဟူသည် ပြင်ပမှလာခြင်း မဟုတ်မူဘဲ ဘဝ၏ အမြတ်တကာတို့ အနက် အမြတ်ဆုံးမှ အစပြုသည်ဖြစ်လေရာ သင်သည် အများနှင့် မျှဝေသုံးဆောင်နိုင်ပါ၏ ”

❖

http://www.cherrythitsar.org

# လှိုင်း၏ တေးသံ

– ခိုင်ကျည်သော ဆိပ်ကမ်းသည် ကိုယ့်အချစ်၊
ကိုယ်ကား
သူ၏ ချိုသည်း။

အဆုံးတွင်ကား
ကိုယ်တို့သည် အချစ်ဖြင့် ပေါင်းစည်းမိကြပြီး
သူ့အပါးမှ
ကိုယ့်ကို ဆွဲခေါ်ခဲ့ပါ၏။

ကိုယ်သည်
သူ့ထံသို့ အသော့လျင်စွာ လာခဲ့ပြီး
နှုတ်ဆက်စကား အဖန်ဖန်ဆို၍
မခွာချင့် ခွာချင် ခွဲခွာခဲ့ပါလေ၏။

http://www.cherrythitsar.org



– ကိုယ်သည်
သဲပြင်ထက် ရွှေရောင်အမြုပ်များပေါ်သို့
အပြာရောင် သက်တံ့နောက်ကွယ်မှ ကျဆင်းသော ငွေရောင်ကို
ရက်ခြည်းဆောင်ယူကာ
အရာအားလုံးကို အရည်ဖျော်ပစ်လိုက်ပါလေသည်။

သူ၏ မွတ်သိပ်မှုကို ပြေငြိမ်းစေပြီး
သူက နှလုံးသားအောက်သို့ ခိုဝင်ခဲ့ပါ၏။

သူက ကိုယ့်အသံကို ညင်းပျောင်းစေပြီး
ကိုယ့် စိတ်ဓာတ်ကိုလည်း လျှော့ပေးပါလေ၏။

အရုဏ်ချိန်တွင်ကား သူကြားနာစေရန်
အချစ်စည်းမျဉ်းတို့ကို ရွတ်ဆိုလေလျှင်
သူက ကိုယ့်အား တတမ်းတတ ပိုက်ထွေး ယုယပါလေ၏။

ညချမ်းသို့ တိုင်လေသော်
ကိုယ်က မျှော်လင့်ချက်တေးကို ရွတ်ဆိုကာ
သူ့မျက်နှာပြင်ကို အညင်အသာ နမ်းလိုက်ပါ၏။

ကိုယ့် ဟန်ပန်မူရာကား
စိုးရိမ်တကြီးလည်း နိုင်ပါသည်။
မြန်လည်း မြန်ဆန်လှပါသည်။

သို့သော်ငြားလည်း တိတ်ဆိတ်သည်းခံမှုနှင့်
ဆင်ခြင်မှုတို့လည်း ပါ ပါစေ။

သူ၏ ရင်ခွင်ကျယ်က
ကိုယ့် ရပ်တည်မှုမဲ့ အဖြစ်ကို
ဖြေသိမ့်ပါစေ၏။

– ဒီရေလာလျှင်၊
ကိုယ်တို့သည်
အချင်းချင်း ချော့မြှူကြပါ၏။

ဒီရေကျသွားလျှင်ကား၊
ကိုယ်သည် သူ့ခြေရင်းကို ဦးခိုက်ကာ
ဆုတောင်းလိုက်ပါ၏။

– ကိုယ်သည်
ရေသူမတို့ ပတ်လည်၌
ကြိမ်ဖန်များစွာ လှည့်လည် ကခုန်ခဲ့ပါ၏။

သူတို့သည် ရေနက်ပိုင်းမှ ထွက်လာကြပြီး
ကိုယ့် ထွက်ဖျားမှ နေ၍
ကြယ်တို့ကို စောင့်ကြည့်ကြပါကုန်၏။

http://www.cherrythitsar.org



ကိုယ်သည်
ချစ်သူတို့၏ သိမ်ငယ်ရသောအဖြစ်အတွက်
တောင်းဆိုသံကို
ကြိမ်ဖန်များစွာ ကြားရဖူးပါ၏။

သူတို့ကို သက်ပြင်းချစေရန် ကိုယ် ကူညီခဲ့ပါ၏။

– ကိုယ်သည်
ကျောက်စိုင်ကျောက်ခဲတို့ကို
ကြိမ်ဖန်များစွာ ကျီစယ်ပြီး
ယင်းတို့ကို အပြုံးဖြင့် ပွတ်သပ်ပေးခဲ့ပါ၏။

သို့သော်လည်း သူတို့ထံမှ ရယ်သံကိုကား
ကိုယ် မရခဲ့ပါချေ။

ကိုယ်သည် ကြိမ်ဖန်များစွာပင်
ရေနစ်ဝိညာဉ်များကို သယ်ဆောင်၍
သူတို့ ချစ်သူရှိသော ကမ်းစပ်သို့ ပို့ဆောင်ခဲ့ပါ၏။

သူ့တို့အား ကိုယ့်နည်းတူ ခွန်အားကိုလည်း ပေးပါ၏။

– ကိုယ်သည်
ရေနက်ပိုင်းက ကျောက်မျက်တို့ကို ခိုးယူ၍
ချစ်သူရှိရာ ကမ်းခြေသို့လည်း ကြိမ်ဖန်များစွာ ပို့ခဲ့ပါ၏။

ကမ်းခြေတည်းဟူသော ချစ်ရသူသည်
ကျွန်ုပ်ကို ကြိုဆို၍ တိတ်တိတ်ဆိတ်ဆိတ် လက်ခံခဲ့ပါ၏။

ညအမှောင်ထုတွင်
အားလုံးသည် ငိုက်မျဉ်းမှုတစ္ဆေကို ရှာဖွေခိုက်၌
ကိုယ် ထထိုင်လျက် သီချင်းဆိုကာ၊ သက်ပြင်းချကာနှင့်
အခါမလပ် ကိုယ် နိုးနေခဲ့ပါ၏။

– အလိုလေး၊
အိပ်ချင်စိတ်က ကိုယ့်အား အားနည်းပျော့ညံ့စေခဲ့၏။

ကိုယ်ကား
အချစ်ဆန္ဒ ပြင်းပြစွာဖြင့် ချစ်ရသော သူပါတကား။

ကိုယ် နှမ်းလျလှပြီ ဖြစ်သော်လည်း
ဘယ်သောအခါမျှ သေမည်မဟုတ်ပါပေ။

❖

http://www.cherrythitsar.org

# ကဗျာဆရာ ကွယ်လွန်ခြင်းကား သူ့ဘဝပါတည်း

သဘာဝ၏ ဆွတ်ဆွတ်ဖြူနှင်းဝတ်ရုံ လွှမ်းဖြန့်ထားသော မြို့တော်ပေါ်သို့ ညအမှောင်သည် လွှမ်းခြုံထားပါလေ၏။ လူအများသည်ပင် မြောက်လေ ထိုးဖောက်လာပြီဖြစ်၍ လမ်းများကို စွန့်ခွာပြီး အနွေးအတွက် အိမ်ထဲသို့ ဝင်ခဲ့ကြပါကုန်၏။ မြို့စွန်ပိုင်းရှိ တဲတစ်လုံးမှာ နှင်းများ ထူထပ်စွာ ကျဆင်း နေသဖြင့် တဲအစွန်ပိုင်းသည် ပြိုကျလုဘနန်း ရှိလေသည်။ တဲ အတွင်း အမှောင်တစ်နေရာရှိ နုံချာနွမ်းပါးလှစွာသော အိပ်ရာထက်၌ လူရွယ် တစ်ယောက်သည် သေလုနီးပါးဝေဒနာကို ခံစားရင်း လေတွင် တဖျပ်ဖျပ် လှုပ်ခါနေသည့် မီးအိမ်မှ မှုန်ဝါးဝါးမီးစာကို စိုက်ကြည့်နေသည်။ ထိုလူရွယ် ကား တက်သစ်စ အရွယ်ဖြစ်စေကာမူ ဘဝ၏ဖိစီးခံရမှု အနေအထားမှ လွတ်မြောက်ကာ ငြိမ်းအေးရာသို့ ရှေးရှုနေသော ကာလသည် လျင်မြန်စွာ နီးကပ်လာပြီ ဖြစ်ကြောင်း ဖော်ပြနေလေ၏။ ထိုလူရွယ်၏ ဖြူရော်သော မျက်နှာပြင်ထက်တွင် မျှော်လင့်ချက် အလင်းအရဏ်သည် ယှက်ဖြာနေ၏။

http://www.cherrythitsar.org



နှုတ်ခမ်းများ၌လည်း ကြေကွဲဖွယ်အပြုံးသည် တွယ်ငြိနေ၏။ မျက်လုံးအစုံ သည်ကား ခွင့်လွှတ်ခြင်းကို ဖော်ပြနေလေသည်။ သူသည် အလည်ရောက် လာအံ့သော သေမင်းကို ကျေးဇူးတင်လှစွာဖြင့် စောင့်မျှော်နေဘိ၏။

သူကား ကြွယ်ဝစည်ပင်လှစွာသော မြို့တော်ကြီးအတွင်း၌ အငတ် ဝေဒနာကို ခံစားကာ သေဆုံးရလုနီးပါးသို့ ဆိုက်ရောက်နေသည့် ကဗျာ ဆရာတစ်ယောက် ဖြစ်လေသည်။ သူသည် ဤကမ္ဘာမြေအပြင်သို့ လူတို့၏ နှလုံးသားများကို သူ၏ နက်ရှိုင်းလှပသော အရေးအသားဖြင့် အလင်းရောင် ပေးရန် ရောက်လာရသူ ဖြစ်လေသည်။ သူသည် စိတ်သဘော မြင့်မြတ် သည့်အလျောက် သိနားလည်မှု နတ်ဘုရားမက လူတို့၏ စိတ်ဓာတ်ကို ဖြေသိမ့်ယဉ်ကျေးမှု ဖန်တီးပေးရန် စေလွှတ်လိုက်ခြင်း ဖြစ်ပေသည်။ သို့သော်လည်း၊ အလိုလေး .... သူသည်ကား မည်သူ တစ်ဦးတစ်ယောက် ထံကမျှ အပြုံးတစ်ပွင့် မရရှိပါဘဲ အေးစက်လှစွာသော ကမ္ဘာမြေမှ စွန့်ခွာရပေတော့မည်တကား။

သူကား နောက်ဆုံး ထွက်သက်ဝင်သက်ကို ရှူရှိုက်နေရသူဖြစ် လေသည်။ သူ့အပါးတွင် သူ့အဖော်ဖြစ်သော မီးအိမ်ငယ်နှင့် သူ့နှလုံးသား ခံစားချက်ကို ကမ္ပည်းတင်ထားသော ပေချပ်အချို့မှအပ မည်သည့်အရာ သည်မျှ မရှိရှာပေ။ သူသည် အကြွင်းအကျန်ဖြစ်သော အင်အားကို အားစိုက် လျက် လက်တို့ကို ပင့်မြှောက်ကာ ကောင်းကင်ဘုံတူရူသို့ ရှေးရှုဆန့်တန်း လိုက်ပါ၏။ သူ၏ မျက်လုံးအစုံသည် မျက်နှာကြက်ကို ထိုးဖောက်ပြီး တိမ်တိုက်များနောက်ရှိ ကြယ်ပွင့်များကို မြင်နိုင်ရန် မျှော်လင့်ချက်မဲ့ လှုပ်ရှားနေပါ၏။

သူ၏နှုတ်ဖျားက ဤသို့မြည်တမ်းလိုက်ပါ၏။ 'အို၊ လှပပေသော သေမင်း၊ လာလော့။ ကျွန်ုပ်သည် သင့်ကို တမ်းတပါ၏။ ကျွန်ုပ်အပါးသို့ ချဉ်းကပ်၍ အနှောင်အဖွဲ့တို့ကို သယ်ပိုးရသည်ဖြစ်သောကြောင့် ပင်ပန်း

http://www.cherrythitsar.org



နှမ်းနယ်လှပြီဖြစ်ရကား ကျွန်ုပ်ကိုယ်ပေါ်မှ အနှောင်အဖွဲ့တို့ကို ဖြေပေးပါလေ။ လာလော့ ရှင်သေမင်း၊ ကျွန်ုပ်သည် ကောင်းကင်တမန်တို့၏ စကားကို အနက်ပြန်ပေးမိလေရာ ကျွန်ုပ်၏ အိမ်နီးချင်းများက ကျွန်ုပ်အား သူစိမ်းအသွင် ဆက်ဆံခံရခြင်းမှ ကယ်တင်ပါ ရှင်သေမင်း။ အို၊ ငြိမ်းအေးလှစွာသော ရှင်သေမင်း၊ ကျွန်ုပ်သည် သူတို့နည်းတူ အားနည်းသူတို့ကို သွေးထွက်သံယို မပြုပေသောကြောင့် လူအများကပင် ကျွန်ုပ်အား အခန်းတွင်း အမှောင်ထောင့်၌ စွန့်ပစ်ထားခဲ့ကြပေရာ ကျွန်ုပ်အား ထိုလူအများထံမှ အလျင်အမြန် ကယ်တင်ပါလေ။ အို သိမ်မွေ့နူးညံ့လှစွာသော ရှင်သေမင်း၊ ကျွန်ုပ်အား ကျွန်ုပ်မိတ်ဆွေတို့က အလိုမရှိကြတော့ပြီဖြစ်၍ သင်၏တောင်ပံဖွေးဖွေးဖြင့် လွှမ်းခြုံပါလေတော့။ အို ရှင်သေမင်း၊ ချစ်ခြင်းမေတ္တာ ကရုဏာများစွာဖြင့် ထွေးပိုက်ပါဘိ။ မိခင်၏အနမ်းမျိုး၊ ညီမငယ်၏နဖူးပြင်သို့တွေ့ထိသော အနမ်းမျိုး၊ ချျသည်း၏လက်များက သိမ်မွေ့သော အတွေ့အထိများ မဟုတ်သည့် နှုတ်ခမ်းအစုံဖြင့် ကျွန်ုပ်၏ နှုတ်ခမ်းအစုံကို ထိတွေ့ပါလေ။ အို ကျွန်ုပ်၏ ချစ်လှစွာသော ရှင်သေမင်း၊ ကျွန်ုပ် အပါးသို့လာ၍ ကျွန်ုပ်ကို ဆောင်ယူပါဘိ’

ထို့နောက်တွင် သေလုဆဲ ကဗျာဆရာ၏ အိပ်ရာဘေး၌ တမလွန်အလှမျိုး၊ ထူးကဲသောအလှမျိုးကို ဆောင်သော တမန်တော်တစ်ဦးသည် ဂမုန်းပန်းကုံးကို ကိုင်လျက် ပေါ်လာပါ၏။ တမန်တော်သည် သူ့ကို ထွေးပိုက်လိုက်ပြီးနောက် သူ့မျက်လုံးအစုံကို ပိတ်လိုက်လေသော် စိတ်အာရုံအမြင်မှအပ မည်သည်ကိုမျှ မမြင်ရဘဲ ဖြစ်သွားပါလေတော့၏။ တမန်တော်သည် သူ့နှုတ်ခမ်းဖျားပေါ်၌ ထာဝရအပြုံးကို တန်ဆာဆင်အပ်သော အပြုံးတစ်ပွင့်ကို ချန်ထားခဲ့ပါလေ၏။ ထို့နောက်သော်ကား တဲကုပ်ကလေးအတွင်း၌ သူ၏ အကျိုးမဲ့ ကမ္ဘည်းတင်အပ်သော ပေချပ်များ၊ စာရွက်များမှ အပ ဘာမျှ မရှိတော့ပါပေ။

http://www.cherrythitsar.org



နှစ်ရာချီကြာမြင့်လတ်သော် မြို့တော်သူ၊ မြို့တော်သားတို့သည် မသိနားမလည်မှု ငိုက်မျဉ်းခြင်းမှ နိုးထကာ အသိပညာ အလင်းအရဏ်ကို တွေ့ကြလေလျှင် သူတို့သည် မြို့တော်၏လှပသော ဥယျာဉ်တွင်း၌ ကဗျာဆရာ၏ အမှတ်တရ ရုပ်တုကို စိုက်ထူကာ သူတို့လက်အောက်မှ လွတ်မြောက်လာသော ကဗျာဆရာ၏ အရေးအသားအတွက် ဂုဏ်ပြုချီးမြှောက်ပွဲ ပြုကြပါလေကုန်၏။ မသိနားမလည်မှုကား ရက်စက်လှပါပေ၏တကား။

❖

စာအုပ်တိုက်

http://www.cherrythitsar.org



# ငြိမ်းချမ်းရေး

သစ်ကိုင်းခက်လက်တို့ကို ကွေးညွှတ်သွားစေပြီး ယာခင်းထဲရှိ သီးနှံများအပေါ်သို့ သစ်ကိုင်းခက်လက်တို့ ညွှတ်ကျသွားစေပြီးနောက် မိုးသက်မုန်တိုင်းသည် ငြိမ်သွားပါလေ၏။ ကြွယ်ပွင့်များသည် လျှပ်စီး အကြွင်းအကျန်များအလား ထွက်ပေါ်လာကြကုန်သည်။ သဘာဝစစ်ပွဲသည် မခင်းကျင်းတော့သည့်အလား အရာခပ်သိမ်းတို့ အပေါ်သို့ တိတ်ဆိတ်ခြင်းသည် လွှမ်းဖုံးသွားပါလေ၏။

ထိုစဉ်မှာပင် မိန်းမရွယ်တစ်ယောက်သည် အခန်းတွင်းသို့ ဝင်လာပြီး သူ့အိပ်ရာဘေး၌ ဒူးထောက်ထိုင်ကာ သည်းသည်းထန်ထန် ရှိုက်ငင်ငိုကြွေးလိုက်ပါသည်။ မိန်းမ၏ နှလုံးသားသည် ခံစားမှုဝေဒနာဖြင့် လောင်မြိုက်နေပါဘိ၏။ အဆုံးတွင်ကား မိန်းမသည် နှုတ်ခမ်းကိုဖွင့်ဟကာ ဤသို့ ရေရွတ်လိုက်ပါလေသည်။

"အို အရှင်၊ သူ့အား အိမ်သို့ ဘေးကင်းရန်ကင်း ဆောင်ကြဉ်းခဲ့ပါဘိ။ ကျွန်တော်မကား မျက်ရည်များကုန်ခန်းကာ နောက်ထပ် မတောင်းပန်

http://www.cherrythitsar.org



နိုင်တော့သည်အထိ ဖြစ်ရပါလေပြီ။ မေတ္တာကရုဏာ အရှင်၊ ကျွန်တော်မ၏ သည်းခံနိုင်စွမ်းသည်လည်း ဆုံးခန်းတိုင်ရပါလေပြီ။ နှလုံးသား၏ ပိုင်ဆိုင်မှုကို ရှာဖွေရင်း ဘေးဒုက္ခအပေါင်းကိုလည်း ကြုံရပါလေပြီ။ သူ့အား စစ်သံလက်သည်းကြားမှ ကယ်တင်ပါလေ အို အရှင်။ သူကား အားအင်လျော့နည်းပြီး အားကြီးသူတို့၏ ဓားမိုးခြင်းကို ခံနေရသည်ဖြစ်ရာ အလားတူ ကရုဏာမဲ့သော သေခြင်းမှ ကယ်တင်ပါလေ၊ အို အရှင်။ အို အရှင်၊ ကျွန်တော်မ၏ ချစ်ရသူကို ကယ်တင်ပါလေ။ အရှင်၏ ရန်သူ ဖြစ်သော ရန်သူများလက်မှ အရှင့်သားတော်ကို ကယ်တင်ပါလေ။ အရှင့် သားအား သေတွင်းသို့ အဓမ္မပို့ဆောင်ရာမှ ကယ်တင်ပါလေ။ သူအား ကျွန်တော်မကို မြင်တွေ့စေပါ၊ သို့တည်းမဟုတ် ကျွန်တော်မထံသို့ ဆောင်ပို့ပါလေ”

ထိုစဉ်မှာပင် လူရွယ်တစ်ယောက်သည် အိမ်တွင်းသို့ ဝင်လာပါ၏။ သူ၏ ဦးခေါင်းတစ်ခုလုံးမှာ ပတ်တီးများဖြင့် ရစ်ပတ်လျက် ဘေးအန္တရာယ်မှ လွတ်မြောက်လာကြောင်း သိသာပါ၏။

သူသည် မိန်းမရွယ်အပါးသို့ ရောက်လာကာ မျက်ရည်စများ၊ ရယ်မောသံများဖြင့် နှုတ်ဆက်ပြီးနောက် မိန်းမရွယ်၏ လက်ကို ယူ၍ သူ၏ အလျှံညီးညီးတောက်သော နှုတ်ခမ်းပေါ်သို့ တင်ပေးလိုက်ပါ၏။ သူတို့သည် အတိတ်ဖြစ်ရပ် ကြေကွဲဖွယ်ကိုလည်း ပြောကြ၏။ ပြန်လည် ဆုံစည်းရသည့်အတွက် ဝမ်းသာကြောင်းကိုလည်း ပြောပါသည်။ မိန်းမရွယ်ကား အဖြစ်ကို မယုံနိုင်လောက်အောင် ရှိပါသည်။ ထို့ကြောင့် လူရွယ်က ဤသို့ ပြောလိုက်ပါသည်။

“ကိုယ့်ကို မကြောက်ပါလင့်၊ ကိုယ်ကား သင်တောင်းဆိုသော အရာ တည်း။ ကိုယ့်ကို သင့်ထံသို့ ငြိမ်းချမ်းစွာ ဘေးကင်းရန်ကင်း ပို့ပေးပေသော ကြောင့် သင် ဝမ်းမြောက်ပါလေတော့။ လောဘသည် ကိုယ်တို့ အပါးမှ လူ့အခွင့်အရေးကို ဆောင်ယူအံ့ ကြိုးပမ်းစဉ်မှာပင်

http://www.cherrythitsar.org



လူ့အခွင့်အရေးကပင် ကိုယ်တို့အတွက် ပြန်လည်သိမ်းဆည်းပေးပါ၏။ ဝမ်းနည်းပူဆွေး မနေပါ လင့်၊ ပြုံးပါဘိ အချစ်ရယ်။ အချစ်သည် သေမင်းကို နှိမ်နင်း ဖြိုခွဲနိုင်သော အစွမ်းရှိသည် ဖြစ်လေရာ စိတ်ရှုပ်ထွေး မနေပါလင့်။ ရန်သူကို အောင်နိုင် ခြင်းကား နှစ်လိုဖွယ်ပါတည်း။ ကိုယ်ကား သင်တစ်ဦးတည်း ပိုင်ဆိုင်သူ ဖြစ်ပါ၏။ ကိုယ့်ကို သေမင်းဂေဟာမှ သင်၏ အလှဂေဟာသို့ ရောက်လာ သော တစ္ဆေတစ်ကောင်ဟု မထင်မှတ်ပါလေလင့်။

"ကိုယ်ကား အစစ်အမှန်ဖြစ်လေရာကား ကိုယ့်ကို မကြောက်လန့်ပါလင့်။ ကိုယ်သည် ဓားနှင့် မီးလျှံတို့အကြားမှ လူအများ၏ မေတ္တာတရားဖြင့် စစ်ပွဲကို အောင်နိုင်ခဲ့ပါလေပြီ။ ကိုယ်ကား ငြိမ်းချမ်းရေးနှင့် ပျော်ရွှင်မှုကို မိတ်ဆက်စကားဆိုရန် ရောက်လာခဲ့ခြင်း ဖြစ်ပါသည်"

ထို့နောက်တွင်ကား လူရွှယ်သည် နှုတ်ဆိတ်သွားပါလေ၏။ သူ့မျက်ရည်များကသာ နှလုံးသားမှ ဘာသာစကားကို ပြောပြနေပါလေ၏။ ပျော်ရွှင်မှု တမန်တို့သည် နေအိမ်ပတ်ဝန်းကျင်၌ ဝဲလှည့်ပျော်မြူးနေကုန်၏။ နှလုံးသားနှစ်ခုတို့သည် တစ်ခုတည်းအသွင်သို့ ပြောင်းသွားလေသည်။

အရုဏ်လာလေသော် သူတို့နှစ်ယောက်သည် ယာခင်းအလယ်၌ ရပ်လျက် မိုးသက်မုန်တိုင်း ဒဏ်ချက်ဖြင့် အနာတရဖြစ်ခဲ့ရသော သဘာဝ အလှကို တွေးတောနေကြပါလေသည်။ သူတို့သည် အတန်ကြာ နှုတ်ဆိတ်ကာ အလေးအနက် နှစ်သိမ့်မှုယူပြီးနောက် စစ်သားလုလင်က အရှေ့ဘက်သို့ကြည့်၍ သူ့ချစ်သူအား ဤသို့ ဆိုလိုက်ပါသတည်း။

"နေလုံးကို ဖွားသန့်စင်ပေးသော အမှောင်ထုကို ရှုပါဘိ"

❖

http://www.cherrythitsar.org

# စီးပွားတေးသံ

❑ သူနှင့် ကျွန်ုပ်တို့ကား ချစ်သူများသာတည်း။
သူက တောင်းဆိုပြီး ကျွန်ုပ်က တောင့်တပါသည်။
သို့သော်၊ အလိုလေး ....
ကိုယ်တို့အကြားမှာ ပြိုင်ဘက်နှင့် ဆင်းရဲဒုက္ခကို ယူလာပါချေ၏။
သူကား တောင်းဆိုမှုလည်း များ၊
ရက်စက်မှုလည်း ကြီးပါလေသည်။
အချည်းနှီးသာဖြစ်သော ဗျပ်စောင်းကို ယူလာ၏။
သူ့အမည်ကား ရုပ်ဝတ္ထုပါတည်း။
သူသည် ကိုယ်တို့ သွားလေရာသို့
အစောင့်တစ်ယောက်လို လိုက်ပါ၍
ချစ်သူအပေါ်သို့
ရပ်တည်မှုမဲ့ အဖြစ်ကို ဆောင်ယူလာပါလေ၏။

http://www.cherrythitsar.org



❑ ကိုယ်သည် တောအုပ်တွင်း
သစ်ပင်အောက် ရေကန်ဘေးမှာ
အချစ်ထံမှ တောင်းဆိုပါ၏။
ကိုယ် သူ့ကို ရှာမတွေ့ပါ။
အကြောင်းကား
ရုပ်ဝတ္ထုသည် သူ့ဝိညာဉ်ကို နုတ်ယူ၍
သောသောအုတ်အုတ် ဖြစ်နေသော
မြို့တော်တွင်းသို့ ခေါ်ခဲ့ပြီး
လှုပ်နေသော သတ္တုပလ္လင်ထက်၌ တင်လိုက်ပါ၏။
သို့သော် သူ့ အရိပ်များကြောင့်
နောက်တစ်နေ့ ကြုံရမည့် အရေးအတွက်
ရင်လေးပေရာကား၊ သူ မည်သို့မျှ နှုတ်တုံ့မပြန်။

❑ သူကား ကိုယ့်ကို ချစ်ရေးဆိုပါ၏။
သူ့ အပြုအမူအတွက်လည်း သူ တောင်းပန်ရှာပါ၏။
သို့သော် ဘုရားသခင်၏ အပြုအမူမှအပ
ကိုယ့်ကို မတွေ့နိုင်ပေ။
သူသည် ကိုယ့်ကို တစ်ပါးသူတို့၏
အရိုးတို့ဖြင့် ဆောက်လုပ်အပ်သော
အဆောက်အအုံ၌ ရှာပါ၏။
သူ့ ရွှေ ငွေ အပုံကြားမှာ
သူ  ကိုယ့်ကို တီးတိုးခေါ်ပါ၏။
သို့သော် စိတ်ထိခိုက်လွယ်ခြင်း ကမ်းပါး၌
ဘုရားသခင် ဆောက်လုပ်အပ်သော

http://www.cherrythitsar.org



အရိုးခံ အိမ်ဂေဟာသို့ ကိုယ်လာနေသည်ကိုသာ
သူ တွေ့ရပါလိမ့်မည်။

- သူ ရွှေ ငွေ သေတ္တာများ ရှေ့မှာမူ
  ကိုယ့်ကို နမ်းချင်ပါ၏။
  သို့သော် တကယ့်လေညင်းမှအပ
  သူ ကိုယ့်ကို အဘယ်သို့ ထိတွေ့နိုင်ပါအံ့နည်း။

- သူက သူ့စီးပွား အပုံအပင်ကို
  မျှဝေခံစားဖို့ ပြောပါ၏။
  သို့သော်၊ ကိုယ် ဘုရားသခင်၏ စီးပွားကို
  မစွန့်ခွာလိုပါ။
  ကိုယ့် အလှဝတ်ရုံကိုလည်း ကိုယ် မချွတ်လိုပါ။

- သူက
  အဆက်အသွယ်အဖြစ် လှည့်စားလမ်းကို ရှာပါ၏။
  ကိုယ်က
  သူ့ နှလုံးသား အဆက်အသွယ်ကိုသာ တွေ့ရပါ၏။
  သူသည် အကျဉ်းခန်းတွင်း၌
  သူ့ နှလုံးသားကို သူ ပွန်းပဲ့စေပါ၏။
  ကိုယ်ကား သူ့ နှလုံးသားကို
  အချစ်ဖြင့် ကြီးပွားစေပါ၏။

စာအုပ်တိုက်

http://www.cherrythitsar.org



- ကိုယ့် အချစ်သည် ကိုယ့်ရန်သူအတွက်
  အဘယ်ပုံ ချောက်ချား အော်ဟစ်ရမည်ကို သင်ယူပါ၏။
  ကိုယ်ကား သူ့အား တပ်မက်မှုဖြင့်
  အဘယ်ပုံ ငိုကြွေးရမည်ဟူသော အကြောင်းနှင့်

  အားလုံးသော ဝိညာဉ်တို့မှ
  အရာခပ်သိမ်းအပေါ် ကရုဏာသက်ကာ
  ရောင့်ရဲခြင်းတရားဖြင့် သက်ပြင်းချစေဖို့ကိုသာ
  သင်ပြပေးပါ၏။

- သူတို့သည်ကား ကိုယ့် ချစ်သူ၊
  ကိုယ် သူ့ကို ပိုင်ဆိုင်လိုဆဲ။

❖

http://www.cherrythitsar.org

# လူ့သေမြို့တော်

ယမန်နေ့က ကိုယ်သည် အန္တရာယ်ကြီးလှစွာသော လူအုပ်ကြီးကို ဖယ်ခွာ၍ သဘာဝက သူ၏ တည်ငြိမ်အေးဆေးသော ဝတ်ရုံကို ဖြန့်ကျက်ထားရာ တောင်ကုန်းကလေးသို့ အရောက်ထွက်လာခဲ့ပါလေ၏။ ကိုယ် အသက်ရှူသာ ပါလေပြီ။

ကိုယ်သည် နောက်ဘက်သို့ ပြန်ကြည့်လိုက်ရာ ဈေးဆိုင်များမှ အခိုးတို့ဖြင့် လွှမ်းဖုံးလျက် ခမ်းနားကြီးကျယ်လှစွာသော လူနေအိမ်ခြေများ၊ ဝတ်ကျောင်းများဖြင့် မြို့တော်ကို မြင်ရပါလေ၏။

ကိုယ်သည် လူ့အဖြစ်ကို အစပြု ဆင်ခြင်ကြည့်ပါသေး၏။ သို့သော်လည်း အခက်အခဲများ၊ ရုန်းကန်မှုများ ပြွမ်းတီးရာ လူ့ဘဝကို လိုရင်း မဖော်ပြနိုင်ပါ။ ကိုယ်သည် အာဒံ၏သားတို့အား အဘယ်ပုံ ဖန်တီးလာခဲ့သည်ကို အလေးအနက် မဆင်ခြင်မိပါ။ ကိုယ်သည် ဘုရားသခင်၏ ပလ္လင်တော်ဖြင့် ကျက်သရေ ဖြာဝေရာ ယာခင်းအလယ်သို့ စိုက်ကြည့်နေမိပါ၏။ ယာခင်း၏ ထောင့်စွန်းနေရာ၌ ပေါ်ပလာပင်များ ဝန်းရံနေသော

http://www.cherrythitsar.org



သင်္ချိုင်းမြေကို ကိုယ် သတိပြုမိပါ၏။

ဤသည်ကား သေသူတို့၏ မြို့တော်နှင့် ရှင်သူတို့၏ မြို့တော် အကြား အခြေအနေပါကလားဟု ကိုယ် ဆင်ခြင်မိပါသည်။ ကိုယ်သည် သေသူတို့ မြို့တော်၏ ထာဝရတိတ်ဆိတ်ခြင်းနှင့် ရှင်သူတို့ မြို့တော်၏ အဆုံးမသတ်သော ကြေကွဲ ဝမ်းနည်းရခြင်းတို့ကို တွေးမိပါလေသည်။

ရှင်သူတို့မြို့တော်၌ ကိုယ်သည် မျှော်လင့်ခြင်းနှင့် စိတ်ပျက် အားငယ်ခြင်း၊ အချစ်နှင့် အမုန်း၊ အပျော်နှင့် အဆွေး၊ ချမ်းသာနှင့်ဆင်းရဲ၊ ကံတရားနှင့် မိစ္ဆာဒိဋ္ဌိတို့ကို တွေ့ရပါလေ၏။

လူသေတို့၏ မြို့တော်တွင်ကား မြေမြှုပ်သင်္ဂြိုဟ်ရာ မြေပြင် အတွင်း၌ သဘာဝသည် ည၏ တိတ်ဆိတ်ခြင်း အသွင်ကို ပြောင်းလဲကာ မြေကြီးအတွင်းရှိ အရာတို့ကို စားသုံးမှု၏သီးနှံ၊ ထို့နောက် တိရစ္ဆာန်၊ ထို့နောက် လူသားအသွင် ပြောင်းလဲလိုက်ပါလေတော့သည်။ စိတ်အလျဉ် ကို ဤသို့ရွေ့လျားရင်း အသုဘ အခမ်းအနားတစ်ခုသည် ကောင်းကင် အနှံ့ ကြေကွဲဖွယ်ဂီတသံကို ဖြန့်ကျက်လျက် လေးစားကြည်ညိုဖွယ် တဖြည်းဖြည်းချင်း လှမ်းလာသည်ကို တွေ့လိုက်ရပါ၏။ ဤသည်ကား တခမ်းတနား ပြုလုပ်လှည့်လည်လာသော အသုဘ အခမ်းအနားပါတည်း။ ကွယ်လွန်သူ၏နောက်တွင် ရှင်ကျန်ရစ်သူတို့သည် သွားလေသူအတွက် တမ်းတပူဆွေး ငိုကြွေးလိုက်ပါလာကြကုန်၏။ ရပ်အလောင်းသည် မြှုပ်နှံ ရာသို့ ရောက်လေလျှင် ရဟန်းတို့သည် ဆုတောင်းစကားကို ရွတ်ဆို၍ ရပ်အလောင်းကို အထုံအခိုးတို့ဖြင့် ထုံမွှမ်းသင်္ဂြိုဟ်ကြလေသော် တီးဝိုင်း အဖွဲ့ကလည်း တူရိယာပစ္စည်းတို့ကို တီးမှုတ်ကာ ခွဲခွာသွားလေသူအတွက် ငိုသည်းကြပါလေကုန်၏။ ထို့နောက်တွင်ကား အကြီးအကဲဖြစ်သူတို့သည် တစ်ယောက်ပြီးတစ်ယောက် ရှေ့ဘက်သို့ထွက်လာကြကာ စကားအလှ တို့ဖြင့် ထုံးဖွဲ့သီကုံးထားသော ချီးကျူးစကားကို ရွတ်ဆိုကြပါလေကုန်၏။

http://www.cherrythitsar.org



နောက်ဆုံးတွင်ကား လူထုကြီးသည် နေရာမှ ပြန်လည်ထွက်ခွာသွားလေလျှင် ကွယ်လွန်သူသည် ကျယ်ကျယ်ပြန့်ပြန့်၊ တခမ်းတနား ပုံစံချပြုလုပ်အပ်သော သင်္ချိုင်းဂူအတွင်း၌ ပန်းခွေအများ ဝန်းရံလျက် လဲလျောင်းကျန်ခဲ့ပါလေတော့သတည်း။ ကွယ်လွန်သူကို လိုက်လံပို့ဆောင် နှုတ်ဆက်ကြသူတို့သည် မြို့တွင်းသို့ ပြန်ဝင်ကြလေလျှင် နေမင်းသည် အနောက်ဘက် မိုးကုပ်စက်ဝိုင်းသို့ ကျဆင်းကာ သဘာဝသည် ညခင်းအတွက် အိပ်စက်ခြင်းကို ပြင်ဆင်နေခိုက်မှာပင် ကိုယ်သည် ခပ်လှမ်းလှမ်းမှ ကြည့်ရင်း တစ်ကိုယ်တည်း ခပ်တိုးတိုး ရေရွတ်လိုက်မိပါ၏။

ကိုယ်သည် သစ်သားခေါင်းတစ်ခု ထမ်းလာသည်ကို မြင်လိုက်ရပါ၏။ သူတို့နောက်တွင်ကား အဝတ်အစား စုတ်ချာလှသော မိန်းမတစ်ယောက်သည် ကလေးအလောင်း တစ်လောင်းကိုပိုက်လျက် လိုက်ပါလာပါသည်။ သူတို့နောက်တွင်ကား ခွေးတစ်ကောင်သည် ဝမ်းနည်းထိခိုက်နေသော မျက်လုံးအစုံဖြင့် မိန်းမကို ကြည့်လိုက်၊ အရှေ့ဘက်က ခေါင်းကို ကြည့်လိုက် လုပ်လျက် လိုက်ပါလာပါသည်။

ဤသည်ကား ဆင်းရဲသား အသုဘတည်း။ အာဂန္တု သေမင်းသည်ကား အေးစက်စက်နိုင်လှသော လူ့လောကကြီးထဲ၌ ကလေးငယ် အတွက် သောကပူဆွေး ဝေဒနာ မျှယူခံစားရရှာသည့် ဒုက္ခသည်မိန်းမ တစ်ယောက်နှင့် သခင်ခွဲခွာသွားသဖြင့် ဝမ်းနည်းကြေကွဲရသော သစ္စာရှိ ခွေးတစ်ကောင်ကို ချန်ထားရစ်ခဲ့ခြင်း ဖြစ်လေသည်။

သူတို့သည် သင်္ချိုင်းနေရာသို့ ရောက်လေလျှင် အလောင်းကို ခေါင်း တွင်းသို့ ထည့်ပြီး ခေါင်းကို အဆောင်အယောင်၊ ပန်းခွေ၊ သင်္ချိုင်းဂူတို့ မပါဘဲ မြေတွင်းသို့ထည့်ကာ ဘုရားသခင်အတွက် အရိုးသားဆုံးစကား တို့ကို ရွတ်ဆိုလိုက်ပါလေ၏။ ခွေးသည် သူ့မိတ်ဆွေကို နောက်ဆုံးကြည့်ခြင်းဖြင့် ကြည့်ပြီး ထိုလူစု အနည်းအပါးသည် သစ်ပင်များကြားတွင်

http://www.cherrythitsar.org



ပျောက်ကွယ်သွားပါလေတော့၏။

ကိုယ်သည်မူ ရှင်သူတို့၏မြို့တော်ဆီသို့လှမ်းကြည့်ရင်း "ထို နေရာကား လူတချို့ ပိုင်ဆိုင်ရာပါတကား"ဟု တစ်ကိုယ်တည်း ရေရွတ်ပြီး လူသေတို့၏ မြို့တော်ကို ကြည့်၍ "ဤနေရာသည်လည်း လူတချို့ ပိုင်ဆိုင် ရာပါတကား။ အို အရှင်၊ လူသားအားလုံးအတွက် ကောင်းကင်ဘုံကား ဘယ်မှာနည်း"ဟု ပြောလိုက်မိပါသည်။

ဤသို့ပြောဆိုရင်းပင် ကိုယ်သည် နေရောင်ခြည်ဖြင့် ရွှေခြည်မျှင် သန်းနေသော ကောင်းကင်တိမ်တိုက်ကြားမှ ဤသို့သော အသံကို ကြားလိုက်ရပါသတည်း။

"ဟိုး အပေါ်ဘက်မှာ"

❖

http://www.cherrythitsar.org

# မိုး၏တေးသံ

- ကိုယ်သည်
  ကောင်းကင်ဘုံမှ ဘုရားသခင် ဖန်ဆင်းသော
  ငွေမြားတံတို့ဖြင့် မိုးစက်မိပါလေပြီ။
  သဘာဝသည် ကိုယ့်အား
  သူ၏ယာခင်းနှင့် ချိုင့်ဝှမ်းများကို
  တန်ဆာဆင်ရန် ဆောင်ယူပါလေပြီ။

- ကိုယ်သည်
  အရုဏ်၏ သမီးပျိုအပါးရှိ
  မြေသြဇာရှင်သန်စေသော

စာအုပ်တိုက်

http://www.cherrythitsar.org



အစ်ရှတာ နတ်မိမယ် မကိုင်မှ
ဆွတ်ခြွေအပ်သော ပုလဲလုံးလှလှများပါတည်း။

- ကိုယ် ဟာစ်ကြွေးပါက
  တောင်တို့သည် ရယ်ကြကုန်၏။
  ကိုယ်က နှိမ့်ချလေသော်
  ပန်းတို့ မြူးထူးကြပါကုန်၏။
  ကိုယ် ဦးညွှတ်ပါက
  အရာခပ်သိမ်း ဝမ်းမြောက်ပါကုန်၏။

- စိုက်ခင်းနှင့် တိမ်တိုက်တို့ကား ချစ်သူများတည်း။
  သူတို့အကြားတွင် ကိုယ်က ကရုဏာတမန်ပါတည်း။
  ကိုယ်က တစ်ဦး၏ ရေဆာလောင်မှုကို ပြေငြိမ်းစေပါ၏။
  အခြားတစ်ဦး၏ မမာမကျန်းမှုကို ကုသပေးပါ၏။

- ကိုယ်ရောက်လာပြီ ဖြစ်ကြောင်းကို
  မိုးခြိမ်းသံတို့က ဟာစ်ကြွေးပါလေ၏။
  ကိုယ် ထွက်ခွာသွားခြင်းကို
  သက်တံဖြင့် ကြေညာပါ၏။

❑ ကိုယ်ကား

ရှုးနေသော ရုပ်ဒြပ်တို့၏ခြေရင်း၌ အစပြုကာ

ထောင်လွှား ဖြန့်ကားသော

သေမင်း၏ တောင်ပံအောက်၌

အဆုံးသတ်ရသူ ပမာတည်း။

❑ ကိုယ်သည် ပင်လယ်၏အလယ်မှ ထွက်ပေါ်၍

လေညင်းဖြင့် ပြန့်တက်ပြီးနောက်

ယာခင်း၏ လိုအင်ကိုမြင်လျှင်

ပန်းပွင့်များ၊ သစ်ပင်များဆီသို့ ဆင်းသက်ကာ

နည်းလမ်းစုံဖြင့် ထွေးပိုက်ပါအံ့။

❑ ကိုယ်၏ ညင်သာလက်ချောင်းများဖြင့်

ပြတင်းတံခါးကို အသာအယာ ခေါက်ကာ

ကြိုဆိုတေးကို ဆိုပေအံ့၊

အားလုံးသည် ကြားနိုင်ပါ၏။

သို့သော် ခံစားသိမှသာ နားလည်နိုင်ပေမည်။

❑ လေထဲက အပူရှိန်သည်

ကိုယ့်ကို မွေးဖွားပေးပါ၏။

http://www.cherrythitsar.org



သို့သော် ကိုယ်သည်
သူ့ကို သတ်လိုက်ပါလေသည်။
ပမာသော်ကား မိန်းမသည်
ယောကျ်ားထံမှ စွမ်းပကားကို ယူ၍
ယောကျ်ားကို အနိုင်ယူသည့် အလားတည်း။
ကိုယ်ကား ပင်လယ်ပြင်၏ ပင့်သက်
ယာခင်းပြင်၏ ရယ်သံ၊
ကောင်းကင်ဘုံ၏ မျက်ရည်တည်း။

❑ မေတ္တာဖြင့်တွယ်ငြိသော ပင်လယ်ပြင်မှ ပင့်သက်၊
ဝိညာဉ်ရောင်စုံယာခင်းမှ ရယ်သံ၊
အမှတ်တရကောင်းကင်ဘုံမှ မျက်ရည်တည်း။

❖

http://www.cherrythitsar.org

# မုဆိုးမနှင့် သူ့သား

လက်ဖနွှန်မြောက်ပိုင်းကို အမှောင်လွှမ်းလေပြီ။ ကာဒီရှာ ချိုင့်ဝှမ်းတွင်းရှိ ရွာများကို နှင်းဖြူဖြူဖွေးဖွေးတို့ ဖုံးလွှမ်းထားလေရာ ယာခင်း၊ မြေပြင် အားလုံးမှာ ပြင်းထန်သောသဘာဝက သူ၏ နည်းမျိုးစုံကို မှတ်တမ်းတင် ထားသည့်အလား ရှိလေသည်။ ညကို တိတ်ဆိတ်ခြင်းက ဝါးမျိုလိုက်သော အချိန်တွင် လူတို့သည် လမ်းမကို စွန့်ခွာ၍ အိမ်တွင်းသို့ ရောက်လာကြပါ လေကုန်၏။

ထိုရွာများအနီး တစ်လုံးတည်းသော အိမ်ကလေးအတွင်း၌ မိန်းမ တစ်ယောက်သည် မီးဖိုဘေးတွင် သိုးမွေးချည်ငင်နေပါလေ၏။ အပါးတွင် သူ၏ တစ်ဦးတည်းသောသားငယ်သည် မီးဖိုကို ကြည့်လိုက်၊ အမေကို ကြည့်လိုက်နှင့် ဖြစ်နေ၏။

ကြောက်မက်ဖွယ်မိုးခြိမ်းသံသည် အိမ်ကလေးကို လှုပ်ခါ ပစ်လိုက်လေသော် ကလေးငယ်သည် ထိတ်လန့်တုန်လှုပ်သွားပါလေ၏။

http://www.cherrythitsar.org



ကလေးသည် သဘာဝမှ အကာအကွယ်ပေးအပ်သော မိခင်၏အချစ်ကို ရလိုသဖြင့် မိခင်ကို ဖက်လိုက်ပါသည်။ မိခင်သည် ကလေးကို ရင်ခွင်တွင်းသို့ သွင်း၍ နမ်းရှုပ်လိုက်သည်။ ထို့နောက် ကလေးငယ်ကို ပေါင်ပေါ်တွင်တင်ပြီး "သဘာဝတရားတို့သည်ကား လူတို့ အားနည်းမှုကို သူ၏ ကြီးမားသော စွမ်းအားဖြင့် အပြိုင်ဖြစ်ပေါ်လာခြင်းဖြစ်ပေရာ မကြောက်ပါနှင့် လူကလေး။ နှင်းတွေကျပြီးသည့်နောက်တွင် ဖြစ်ထွန်းလာသော အင်အားအစွမ်းသည် တိမ်စိုင်များနှင့် လေပြင်းကို ဆောင်ယူလာမြဲ ဖြစ်၏။ သူသည် ကမ္ဘာမြေ၏လိုအင်ကို သိသည့်အလျောက် တိမ်စိုင်နှင့်လေပြင်းကို ဖန်တီးမြဲဖြစ်ပေသည်။ သူသည် အားနည်းသူတို့အတွက် စောင့်ရှောက်မြဲ ဖြစ်သည်။

"ရဲရင့်ပါလေ လူကလေး၊ သဘာဝသည် နွေဦး၌ ပြုံး၍၊ နွေရာသီတွင် ရယ်မောပြီး၊ ဆောင်းဦးတွင်ကား သမ်းဝေမြဲ ဖြစ်လေသည်။ ဆောင်းတွင်ကား သူ ငိုကြွေးမြဲဖြစ်၏။ ဆောင်းတွင် သူသည် မြေလွှာအောက်၌ ကွယ်ဝှက်နေသော သူ့ဘဝကို သူ၏ မျက်ရည်များဖြင့် သွန်းလောင်းမြဲဖြစ်၏။

"အိပ်ပါလေ မေမေ့အချစ် လူကလေး။ သင့် အဖကား ထာဝရဗိမာန်မှ ကြည့်ရှုနေပါလေသည်။ ယခုအချိန်၌ နှင်းနှင့် လျှပ်စီးတို့ကို ဆောင်ယူလာခြင်းသည်ပင် သင့်အဖအပါးသို့ ချဉ်းကပ်ရခြင်း မည်ပေ၏။

"မေမေ့အချစ်ကလေး၊ အိပ်ပါလေတော့။ နှင်းဖြူဖွေးဖွေး ခြုံထည်ကြောင့် အေးရသော်လည်း အနွေးစေ့များ ပျိုးခြင်းပါပေတည်း။ ဤသို့သော စစ်မက်အသွင်ဖြစ်ရပ်သည်ပင် လှပသော ပန်းတို့ကို မွေးဖွားပေးပါအံ့။

"လူကလေး၊ လူဆိုသည်ကား ကွေကွင်းမှုအဖြစ် ခါးသီးသော ခံစားရမှုနှင့် ကြမ်းတမ်းသောအခက်အခဲတို့ကို မကြုံရပါဘဲ အချစ်ကို ရနိုင်ခွင့် မရှိပါပေ။ အိပ်ပါလေ၊ လူကလေး။ ညအမှောင်နှင့် နှင်းတိုက် အန္တရာယ်ကို မကြောက်သော အိပ်မက်တို့သည် သင့်ဝိညာဉ်နှင့် ဆုံစည်းပါလိမ့်မည်"

သားငယ်သည် အိပ်ချင်လှစွာသော မျက်လုံးအစုံဖြင့် အမေ့ကို ကြည့်၍ "အမေ၊ ကျွန်တော့် မျက်လုံးများသည် လေးလာပါလေပြီ။ သို့သော် ဆုတောင်းစကား မဆိုရဘဲ ကျွန်တော်အိပ်၍မရပါ" ဟု ပြောလိုက်ပါ သည်။

အမေသည် သားငယ်၏ တမန်တော်မျက်နှာအလား မျက်နှာ ကလေးကိုကြည့်၍ မျက်ရည်ဝေ့သော မျက်လုံးများဖြင့် အမြင်ဝေဝါးလာစဉ် မှာပင် "လူကလေး လိုက်ဆိုပါကွယ်။ ဘုရားသခင်၊ ဆင်းရဲသားတို့ အပေါ်၌ ကရုဏာရှေးရှု၍ ဆင်းရဲသားကို ဆောင်းဒဏ်မှ ကာကွယ်ပါလေ။ မလုံမခြုံ ဝတ်ဆင်ရသောသူတို့ ခန္ဓာကိုယ်များကို အရှင်၏ ကရုဏာလက်ဖြင့် ပိုက် ထွေးတော်မူပါ။ အကူအညီမဲ့ဘဝဖြင့် တုန်ယင်နေရရှာသော မုဆိုးမသည် ငယ်ရွယ်သည့်အလျောက် သူ့အသံကို နားဆင်ပါလေ အရှင်။ အို....အရှင်၊ လူတကာတို့၏နှလုံးသားတို့သည် ဒုက္ခနှင့် အင်အားနည်းခြင်းတို့ကိုသာ မြင်ကြရသည်ဖြစ်ရာ သူတို့၏ နှလုံးသားများကို ဖွင့်ကြည့်တော်မူပါ အရှင်။ တံခါးကိုခေါက်လာသော ဝေဒနာသည်တို့အပေါ်၌ ကရုဏာထား၍ နွေး ထွေးသောအရပ်သို့ ဦးဆောင်တော်မူပါ။ အို....အရှင်၊ သစ်ပင်များ၊ ယာခင်း များနှင့် ငှက်ငယ်အပေါင်းတို့ကို မုန်တိုင်းအန္တရာယ်မှ ကာကွယ်ရန် စောင့် ကြည့်တော်မူပါ။ အရှင်ကား မေတ္တာ ကရုဏာ ကြီးမားလှပါဘိတော့သည်"

ကလေးအိပ်ပျော်သွားလေလျှင် မိခင်သည် ကလေးကိုအိပ်ရာတွင် ချ၍ ကလေး၏ မျက်လုံးအစုံကို တုန်ယင်သော နှုတ်ခမ်းအစုံဖြင့် နမ်းလိုက် ပါလေသည်။ ထို့နောက် မုဆိုးမငယ်သည် မီးဖိုအပါးသို့ ပြန်လာကာ သားငယ်အတွက် သိုးမွေးချည်ကို ငင်နေပါလေ၏။

❖

# ကဗျာဆရာ

- သူသည် မျက်မှောက်နှင့် အနာဂတ်ကြား အဆက်အသွယ်ဖြစ်၏။ သူသည် မွတ်သိပ်သူ ဝိညာဉ်အားလုံးတို့ သောက်သုံးနိုင်သော ရေစီး ဖြစ်လေသည်။

- သူသည် ဆာလောင်သော နှလုံးသားတို့သုံးဆောင်ရန် အသီးတို့ကို သီးပေးသော အလှမြစ်ပြင်မှ ရေစင်ဖြင့် ကြီးလာရသည့်သစ်ပင် ဖြစ်လေသည်။

- သူသည် စိတ်ဓာတ်ကျဆင်းနေသော ဝိညာဉ်တို့ကို သူ၏ လှပသော တေးသံဖြင့် နှစ်သိမ့်စွမ်းသည့် နိုက်တင်ဂေးငှက်ငယ်တည်း။

http://www.cherrythitsar.org



➯ သူသည် မိုးကုပ်မှဆင်းသက်ပြီး
ကောင်းကင်ကို တန်ဆာဆင်မည့်
တိမ်တိုက်တည်း။
ထိုတိမ်တိုက်သည်
ဘဝစိုက်ကွင်းတွင်းရှိ
ပန်းတို့ အပေါ်သို့ ကျဆင်း၍
ပန်းဝတ်လွှာတို့ကို အလင်းရစိမ့်သောငှာ
ပွင့်ပေးပေအံ့။

➯ သူကား
နတ်မိမယ်၏ တရားတော်ကို ရွတ်ဖတ်ရန်
နတ်မိမယ်က စေလွှတ်ခြင်း ခံရသူတည်း။
သူသည်ကား
အမှောင်ဖြင့်လည်း မလွှမ်းနိုင်၊
လေပြင်းဖြင့်လည်း မငြိမ်းနိုင်စွမ်းသော
တောက်ပ မီးအိမ်တည်း။
ထိုမီးအိမ်သည်
နတ်ဘုရား၏ အချစ်က
ဖန်တီးသော အဆီ၊
ဂီတနတ်မိမယ်၏ အလင်းဖြင့်
ထွန်းညှိသော မီးအိမ်ဖြစ်ပါသည်။

➯ သူကား
ရိုးသားမှုဝတ်ရုံနှင့် ကြင်နာမှုဝတ်ရုံကို ဆင်ယင်ထားသော

ငါ့ စာအုပ်တိုက်

http://www.cherrythitsar.org



အထီးကျန် ဖြစ်၏။
သူသည်
သဘာဝရင်ခွင်၌ ထိုင်လျက်
သဘာဝ၏ လှုံ့ဆော်မှုကို ဖန်တီးရင်း
တိတ်ဆိတ်သော ညတွင်
ဆင်းလာအံ့သော ဝိညာဉ်တို့ကို
စောင့်လင့်နေဘိ၏။

➪ သူသည်
မေတ္တာလွှင်ပြင်၌
နှလုံးသား မျိုးစေ့တို့ကို ကြဲဖြန့်စိုက်ပျိုးပြီး
သူ့အာဟာရအတွက်
စာနာမှုဖြင့် ရိတ်သိမ်းသူတည်း။

➪ ဤသည်ကား
ယခုဘဝတွင်
လူတို့ မသိကျိုးကျွံ ပြုခံရသော
ကဗျာဆရာပါတည်း။
သူ ကမ္ဘာမြေမှ ထွက်ခွာသွားပြီးနောက်တွင်
အသိအမှတ် ပြုခံရမည်ဖြစ်ရာ၊
သူကား
ကောင်းကင်ဘုံရှိ ပန်းရုံကလေးဆီသို့
ပြန်သွားပါလေပြီ။

http://www.cherrythitsar.org



➩ ကဗျာဆရာ အလိုရှိသည်ကား
လူချင်း စာနာစိတ် ဖြစ်၏။
သူ ရသည်ကား
အပြုံးသာတည်း။
သူ့ ဝိညာဉ်သည်
ကောင်းကင်ဘုံက ဆင်းသက်လာပြီး
လှပသော စကားလုံးတို့ကို အခိုင်အမာဆိုသူကား
ကဗျာဆရာပါတည်း။
သို့သော်လည်း
သူ့ အရောင်အဝါကိုကား
လူအများ ငြင်းပယ်ဆဲ။

➩ အဘယ်ကာလအထိ
လူအများ အိပ်မောကျနေပါအံ့လော။
သူသည်
ကြီးမြတ်မှုအတွက် ကြိုးပမ်းပါလျက်
လူတို့သည် အဘယ်ကာလတွင် သူ့အသရေကို
အသိအမှတ် ပြုအံ့နည်း။

➩ သူ၏ ဝိညာဉ်ကား
အချစ်နှင့် ငြိမ်းချမ်းရေး၏သင်္ကေတ၊
ထိုဝိညာဉ်၏အလှကို မြင်သိနိုင်ရန်
အဘယ်မျှ ကြာမြင့်စွာ မသိကျိုးကျွံ ပြုအံ့နည်း။

http://www.cherrythitsar.org



လူတို့သည်
ဒုက္ခများစွာ ရစ်ပတ်နှောင်ဖွဲ့လျက်၊
ဖရောင်းတိုင်သည်
လောင်မြိုက်ရင်း ကုန်ဆုံးရသည့်အဖြစ်ကို မသိသည့်အလား၊

လူသားတို့သည်
အဘယ်ကာလအထိ
သူ့အား ဂုဏ်မပြုဘဲ နေကြအံ့နည်း။

➪ ကဗျာဆရာ၊
သင်ကား
မျက်မှောက်ဘဝ၏ ဘဝသာတည်း။
သင်သည်
ခါးသီး ပြင်းထန်ပါလျက်
မသိကျိုးကျွံ ပြုနေသောသူတို့ဘဝကို
အောင်နိုင်ပါစေ၏။

➪ ကဗျာဆရာ၊
တစ်ချိန်တွင်ကား
သင်သည်
နှလုံးသားများကို အုပ်ချုပ်ရပေအံ့။
ထိုအခါတွင်
သင့်ပိုင်နက်သည် အတောမသတ်နိုင်ပါလေ။

http://www.cherrythitsar.org



ကဗျာဆရာ၊
ဆူးပြွမ်းသော သင့်သရဖူကို ဆန်းစစ်ပါ။
အောင်ပန်းခွေကြား၌ ဖုံးကွယ်နေသည်ကို
သင် တွေ့ရပါအံ့။

စာအုပ်တိုက်

http://www.cherrythitsar.org

# ဝိညာဉ်တေး

ကိုယ့်ဝိညာဉ်၏ အနက်ရှိုင်းဆုံး၌ စကားလုံးမဲ့ တေးသံ၊
ထိုတေးသံကား ကိုယ့်နှလုံးသား၏ မျိုးစေ့တည်း။
ထိုတေးသံသည် မင်ဖြင့် အက္ခရာတင်ခြင်းကို လက်မခံ။
ကိုယ့်မေတ္တာကို
တိုးလျှို့ပေါက်ဝတ်ရုံဖြင့် နှောင်ဖွဲ့စီးဆင်းလျက်။
သို့သော်
နှုတ်ဖျားတွင်ကား ပေါ်မလာပါပေ။

http://www.cherrythitsar.org



ကိုယ် ဘယ်ပုံ သက်ပြင်းချရပါ့။
ထိုတေးသံသည်
လောင်ကျွမ်းလေဖြင့် ရောထွေးမည်ကို
ကိုယ်နားစိုက်ပါ၏။
ဤတေးကို ဘယ်သူ့အား ဆိုပြရပါ့။
ဤတေးကား
ကိုယ့် ဝိညာဉ်ဂေဟာမှာသာ နေဘိ၏။
မသင့် ကြမ်းတမ်းသော နားများကို စိုးရိမ်ပါဘိ။

ကိုယ့် အတွင်းမျက်လုံးဖြင့် ကြည့်သောအခါ
တေးသံ၏ အရိပ်ကို ကိုယ်မြင်ရပါ၏။
ကိုယ့် လက်များနှင့် ထိတွေ့ကြည့်သောအခါ
အသံလှိုင်းကို ကိုယ် ခံစားရပါ၏။

ကိုယ့် လှုပ်ရှားဟန်က
ကိုယ့် လက်ကို နားစိုက်သောအခါ
ကန်ရေပြင်သည်
ကြယ်ပွင့်တို့ကို ရောင်ပြန်ဟပ်သကဲ့သို့
တေးသံရှိသည်ကို ကိုယ် သိပါ၏။

http://www.cherrythitsar.org



နှင်းရည်စက်က
နှမ်းနယ်နှင်းဆီကို ပြောပြသကဲ့သို့
ကိုယ့်မျက်ရည်က
တေးသံကို ဖော်ပြနေ၏။

ဤသည်ကား
ဆင်ခြင်မှုကြီးစွာ ရေးဖွဲ့ကာ
နှုတ်ဆိတ် ဖြန့်ချိကာ
ဆူပူမှုကို တိမ်းရှောင်ကာ
အမှန်တရား ထပ်တူပြုကာ
အိပ်မက်ဖြင့် ထပ်ဖန်တလဲလဲ သီဆိုကာ
အချစ်ဖြင့် နားလည်မှုရကာ
နိုးထခြင်းဖြင့် ဖုံးကွယ်လျက်
ဝိညာဉ်က သီဆိုသော တေးသာတည်း။

ဤသည်ကား အချစ်တေး၊
ကာဏ္ဍနသော်လည်းကောင်း၊
ဘီဆာသော်လည်းကောင်း
ဆိုနိုင်အံ့လော။

http://www.cherrythitsar.org



ဤတေးသံကား
စံပယ်ထက်ပင် မွှေးသေး၏။
မည်သည့်အသံမျိုး နှောင်ဖွဲ့အံ့နည်း။
အပျိုစင် လျှို့ဝှက်ချက်နှယ် သိုသိပ်ပါဘိ။
မည်သည့်ကြိုးက လှုပ်ရှားစေအံ့နည်း။

နိုက်တင်ဂေးငှက်၏ တေးသံကို
ပင်လယ်၏ လှိုင်းသံနှင့်
အဘယ်သူ ပေါင်းစည်းအံ့နည်း။
မွေးကင်းစ ကလေးငယ်၏ သက်ပြင်းသံကို
မိုးသက်မုန်တိုင်း၏ အဟုန်နှင့်
အဘယ်သူ ယှဉ်နှိုင်းအံ့ပါနည်း။
နှလုံးသားကသာ ပြောရမည့်စကားကို
အဘယ်သူ အသံထွက် ပြောဝံ့အံ့နည်း။
ဘုရားသခင်၏ တေးသံကို
အဘယ်လူသား အသံထွက် သီဆိုဝံ့အံ့နည်း။

❖

စာအုပ်တိုက်

# မျက်ရည်စများနှင့် ရယ်သံများ

နေလုံးသည် ဥယျာဉ်ပေါ်မှ သူ၏ရောင်ခြည်များကို ရုပ်သိမ်းလိုက်သဖြင့် လမင်းသည် သူ၏ နူးညံ့သော အလင်းရောင်တန်းကို ပန်းများပေါ်သို့ ကြဲချလိုက်သော အချိန်တွင် ကိုယ်သည် သစ်ပင်များအောက်၌ ထိုင်လျက်၊ သစ်ကိုင်းသစ်ခက်များကြားမှ ကြယ်ပွင့်တို့သည် အပြာရောင် ကော်ဇောထက်၌ လက်ပသော လရောင်မျှင်တန်းတို့နှင့် ရောယှက်နေသည်ကို ငေးမောရင်း လေထုတွင်း ထူးခြား ဆန်းပြားသော အဖြစ်တို့ကို အလေးအနက် တွေးတောဆင်ခြင်နေခိုက်၊ ခပ်လှမ်းလှမ်း ချောင်းငယ်ကလေးသည် ချိုင့်ဝှမ်းအတွင်းသို့ မပြတ်စီးဝင်နေသံကို ခပ်သဲ့သဲ့ ကြားနေရပါလေသည်။

ငှက်တို့သည် သစ်ကိုင်းများအကြား၌ ခိုနားကာ ပန်းဝတ်လွှာတို့သည် ဝတ်လွှာတို့ကို ခေါက်သိမ်းလျက် ကြီးစွာသော တိတ်ဆိတ်ခြင်းသည် ကျဆင်းနေပါလေ၏။ ကိုယ်သည် မြက်ခင်းပေါ်မှ ခြေသံကို ကြားသဖြင့် ခြေသံကြားဆီသို့ အာရုံရောက်သွားလေလျှင် စုံတွဲတစ်တွဲသည် ကိုယ်ရှိရာ

http://www.cherrythitsar.org



ပန်းရုံအပါးသို့ ချဉ်းကပ်လာနေကြသည်ကို တွေ့လိုက်ရပါ၏။ သူတို့နှစ်ယောက်သည် ကိုယ်ကမြင်နိုင်သော်လည်း ကိုယ့်ကို သူတို့မမြင်သာသော သစ်ပင်အောက်၌ ဝင်ထိုင်လိုက်ကြပါလေသည်။

အမျိုးသားသည် ဘေးဘီကိုကြည့်ပြီး ပြောလိုက်သည်။

"ကိုယ့်ဘေးမှာ ထိုင်ပါ အချစ်ရယ်၊ ကိုယ့်နှလုံးသားရဲ့အသံကို နားထောင်ပါ။ မင်း ပျော်ရတယ်ဆိုတာ ကိုယ်တို့ အနာဂတ်အတွက် သင်္ကေတဖြစ်လို့ ပြုံးလိုက်စမ်းပါအချစ်ရယ်။ ရောင်ခြည်လက်တဲ့ ဂုဏ်တွေဟာ ကိုယ်တို့ ဝမ်းသာစရာဖြစ်လို့ ပျော်စမ်းပါကွယ်။

"ကိုယ့်ဝိညာဉ်ဟာ၊ အချစ်ဆိုတာ ပြစ်မှုလေလားလို့ သံသယဖြစ်ရတာနဲ့အမျှ မင်းရဲ့ နှလုံးသားကိုလည်း သံသယဖြစ်နေရပါတယ်။

"မင်းဟာ မကြာခင်မှာပဲ ဟောဒီ လှပတဲ့ လမင်းကြီးထိန်လင်းတဲ့ ကမ္ဘာမြေပြင်ရဲ့ ပိုင်ရှင်ဖြစ်ရတော့မှာပါ။ ကိုယ့်နေရာရဲ့ အရှင်သခင်လည်း ဖြစ်လာတော့မှာပါ။ အစေခံတွေ၊ အိမ်ဖော်တွေ အားလုံးဟာ မင်းရဲ့ အမိန့်ကို နာခံကြရမှာပါ။

"ကိုယ့်အဖေရဲ့ ရွှေသေတ္တာတွေထဲက ရွှေအပြုံးကလေးတွေလို ပြုံးလိုက်စမ်းပါ အချစ်ရယ်။

"ကိုယ့်နှလုံးသားဟာ မင်းနှလုံးသားရဲ့ လျှို့ဝှက်ချက်ကို လက်မခံဖို့ ငြင်းပယ်နေကြပါတယ်။ တစ်နှစ်တာ ခရီးသွားရင်း ဖြေသိမ့်ရမယ့် ကာလကို စောင့်ဆိုင်းနေပါတယ်။ ကိုယ်လေ တစ်နှစ်တာအတွင်း ဆွစ်ဇာလန်က ရေကန်ပြာကြီးတွေဆီကို နှစ်ယောက်အတူ သွားလိုက်၊ အီတလီတို့၊ အီဂျစ်တို့က အဆောက်အအုံကြီးတွေကို လှည့်ကြည့်လိုက်၊ လက်ဗနွန်က မြင့်မြတ်လှတဲ့ စီဒါပင်ကြီးတွေအောက်မှာ နားနေလိုက်နှင့် ကိုယ့်အဖေရဲ့ရွှေတွေကို သုံးဖြုန်း ပျော်ပါးလိုက်ကြရင်း၊ မင်းအဝတ်တွေ၊ ကျောက်မျက်ရတနာတွေနဲ့ ပတ်သက်ပြီး မင်းကို မနာလိုဖြစ်လာမယ့် မင်းသမီးတွေကိုပင်လျှင် မင်း

http://www.cherrythitsar.org



တွေ့လာရမှာပါကွယ်။

"အဲဒါတွေဟာ မင်းအတွက် ကိုယ် ဆောင်ရွက်ပေးနိုင်သမျှပါ။ မင်းကျေနပ်မယ် မဟုတ်လား အချစ်ရယ်" ဟူသော အသံကို ကြားလိုက်ရပါလေသည်။

ခဏအတွင်းမှာပင် သူတို့ နှစ်ယောက်သည် လူချမ်းသာများက လူဆင်းရဲတို့၏ နှလုံးသားအပေါ်၌ နင်းသွားဘိသကဲ့သို့ ပန်းများအပေါ်မှာ လှမ်းသွားကြပါလေတော့၏။ ကိုယ့်မြင်ကွင်းမှ သူတို့ ပျောက်ကွယ်သွားလေလျှင် ကိုယ်သည် အချစ်နှင့်ငွေကြေးကို နှိုင်းယှဉ်လာပြီး ကိုယ့်နှလုံးသားတွင် ထင်ဟပ်လာသော သူတို့အကြောင်းကို ခွဲခြားစိတ်ဖြာ ကြည့်မိပါလေတော့သည်။ ငွေ၊ ဤသည်ကား မရိုးဖြောင့်သော အချစ်၏ အရင်းအမြစ်ပါတကား၊ အလင်းရောင်နှင့် စီးပွားဥစ္စာ အတုအယောင် ရေစီးပါတကား၊ အဆိပ်ရေတွင်းပါတကား၊ အရွယ်၏ မိုက်မဲမှုပါတကား။

ကိုယ်သည် သဲကန္တာရပြင်ကျယ်၌ ထိုင်လျက် အထီးကျန် တစ်ကိုယ်တော်အဖြစ်နှင့် ဘဝမဲ့စုံတွဲတို့အဖြစ်ကို အလေးအနက် ဆင်ခြင်တွေးတောရင်း မြက်ခင်းပေါ်၌ ထိုင်လျက် ကျန်ခဲ့ပါလေတော့သည်။ ထိုစဉ်မှာပင် မလှမ်းမကမ်းရှိ ယာတောအတွင်း ယာတဲကလေးဆီမှ အမျိုးသားရွယ်တစ်ယောက်နှင့် အမျိုးသမီးရွယ်တစ်ယောက်တို့သည် အေးချမ်းအထီးကျန် နိုင်လှသော ဤနေရာသို့ရောက်လာကြပါ၏။

အတန်ကြာ လုံးဝတိတ်ဆိတ်နေပြီးနောက်တွင် ကိုယ်သည် နွမ်းလျ ပင်ပန်းဟန် နှုတ်ခမ်းများတို့မှ ရေရွတ်ညည်းတွားသံများကို ဤသို့ ကြားလိုက်ရပါလေ၏။

"မျက်ရည်မကျပါနှင့် အချစ်ရယ်၊ အချစ်ဆိုတာက ကိုယ်တို့ မျက်လုံးတွေကို ဖွင့်ပေးပြီး ကိုယ်တို့ နှလုံးသားတွေကို ကျွန်ပြုထားလိုက်တဲ့အတွက် ကိုယ်တို့ရဲ့ သည်းခံတရားကို ဆုမွန်ခြွေလိုက်တာပါပဲကွယ်။

http://www.cherrythitsar.org



ကိုယ်တို့ဟာ နှစ်ဦးသစ္စာဆိုခဲ့ပြီး အချစ်ဗိမာန်ကို ဝင်ခဲ့ကြပြီဖြစ်တဲ့အတွက် ကိုယ်တို့ ရုတ်တရက် မပေါင်းသင်းရသေးတာကိုပဲ ဖြေသိမ့်ပါကွယ်။ ကိုယ်တို့အချစ်ဟာ ဆင်းရဲဒုက္ခတွေ ကြားထဲကပဲ ကြီးထွားလာရတာပါ။ ကိုယ်တို့ဟာ အချစ်အတွက်နဲ့ပဲ ဆင်းရဲဒုက္ခ အခက်အခဲတွေ၊ ဒုက္ခဒဏ် ပြင်းပြမှုတွေကို ခံခဲ့ကြတာပါ။ ကိုယ်ဟာ အောင်မြင်မှုရပြီး မင်း လက်ထဲမှာ အချစ်ခရီး ပြီးဆုံးတဲ့အထိ အကူအညီဖြစ်စေမယ့် စွမ်းအားမျိုးထည့်နိုင်ဖို့ ကိုယ့် အခက်အခဲဟူသမျှကို တိုက်ဖျက် တွန်းလှန်ပါမယ်။

"အချစ်ဆိုတာ ဘုရားသခင်ပါကွယ်။ ဘုရားသခင်က ကိုယ်တို့ရဲ့ ပင့်သက်တွေကို စဉ်းစားမှာပါ။ ဒီ ပင့်သက်တွေ၊ မျက်ရည်တွေ ဆိုတာ ဒေါသပြင်းစွာဖြစ်ပြီး ဘုရားသခင်ရဲ့ ပလ္လင်တော်ကို လောင်မြိုက်လာစေတာနဲ့ တစ်ပြိုင်နက် ကိုယ်တို့ရဲ့ ခံနိုင်ရည် ဖွဲ့တွေအတွက် ဆုလာဘ် ချီးမြှင့်မှာပါ အချစ်ရယ်။ ခွဲခွာကြစို့ အချစ်ရယ်၊ ကိုယ်တို့အချစ်ကို အားပေးတဲ့ ဖိုးလမင်းကြီး မကွယ်ခင် ကိုယ် သွားရလိမ့်မယ် အချစ်"

အချစ်မီး၏ လောင်မြိုက်ခြင်းနှင့် တမ်းတကြေကွဲရသည့်အတွက် မျှော်လင့်ချက်ကင်းမဲ့သည့် ခါးသီးသော အတွေ့အကြုံတို့ကြောင့် သည်းခံခြင်းကိုပင် ချိုမြိန်သော ရသထူးအဖြစ် မှတ်ယူကာ ခွဲခွာသွားကြသော သူတို့၏ နှုတ်ဆက်စကားမှာ ရှင်းသန့်ဖြူစင်သော အသံ ဖြစ်ပါလေသည်။ သူတို့ကား ခွဲခွာသွားလေပြီ။ သူတို့ ပြန်လည်ဆုံစည်းရေးအတွက် တမ်းချင်းသည်ကား ကိုယ့် နှလုံးသား ဝေဒနာဖြင့် မွန်းကျပ်လာခဲ့ပါလေသည်။

ကိုယ်သည် ငိုက်မျဉ်းလာသော သဘာဝကို ကြည့်ရင်း ကျယ်ပြန့်သော အမှန်တရားနှင့် ဩဇာအာဏာ၊ တန်ခိုးအရှိန်အဝါ၊ ငွေကြေးတို့ဖြင့် ဝယ်ယူမရနိုင်သော၊ မဆုံးနိုင်သော တရားတို့ကို ပြန်လည်ဆင်ခြင်လာမိပါလေတော့သည်။ ဤသို့သော တရားတို့သည်ကား မျက်ရည်ဖြင့် သော်လည်းကောင်း၊ ကြေကွဲဝမ်းနည်းမှုဖြင့် သော်လည်းကောင်း ဖျောက်ဖျက်

စာအုပ်တိုက်

http://www.cherrythitsar.org



ချေမှုန်း၍ မရနိုင်ကောင်းပါပေ။ ဤသို့သော တရားတို့ကို ဆွစ်ဇာလန် ကန်ပြာတို့၌သော်လည်းကောင်း၊ အီတလီရှိ လှပသော အဆောက်အအုံကြီး များ၌သော်လည်းကောင်း တွေ့နိုင်မည်ကား မဟုတ်ပါပေ။

ဤသည်ကား သည်းခံခြင်း၊ စိတ်ရှည်ခြင်း၊ အခက်အခဲတို့ကို ကျော်လွှားခြင်း၊ ဆောင်းရာသီ၌ နွေးထွေးခြင်း၊ နွေဦးရာသီ၌ ဖူးပွင့် ဝေဆာခြင်း၊ နွေ၌ လေညင်းကျခြင်း၊ ဆောင်းဦး၌ အသီးမြိုင်ဆိုင်ခြင်းတို့ ဖြစ်ပြီး အချစ်သဘော၌ ဤသည်တို့ကို ကိုယ် တွေ့နိုင်ပါလေ၏။

❖

http://www.cherrythitsar.org

# ပန်း၏ တေး

ကိုယ်သည်
သဘာဝအသံမှ
ထပ်ပြန်တလဲလဲ ရွတ်ဆိုသော
ကရုဏာသံပါတည်း။
ကိုယ်သည်
မြက်ခင်း ကော်ဇောပြင်ထက်
အပြာရောင် တဲမိုးဆီမှ ကျလာသော
ကြယ်ပွင့်ပါပေတည်း။

စာအုပ်တိုက်

http://www.cherrythitsar.org



ကိုယ်သည်
ဆောင်းဥတုက
သယ်ဆောင်လာသော
ရုပ်ပစ္စည်းတို့၏ သမီးပါတည်း။
နွေရာသီတွင်ကား မွေးဖွားပါပေအံ့။
ကိုယ်သည်
နွေဥတုပေါင်ပေါ်၌ ကြီးထွားကာ
ဆောင်းဦးရာသီ အိပ်ရာထက်၌ အိပ်ပျော်ပါပေအံ့။

အရုဏ်ဦး၌ လေညင်းနှင့်အတူ ပေါင်းစည်း၍
အလင်းရောင် လာအံ့သော အဖြစ်ကို
ကြေညာပါမည်။
ကိုယ်သည်
ညနေချမ်းတွင်
အလင်းရောင်ကို နှုတ်ဆက်စကားဆိုသော ငှက်တို့နှင့်
ပူးပေါင်းပေအံ့။

ကွင်းပြင် ခပ်သိမ်းကို
ကိုယ့်အလှရောင်စုံဖြင့် ခြယ်သကာ

http://www.cherrythitsar.org



လေပြည်တွင်
ကိုယ်ရနံ့တို့ကို ထုံကြူပါစေအံ့။

ညတာတွင်
ကိုယ့်အား
စောင့်ကြည့်မည့် မျက်လုံးတို့ကို
ငိုက်မျဉ်းခြင်းဖြင့် ထွေးပိုက်ပြီး
နေ့၏ မျက်လုံးကို
ကိုယ် အိပ်ရာမှ နိုးသည်နှင့်
စိုက်ကြည့်ပါစေအံ့။

ကိုယ်သည်
နှင်းပေါက်ကို
အရက်ချိုအလား သောက်သုံး၍
ငှက်တို့၏ တေးသံကို နားစိုက်ကာ
မြက်ပင်တို့၏ လှုပ်ရှားဟန်နှင့်အညီ
ကခုန်ပါစေအံ့။

ကိုယ်သည်ကား
ချစ်သူ့ လက်ဆောင်တည်း။

စာအုပ်တိုက်

http://www.cherrythitsar.org



မင်္ဂလာပန်းကုံးလည်း မည်ပါ၏။

ကိုယ်သည်ကား

ကြည်နူးမှုကာလ၏ အမှတ်တရပါတည်း။

ကိုယ်သည်ကား

အသက်ရှင်ရခြင်းက ပေးကမ်းသော

သေလွန်ကာလ နောက်ဆုံးလက်ဆောင်ပါတည်း။

ကိုယ်သည်ကား

ပျော်ရွှင်မှု၏ အစိတ်အပိုင်း တစ်ခုလည်း ဖြစ်ပါ၏။

ကြေကွဲမှု၏ အစိတ်အပိုင်း တစ်ခုလည်း ဖြစ်ပါ၏။

သို့သော်လည်း

ကိုယ်သည်

အလင်းကိုမြင်နိုင်ရန်

ဟိုးအမြင့်ကို လှမ်းကြည့်ပါအံ့။

ကိုယ့် အရိပ်ကို မြင်သာရန်ကား

အောက်သို့ ငုံ့၍ မကြည့်ပါလေ။

ဤသည်ကား

လူ သင်ကြားလေ့လာရမည့် ပညာရပ်ပါတည်း။

❖

# အမြင်အာရုံ

ကျွန်ုပ်သည် ယာခင်းတစ်ခု၏အလယ် ကြည်လင်သော ရေစီးချောင်း၏ ဘေး၌ လက်ရာမြောက် သံထည်ဆရာ၏ သံချောင်းများ၊ ပတ္တာများနှင့် ပြုလုပ်ထားသည့် ငှက်လှောင်အိမ်တစ်ခုကို တွေ့ရပါလေသည်။ လှောင်အိမ်ထောင့်ပိုင်း၌ ငှက်တစ်ကောင် လဲသေနေပြီး အခြားထောင့်ပိုင်းတွင် ရေလုံးဝမရှိသော ခွက် တစ်ခွက်နှင့် အစာလုံးဝ မရှိသော ခွက် တစ်ခွက်တို့ ရှိပါ၏။ ကျွန်ုပ်သည် အသက်မရှိသောငှက်နှင့် ဘေးနားက ရေစီးသံကို တိတ်ဆိတ်စွာ ငေးစိုက်ရင်း ထိုအရာတို့၌ စူးစမ်းလေ့လာနေဘိသကဲ့သို့ နှလုံးသားအသိနှင့် သိစိတ် အသိတို့အားဖြင့် တည်ငြိမ်စွာ ရပ်နေမိပါလေ၏။

ကျွန်ုပ်သည် မြင်ကွင်းနှင့်အတွေးတို့ကို စုစည်းလိုက်လေသော် သနားစရာသတ္တဝါကလေးသည် ဘဝ ပုခက်ယာဉ်သာ ဖြစ်သော သီးနှံကြွယ်ဝလှသည့် ယာခင်းအတွင်း ငတ်မွတ်ခြင်းဖြင့် လည်းကောင်း၊ ရေစီးချောင်းဘေးတွင် ရေငတ်ခြင်းဖြင့် လည်းကောင်း သေသွားရပါကလားဟု

http://www.cherrythitsar.org



သိလာရပါ၏။ ပမာသော်ကား သူကြွယ်တစ်ဦးသည် မီးခံသေတ္တာအတွင်း ရွှေပုံအလယ်၌ ငတ်မွတ်မှုဒဏ်ကိုခံစားလျက် အသက်ဆုံးရှုံးသွားရသည့် ပမာတည်း။

ကျွန်ုပ်၏ မျက်စိရှေ့မှာပင် ငှက်လှောင်အိမ်သည် လူသား တစ်ယောက်၏ အရိုးစုသဖွယ် ရုတ်ခြည်းပြောင်းလဲသွားကာ လှောင်အိမ် တွင်းရှိ ငှက်သည်လည်း သွေးတသွင်သွင် ယိုစီးလျက် ဒဏ်ရာရနေသည့် လူ့နှလုံးသားအလား မြင်လာရပါ၏။ ဤဝေဒနာသည်ကား ကြေကွဲ ဝမ်းနည်းလှစွာသော မိန်းမတစ်ယောက်၏ နှုတ်ခမ်းဖျားများနှင့် တူလှပါဘိ သည်။ ထို ဒဏ်ရာရနှုတ်ခမ်းများမှ ဤသို့သောအသံသည် ထွက်ပေါ်လာပါ လေ၏။

"ကိုယ်သည်ကားလူ့နှလုံးသားဖြစ်ပြီး အရာရာတို့၏အကျဉ်းသား ကမ္ဘာမြေအပြင် ဥပဒေတို့၏ဓားစာခံ ဖြစ်ရပါလေပြီ။"

"ဘုရားသခင်၏ အလှကွင်းထဲရှိ ဘဝရေစီးချောင်းကမ်းပါး၌ ကိုယ်သည် လူတို့ပြုလုပ်အပ်သော ဥပဒေတို့၏ လှောင်အိမ်တွင်း၌ အကျဉ်း ကျနေရပါလေပြီ။"

"ကိုယ်သည် ဘုရားသခင် ခွင့်ပြုတော်မူသော လွတ်မြောက်မှုနယ် ၏ ပျော်ရွှင်ခြင်း၊ ပြင်ပ လှပသောဖန်တီးမှု အလယ်ဗဟို၌ လျစ်လျူရှုခြင်း မျိုးဖြင့် သေဆုံးရပါလေပြီ။"

"ကိုယ်၏ အချစ်နှင့် စိတ်ဆန္ဒတို့ နိုးထစေခဲ့သည့် အလှခပ်သိမ်း တို့သည် လူတို့၏ခံယူချက်အရ သိက္ခာမဲ့ ဖြစ်ရပါလေပြီ။ ကိုယ်ပြုသမျှ ကောင်းမှုတို့သည်လည်း လူ၏တရားစီရင်မှုအရ အရာမရောက်၊ အချည်း နှီးမဲ့ ဖြစ်ကြရပါလေပြီ။"

"ကိုယ်သည် နှလုံးသားမဲ့ လူသားအဖြစ်ဖြင့် လူ၏ အာဏာအရ ညစ်ထေးရှုံ့ရှာဖွယ်သော အကျဉ်းထောင်အတွင်း၌ ကမ္ဘာမြေ၏ အာဏာနှင့်

http://www.cherrythitsar.org



အညီ သံကြိုးများနှင့် ချည်နှောင်ခံရပြီး သေသည်၏ အခြားမဲ့၌လည်း မြင်သာသော မျက်ရည်ခန်းခြောက်လျက် နှုတ်ပိတ်နေကြရှာသည့် လူသား ဆန်ဆန် ရယ်မောကြသူတို့ကလည်း မေ့ပျောက်သွားကြပါလေပြီ"

ဤသည်တို့ကား ကျွန်ုပ်ကြားရသော စကားလုံးများဖြစ်ပြီး ကျွန်ုပ် သည် ဒဏ်ရာရ နှလုံးသားမှ စီးထွက်လာသည့် သွေးစီးချောင်းနှင့်အတူ သူတို့သည် ပြန့်ဝင်လာကြပါလေ၏။

မိန်းမသည် ဆက်၍ပြောပါသေးသည်။ ကျွန်ုပ်ကား မျက်ရည်ဖြင့် မျက်လုံးအစုံ မှုန်ဝေသွားသဖြင့် ဘာကိုမျှလည်း မကြားရတော့ပါတကား။

❖

စာအုပ်တိုက်

# အောင်နိုင်သူများ

ရေကန်စပ် မိုးမခပင်နှင့် ဆိုက်ပရုတ်ပင်အရိပ်တွင် ယာသမားတစ်ယောက်၏သားသည် တည်ငြိမ်တိတ်ဆိတ်သော ကန်ရေပြင်ကို အာရုံစူးစိုက် တွေးတောနေလေသည်။

သူသည် သဘာဝနှင့် ကျွမ်းဝင်ပြီးဖြစ်သည့်အလျောက် ပတ်ဝန်းကျင်ရှိ အရာခပ်သိမ်းသည် အချစ်ကိုသာ သဘောပေါက်စေပါ၏။ သစ်ကိုင်းခက်လက်များက ပိုက်ထွေးယုယလျက်၊ ပန်းပွင့်တို့က မြူးဆွယ်ကာ၊ မြက်ပင်တို့သည်လည်း ကျက်သရေဖြာဝေ၍၊ ငှက်တို့သည် ခွန်းတုံ့ ခွန်းလှယ် ပြုနေကြကုန်၏။ ဘုရားသခင်သည်လည်း အသံမျိုးစုံဖြင့် တရားတော်ကို ဟောမြွက်နေပါဘိသည်။

သူငယ်ကား လူရွယ်တစ်ဦးဖြစ်၏။ ယမန်နေ့ ညချမ်းကမူ ဤရေကန်အပါးတွင် မိန်းမပျိုများခြံရံလျက် ထိုင်နေသော မိန်းမပျိုတစ်ယောက်ကို တွေ့ခဲ့ရလေသည်။ ခဏချင်းပင် လူရွယ်သည် မိန်းမပျိုကို မေတ္တာ

သက်ဝင်ခဲ့မိပါလေသည်။ ယခုမူ မိန်းမပျိုမှာ စော်ဘွား၏သမီးဖြစ်သည်ကို သိရသဖြင့် ခံစားလွယ်သော သူ့ နှလုံးသားကို သူ အပြစ်တင်ရပါလေပြီ။ သို့သော် သူ၏နှလုံးသားသည်ကား ပြောင်းလဲမသွားပါပေ။ အထီးကျန်ဘဝသည်လည်း သူ၏ဝိညာဉ်ကို အမှန်တရား၏တည်ရာမှ လွှဲဖယ်ပစ်နိုင်စွမ်းမရှိပါပေ။ လူတစ်ယောက်၏နှလုံးသားနှင့် ဝိညာဉ်တို့မည်သည်ကား တောင်လေနှင့် မြောက်လေကြား၌ အညင်အသာ ရွေ့ရှားနေသော သစ်ကိုင်းငယ် ပမာတည်း။

လူရွယ်သည် မြူဆိုင်းနေသောမျက်လုံးအစုံဖြင့် ပတ်လည်ကို ကြည့်လေရာ ခမ်းနားသော စံပယ်ရုံဘေး၌ သာမန် ဝိုင်အိုလက်ပန်းကလေးများ ပွင့်နေသည်ကို မြင်ရပါလေ၏။ သစ်ပင်ထက်၌ သပိတ်လွယ်ငှက်မောင်နှံတို့ ကျီကျီကျာကျာ မြည်နေသည်ကိုလည်း မြင်ရပါ၏။ သို့သော်ငြားလည်း သူ့ နှလုံးသားမှ တမ်းတသံများသည်ကား ထိုအပင်၏ အမြစ်ရင်း၌ တွယ်ကပ်ပေါက်လာကြသော မြက်ပင်တို့၏အသွားများက ခမ်းနားထည်ဝါလှစွာသော အပင်ကြီးကို ဒဏ်ရာရစေဘိသကဲ့သို့ ရှိပါလေသည်။

သူသည် ခံစားမှုပြင်းစွာဖြင့် ငိုကြွေးပါလေတော့သည်။ သို့သော် အချိန်သည် တရွေ့အလား ရုတ်ခြည်း ပျောက်ကွယ်သွားပါလေ၏။ သူသည် စွဲလမ်းတမ်းတခြင်းဖြင့် သက်ပြင်းကိုချကာ ဤသို့ ရေရွတ်ပါလေတော့ သည်။

"ကိုယ်မြင်ရသည်မှာ အချစ်၏ အံ့ဖွယ်ပါတည်း။ မျှော်လင့်ခြင်းတို့သည် သနားဖွယ်ဖြစ်ရပြီး အလိုဆန္ဒဟူသမျှသည်လည်း ဂုဏ်သိက္ခာကျဆုံးဖွယ်ရာသာ ဖြစ်ကြရပါလေပြီ။"

"ကိုယ် ကိုးကွယ်ရသောအချစ်ဆိုသောအရာကား ကိုယ့်နှလုံးသားကို စော်ဘွား၏ နန်းတော်ဆောင်အထိ မြင့်တက်စေပြီး ယာသမား၏ တဲကိုကား နိမ့်ကျစေလိုပါလေပြီ။ ဤသို့သော အဖြစ်သည် ကိုယ့်စိတ်ဓာတ်

http://www.cherrythitsar.org



ကို သူ၏ခမည်း ရှေးမျိုးရိုးစဉ်ဆက်တို့၏ စွမ်းအားဖြင့် အကာအကွယ် ပြုလျက် ကျေးကျွန်များခြံရံကာ၊ သူ့အား မြှောက်စားချီးပသူတို့ ဝန်းရံနေသော ထိုမိန်းမပျိုဆီသို့သာ လုံးလုံးလျားလျား ဦးဆောင်ခဲ့ပါလေ၏။”

“ကိုယ်သည် သူဦးဆောင်ရာနောက်မှ ထက်ကြပ်မကွာ လိုက်ခဲ့ပါလေပြီ။”

“ကိုယ့်ကို အဘယ်ပုံ မြင်ရပါလေသနည်း။ ကိုယ်သည် အချစ်နှင့် အတူ အလျှံညီးညီးတောက်သော လမ်းပေါ်မှ လျှောက်ခဲ့ပါလေ၏။ ကိုယ့်မျက်လုံးကို ဖွင့်လိုက်သောအခါ ဘာကိုမျှ မမြင်ရတော့။ ပကတိ အမှောင်။ နှုတ်ခမ်းဖျားတို့သည် တုန်ယင်နေကြပါလေကုန်၏။ နှုတ်ဖျားမှ ဒုက္ခကိုသာ ဆိုညည်းပါစေလေ၏။ အချစ်၊ သင်ရှိစဉ်ခဏ ချိုမြိန်ရသော အဖြစ်မှ မွတ်သိပ်ခြင်းကို ခံစားရပါလေပြီ။ သင်ကား သန်စွမ်းသလောက် ကိုယ်ကား အားနည်း ပျော့ညံ့လှပါတကား။ သင်သည် အဘယ်ကြောင့်ကော ကျွန်ုပ်အား ရုန်းကန်စေပါသနည်း။”

“သင်ကား တရားမျှတသလောက် ကိုယ်သည်ကား သိနားလည်မှု ကင်းမဲ့လှပါပေသည်။ သင်သည် ကိုယ့်ကို အဘယ်ကြောင့် ဖိနှိပ်ပါဘိသနည်း။ ”

“သင်သည် ကိုယ့် အရှိအဖြစ်ပါတည်း။ သင်သည် အဘယ်ကြောင့် ကိုယ့်ကို ထိခိုက်ဒဏ်ရာ ရစေပါဘိသနည်း။”

“သင်သည် ကိုယ့်အဖို့လမ်းပြရှေ့ဆောင်ဖြစ်ပါ၏။ အဘယ်ကြောင့် ဤတောကြီးမျက်မည်းတွင် ကိုယ့်ကို စွန့်ပစ်သွားရပါဘိသနည်း။”

“ကိုယ်သည် သင့်ခြေရင်း၌ ကရုဏာကို တောင်းခံပါ၏။ သင်ရှေ့ဆောင်ရာ လမ်းမှတစ်ပါး လိုက်စရာ အခြားသောလမ်းသည် မရှိ။ သင့်ဆန္ဒနှင့်အညီ လိုက်နာရသည်မှာ ကွင်းပြင်လယ် သင့် အတောင်ရိပ် အောက်၌ ကိုယ့်ဝိညာဉ်ကို ပျော်ပိုက်စေဖွယ်ရာသာတည်း။

http://www.cherrythitsar.org



"ချောင်းရေသည် သူ့ချစ်သူပင်လယ်ပြင်ဆီသို့ အသော့နှင်ပါလေပြီ။"

"ပန်းပွင့်တို့သည် သူ့ချိုသည်း နေမင်းတူရူသို့ ပြုံးပြကြကုန်၏။

"တိမ်တိုက်သည် သူ့အဖော် ချိုင့်ဝှမ်းဆီသို့ ဆင်းသက်လာပါလေ၏။

"ကိုယ်သည်ကား ချောင်းရေစီးသံကို မကြားရ၊ ပန်းတို့ကိုလည်း မမြင်ရ၊ တိမ်တို့၏အဖြစ်ကိုလည်း မသိရပါတကား။

"ကိုယ်ကား အထီးကျန်ဖြစ်ရပါလေပြီ။ သင့် ဖခမည်းတော်၏ စစ်တပ်တွင်လည်း ကိုယ့်ကို လက်မခံ၊ သင့်နန်းတွင်း၌လည်း ကျေးကျွန်အဖြစ် လက်မခံ၊ ကိုယ်ရှိသည်ကိုပင် သင်မသိပါလေ"

လူရွယ်သည် ချောင်းရေစီး၏ ဆိုညည်းသံ၊ ပန်းပွင့်တို့၏လှုပ်ရှားဟန် ဘာသာစကားကို သင်ယူလိုဟန်ဖြင့် ခဏမျှ တိတ်ဆိတ်သွားပါသည်။ ထို့နောက် ဤသို့ ဆက်၍ ပြောပြန်ပါလေသည်။

"ဒီမှာ ကိုယ်သည် ဂုဏ်ရိပ်အောက်မှ လည်းကောင်း၊ ကျက်သရေအတားအဆီး နံရံနောက်မှလည်းကောင်း၊ သံတံခါးတို့၏ အကာအကွယ်မှလည်းကောင်း သင့်အမည်ကို မခေါ်ရက်ပါပေ။ သံသရာတွင် အဘယ်ဘုံ၌ဆုံကြရပါအံ့နည်း။ တရားမျှတခြင်း စိုးမိုးရာ၊ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်သော ဘုံကား အဘယ်ဘုံပါနည်း။

"သင်သည်ကား ကောင်းချီးအပေးခံရသော အချစ်၏ တည်ရာ ကိုယ့်နှလုံးသားနှင့် ဘုရားသခင်ဂုဏ်ပြုရာ ကိုယ့်ဝိညာဉ်တို့ကို ဆောင်ယူသွားသူပေတည်း။

"ယမန်နေ့ကမူ ကိုယ်သည် ဤယာခင်းအတွင်း၌ ငြိမ်းအေးစွာ နေခဲ့ ရသော အကြောင့်ကြမဲ့သူ ဖြစ်ခဲ့ပါ၏။ ယနေ့တွင်ကား နှလုံးသားမဲ့ အကျဉ်းသားဘဝသို့ ရောက်ရပါလေပြီ။

စာအုပ်တိုက်

http://www.cherrythitsar.org



"ကိုယ်သည် သင့်ကိုတွေ့လိုက်ရသောခါ ကိုယ် ဤလောကသို့ ရောက်လာရသည်ကို နားလည်သဘောပေါက်လာရပါသည်၊ အို အလှ ကလေး။

"သင်သည် မင်းသမီးကလေး ဖြစ်နေသည်ကို တွေ့ရသောအခါ ကိုယ်သည် ကိုယ်၏ဆင်းရဲသောအဖြစ်ကို ပြန်ကြည့်သည်တွင် ဘုရားသခင် သည်ကား လူ၏အဖြစ်ကို ဖုံးကွယ်ထားတတ်မြဲဖြစ်၏။ ထိုလျှို့ဝှက် လမ်းကြောင်းသည် အချစ်ဟူသည်ကား ကမ္ဘာမြေ၏ ထုံးတမ်းစဉ်လာကို မေ့ပျောက်မြဲပါတကားဟု ကိုယ် သဘောပေါက်စေရပါလေသည်။ ကိုယ် သင့် မျက်လုံးအစုံကို စိုက်ကြည့်မိသောအခါ လျှို့ဝှက်လမ်းကြောင်းသည် လူ၏ နှလုံးသားတံခါးဝသို့ ရှေးရှုသော ဘုံဗိမာန်တည်ရာ လမ်းကြောင်းဟု သိနားလည်ရပါလေ၏။

"ကိုယ်သည် ဘုံဗိမာန်နှင့် ကိုယ်၏ ဆင်းရဲနုံချာသော အဖြစ်ကို ယှဉ်ကြည့်မိသောအခါ သော့ခတ်တံခါးအတွင်း၌ လူပုကလေးတစ်ယောက် နှင့် ဘီလူးတစ်ကောင်တို့ လုံးထွေးသတ်ပုတ်နေသည့်အဖြစ်ကို မြင်ရသည် တွင် ဤကမ္ဘာမြေကား ကိုယ့်ဇာတိမြေ မဟုတ်မှန်း သဘောပေါက်လာရ ပါတော့သတည်း။

"ယမန်နေ့ကမူ ကိုယ်သည် သင့်အား အပျိုစင်များ ခြံရံလျက် တောစပ်ပယ်တွေအလယ်မှ နှင်းဆီတစ်ပွင့်အလား မြင်ခဲ့ရပါ၏။ ထိုအခါ ဤသည်မှာ ကောင်းကင်ဘုံမှ ကိုယ့်ထံသို့ ဆင်းသက်လာသည့် အမြင်အာရုံ ပဲဟု ကိုယ်ယုံကြည်ခဲ့ပါ၏။ သို့သော် သင့်ခမည်းတော်၏ ဂုဏ်ကျက်သရေ ကို သိရသောအခါတွင်ကား နှင်းဆီပွင့်ကို ခူးအံ့သောလက်သည် မမြင်သာ သည့် ဆူးများစူးကာ သွေးထွက်ခံစားရသည့်အဖြစ်ကို နောက်ကျမှပင် သိပြီး ကိုယ့် အိပ်မက်လည်း ဆုံး၍ အိပ်ရာမှ လန့်နိုးခဲ့ပါလေ၏"

လူရွယ်သည် မတ်တတ်ရပ်ပြီး ကြေကွဲဝမ်းနည်းလှစွာဖြင့် ချောင်း

http://www.cherrythitsar.org



ကလေး တစ်ခုဆီသို့ ဖြည်းဖြည်းချင်းလျှောက်လာခဲ့ပါ၏။ မျက်နှာကို လက်ဝါးအစုံတွင် အပ်ပြီး စိတ်ပျက်လက်ပျက် ညည်းညူပြန်ပါသည်။

"အို အရှင်သေမင်း၊ တရားမျှတမှု ကင်းမဲ့လှစွာဖြင့် ဆူးပြွမ်းသော နှင်းဆီတို့ပွင့်ရာ ဤကမ္ဘာမြေမှ ကိုယ့်ကို ခေါ်ယူပါလေတော့။ အချစ်၏ ကောင်းကင်ဘုံဆိုင်ရာ ဂုဏ်ကျက်သရေအပေါင်းကို ပစ်ပယ်၍ အရာ မရောက်သော ဂုဏ်သိက္ခာဖြင့် အစားထိုးသည့် နိုင်ငံပိုင်နက်တို့ တည်ရာ ဤကမ္ဘာမှ ကိုယ့်အား ခေါ်ယူလှည့်ပါ။ အို ရှင်သေမင်း၊ ကိုယ့်အား ကူညီပါ လေ။ သံသရာသည်သာ လွတ်မြောက်ရာဖြစ်သောကြောင့် ကိုယ်သည် သံသရာ၏တစ်ဆစ်ချိုးမှ ကိုယ်ချစ်ရသူကို ကိုယ်စောင့်ဆိုင်းပါရစေ"

ညနေချမ်းတွင် လူရွယ်၏ ကိုယ်ရော၊ စိတ်သည်ပါ လှည့်လည် လှုပ်ရှားနေခဲ့ပါ၏။ နေရောင်ခြည်တို့သည် ယာခင်းများမှ ရုတ်သိမ်းပါလေ ၏။ သူသည် စော်ဘွား၏သမီး လမ်းလျှောက်ခဲ့သော ပန်းရုံကလေး တစ်ခုတွင် ဝင်ထိုင်လိုက်သည်။ နှလုံးသား ပေါက်ကွဲ ပွင့်အန်လာမည်ကို တားဆီးသောအနေဖြင့် ဦးခေါင်းကို ရင်ဘတ်ပေါ်သို့ ငုံ့ချလိုက်ပါသည်။

ထိုစဉ်မှာပင် လှပသောမိန်းမပျိုသည် မိုးမခပင်များနောက်မှ ပေါ်လာပြီး သူ၏ဝတ်ရုံသည် မြက်ခင်းပေါ်၌ တရွတ်ဆွဲပါလာပါလေသည်။ မိန်းမပျိုသည် ယာသမား၏သားအပါးသို့ ရောက်လာပြီး ယာသမားသား၏ ဦးခေါင်းပေါ်သို့ လက်ကို အညင်အသာ တင်လိုက်ပါသည်။ လူရွယ်သည် ရူးသွပ်နေသည့်အလား မျက်လုံးတွင်ထင်လာသော ရုပ်သွင်ကို မယုံကြည် နိုင်ဘဲ မိန်းမပျိုကို စိုက်ကြည့်လိုက်ပါသည်။ မိန်းမပျိုကား စော်ဘွား၏ သမီးတည်း။

မျိုးဆက်သည် မီးအလျှံထနေသော ချုံပုတ်ကိုမြင်သည်နှင့် ဒူး တုပ် ဘိသကဲ့သို့ လူရွယ်သည်လည်း ဒူးတုပ်လိုက်သည်။ သူ စကားပြောဖို့ ကြိုးစားပါသေး၏။ နှုတ် အ နေလေပြီ။ မျက်ရည်တို့သာ အစားထိုး

http://www.cherrythitsar.org



ကျဆင်းလာပါ၏။ မင်းသမီးသည် သူ့ကို ပွေ့ဖက်ပြီး သူ့နှုတ်ခမ်းပေါ်သို့ အနမ်းတံဆိပ် ခတ်လိုက်ပါသည်။ လူရွှယ်၏ မျက်ရည်စများကို မင်းသမီး က ပါးဖြင့် အညင်အသာ ပွတ်သပ်ဖယ်ရှားပေးပါသည်။ ဂီတသံထက်ပင် နူးညံ့သိမ့်မွေ့သော အသံဖြင့် ဤသို့ဆိုပါလေသည်။

"ကိုယ့် အိပ်မက်ထဲမှာ သင့်အလွမ်းကို မြင်မက်ရပါသည်။ သင့် ရုပ်သွင်က ကိုယ့်တစ်ကိုယ်တည်းဘဝကို အဆုံးသတ်စေခဲ့ပါ၏။ သင်သည် ကား ကိုယ်၏ ပျောက်ဆုံးခဲ့ရသော ဝိညာဉ်ပါတကား။ ဤကမ္ဘာအပြင်သို့ ကိုယ်ရောက်လာစဉ်က ပဲ့သွားခဲ့သော ကိုယ့်ဘဝ တစ်ဝက်ပါတကား။

"ကိုယ်သည် သင့်ကိုတွေ့ရန် ဤနေရာသို့လာခဲ့ခြင်းဖြစ်၏။ ယခု ကား သင်နှင့် ကိုယ်တို့ တွေ့ကြရလေပြီ။ သင် ကိုယ့်ကို ဘာမျှ မစိုးရိမ်ပါ လင့်။ ကိုယ်သည် သင့်နောက်မှလိုက်ပါကာ ဟိုအဝေးနေရာသို့သွား၍ ဘဝ ဖျော်ရည်သောက်သုံးပြီး အတူသေကြရန် အလို့ငှာ ဖခမည်းတော်၏ ဂုဏ် ကျက်သရေ အပေါင်းတို့ကို စွန့်ခွာလာခဲ့ပါပြီ"

သူတို့နှစ်ဦးသည် သစ်ပင်များကြားတွင် ဘေးချင်းယှဉ်လျက် ညအမှောင်ပျိုးလာသည်အထိ လျှောက်လာခဲ့ကြပါ၏။ လမ်းလျှောက်လာ ရင်းပဲ အလင်းရောင်မျှင်မျှင်က သူတို့ကို ပိုက်ထွေးလိုက်ပါသည်။ သူတို့ သည် အမှောင်ကို မကြောက်တော့ပါ။ စော်ဘွား၏ အပြစ်ဒဏ်ကိုလည်း မကြောက်ကြတော့ပါ။

မြေပြင်၏အဝေးဆုံးနေရာ၌ စော်ဘွား၏ စစ်သည်များသည် လူ ရုပ်ကြွင်း အရိုးစုနှစ်ခုကို တွေ့ကြရပါလေ၏။ အရိုးစုတစ်ခု၏ လည်ပင်း၌ ရွှေဆွဲကြိုးသည် ချည်နှောင်ထားဘိသကဲ့သို့ ရှိ၏။ ရုပ်ကြွင်း အရိုးစု၏ ဘေး၌ တစ်ခုစီတွင် ဤသို့ ကမ္ပည်းထိုးထားသော ကျောက်စာတိုင်တို့ကို တွေ့ရလေသည်။

http://www.cherrythitsar.org



သေမင်း ဆောင်ယူသည်ကို
မည်သူမျှ မတားဆီးနိုင်။
ကောင်းကင်ဘုံက ချီးမြှင့်သည်ကို
မည်သူမျှ အပြစ်မပေးနိုင်။
အချစ်၏ ပေါင်းစည်းခြင်းကို
မည်သူမျှ မခွဲနိုင်။
သံသရာ၏ အစီအမံကို
မည်သူသည်မျှ မပြောင်းလဲနိုင်။

❖

စာအုပ်တိုက်

http://www.cherrythitsar.org

# အချစ်၏တေး

ကိုယ်သည်ကား
အချစ်၏ မျက်လုံးအစုံ
နှလုံးသား အာဟာရအတွက် အရက်ချိုပါတည်း။
ကိုယ်သည် နှင်းဆီတစ်ပွင့်၊
ကိုယ့်နှလုံးသားကား
အရဏ်ဦးမှာ ပွင့်လာပါ၏။
အပျိုစင်သည် ကိုယ့်ကို ကြူမွေးပြီး
သူ့ ရင်ထက်၌ တင်ထားလိုက်ပါ၏။

http://www.cherrythitsar.org



❀ ကိုယ်သည်ကား
စစ်မှန်သော ကြမ္မာဂေဟာ
ပျော်ရွှင်မှု၏ မူလအစ၊
ငြိမ်းချမ်း ငြိမ်သက်မှု၏အစပါတည်း။
ကိုယ်သည်ကား
အလှနှုတ်ခမ်းလွှာပေါ်မှ အပြုံးပါတည်း။
ငယ်ဘဝသည် ကာလကို မီလာသောအခါ
ဖြတ်သန်းလာရသော ပင်ပန်းမှုတို့ကို မေ့လျော့ကာ
သူ့ဘဝသည်လည်း
ချစ်အိပ်မက်တို့၏အစစ်အမှန်များ
ဖြစ်လာကြပါလေကုန်၏။
ကိုယ်သည် ကဗျာဆရာ၏ ပီတိ
အနုပညာရှင်၏ ဖော်ထုတ်ချက်
ဂီတပညာရှင်၏ လှုံ့ဆော်မှုပါတည်း။

စာအုပ်တိုက်

http://www.cherrythitsar.org



❀ ကိုယ်သည်
ကရဏာရှင် မိခင်၏
အမြတ်တနိုး ကလေးငယ်၏ နှလုံးသားမှ
မြင့်မြတ်သော အမြုတေဖြစ်ပါ၏။
ကိုယ်သည်
နှလုံးသားကို ဖွင့်လိုက်ပါသည်။
တောင်းဆိုချက်ကို လွှဲဖယ်လိုက်ပါ၏။
နှလုံးသား လိုအင်နောက်သို့
ကိုယ် အားစိုက်၍ လိုက်ပါ၏။
သို့သော်၊
အချည်းအနှီးသောအသံ၏ တောင်းဆိုချက်ကို
လွှဲဖယ်ပြန်ပါလေ၏။

http://www.cherrythitsar.org



❀ ဝေကို အကြောင်းပြု၍
ကိုယ်သည် အာဒံ ဖြစ်လာပါ၏။
အာဒံအဖို့ ဝေစုကား
နယ်နှင်ဒဏ်တည်း။
ကိုယ်သည်ကား
ဆော်လမွန်ရှေ့မှောက်သို့ ဖွင့်ဟပါ၏။
သို့သော် ဆော်လမွန်သည်
ကိုယ့်မျက်မှောက်မှာပင်
ပညာဉာဏ် ကြွယ်ဝခဲ့ပါလေသည်။

❀ ကိုယ်က
ဟယ်လင်နာကို ပြုံးပြပါ၏။
ဟယ်လင်နာကား
တာဝဒကို ဖျက်ဆီးလိုက်ပါလေသည်။
သို့ပါသော်လည်း
ကလီယိုပက်ထရာသည်
နိုင်းမြစ်ဝှမ်းကို
ငြိမ်းချမ်းသာယာမှုဖြင့် စိုးမိုးလိုက်ပါသတည်း။

စာအုပ်တိုက်

http://www.cherrythitsar.org



❀ ကိုယ်သည်ကား
ယနေ့ တည်ဆောက်ပြီး
နောက်တစ်နေ့တွင် ဖျက်ဆီးပစ်လိုက်သော
ခေတ်ကာလပမာတည်း။
ကိုယ်ကား
ဖန်တီး ဖျက်ဆီးတော်မူသော ဘုရားသခင်ပမာတည်း။
ကိုယ်သည်
ဝိုင်အိုလက်ပွင့်၏ သက်ပြင်းထက်ပင် ချိုမြိန်ပါ၏။
ကိုယ်သည်
အဖျက်မိုးမုန်တိုင်းထက် ပြင်းထန်ပါသေး၏။

❀ လက်ဆောင်ပစ္စည်းတို့သည် ကိုယ့်ကို မမြူဆွယ်၊
ခွဲခွာမှုသည်လည်း စိတ်ပျက်အားလျော့ခြင်း မဖြစ်ပေါ်စေ၊
ဝန်တိုမှုသည်လည်း ကိုယ် သတိပြုမှုကို မဖော်ပြ၊
ကိုယ် ရှိနေသည်ကိုလည်း အရူးအမူး အဖြစ်က မပြ။

❀ ကိုယ့်ကို ရှုနေသူတို့၊
ကိုယ်ကား
အမှန်တရားကို တောင်းခံနေသော အမှန်တရားပါတည်း။
သင်ကား
အမှန်တရားကို ရှာလည်း ရှာပါ၏။
ရလည်း ရပါ၏။
ပြီး ....
ကိုယ့်အပြုအမူအတွက် ဆုံးဖြတ်မည်ကိုလည်း
သင် ကာကွယ်ပါ၏။ ။

❖

http://www.cherrythitsar.org

# ဆန္ဒနှစ်သွယ်

ည၏ တိတ်ဆိတ်ခြင်းတွင် သေမင်းသည် ဘုရားသခင်ထံပါးမှ မြေအပြင်သို့ ဆင်းသက်လာခဲ့ပါ၏။ သူသည် မြို့တော်ပေါ်၌ ရစ်ဝဲပြီး လူနေအိမ်များကို ထွင်းဖောက် ကြည့်ပါလေသည်။ သူသည် အိပ်မက်တောင်ဟုန်ကို စီးလျက် မျောပါပြီး အိပ်ပျော်ခြင်း ကရုဏာတွင် လက်နက်ချကြကုန်သော ဝိညာဉ်များကို မြင်ရပါ၏။

လမင်းသည် မိုးကုပ်စက်ဝိုင်းအောက်ဘက်သို့ ကျဆင်းသွားသောအခါ ညသည် ပိန်းပိန်းပိတ် မှောင်လာပါ၏။ သေမင်းသည် အိမ်တွေကြားတွင် မည်သည်ကိုမျှမထိဘဲ သတိကြီးစွာဖြင့် တိတ်တဆိတ် လျှောက်လာခဲ့ရာ အိမ်ကြီးတစ်ခုဆီသို့ ရောက်လာခဲ့ပါလေသည်။ သေမင်းသည် မင်းတုပ်ချထားသော တံခါးဝမှ အနှောင့်အယှက်မရှိ ဖြတ်ဝင်လာခဲ့ပြီး သူကြွယ်ကြီး၏ အိပ်ရာဘေး၌ ရပ်လိုက်ပါသည်။ ထိုအခါ သေမင်းက သူကြွယ်၏နဖူးကို ထိလိုက်ရာ သူကြွယ်သည် မျက်လုံးများပွင့်သွားပြီး

http://www.cherrythitsar.org



အထိတ်တလန့် နိုးလာပါလေတော့သည်။

သူကြွယ်သည် သေမင်းကို မြင်လေလျှင် ဒေါသနှင့် ကြောက်လန့်မှုကို ရောယှက်ခံစားရကာ

"သွားစမ်းပါ၊ ကြောက်စရာ အိပ်မက်ကောင်။ ငါ့အနားကို မလာပါနှင့် ကြောက်စရာတစ္ဆေကောင်။ သင်ကား အသူနည်း။ ဤအခန်းထဲသို့ အဘယ်ပုံ ရောက်လာရသနည်း၊ သင် အဘယ်ကို အလိုရှိသနည်း။ ဤ နေရာမှ သင် ချက်ချင်းထွက်သွားပါ။ ကျွန်ုပ်ကား ဤအိမ်ကြီး၏ အရှင် တည်း။ ကျွန်ုပ်၏ကျေးကျွန်တွေ၊ အစောင့်တွေကို ခေါ်ပြီး သင့်ကိုသတ်ရန် အမိန့်ပေးရတော့အံ့"

ဟု ပြောလိုက်ပါသည်။ သေမင်းသည် ညင်သာသော်လည်း တမြေ့မြေ့လောင်ကျွမ်းအံ့သော မိုးကြိုးသံနှင့်

"ကျွန်ုပ်ကား သေမင်းတည်း။ နေရာမှထ၍ အလေးပြု ဦးညွှတ်ပါဘိ"

ဟု ပြောလိုက်ပါသည်။ အိမ်ကြီးရှင်က ဤသို့ ပြန်ကြားပါလေသည်။

"သင် အဘယ်ကို အလိုရှိသနည်း။ ကျွန်ုပ် ဆောင်ရွက်ဖွယ် ကိစ္စ ခပ်သိမ်း မပြီးသေးပါဘဲ သင် အဘယ်ကြောင့် ရောက်လာရပါသနည်း။ ကျွန်ုပ်ကဲ့သို့ သန်သန်မာမာပုဂ္ဂိုလ်ထံမှ သင် အဘယ်ကို ရပါမည်နည်း။ အားနည်းပျော့ညံ့သူ ထံသို့သွားပြီး ထိုသူကို ခေါ်သွားပါလေ။ သင်၏ သွေးရဲရဲ ခြေသည်း၊ လက်သည်း မျက်တွင်းဟောက်ပက်တို့ကို မြင်ရသည့်အတွက် ကျွန်ုပ် စိတ်မချမ်းသာပါ။ နံရိုးပြိုင်းပြိုင်းနှင့် အသေကောင် ကြောက်စရာရုပ်ကိုလည်း ကျွန်ုပ် ကြည့်မနေချင်ပါ"

အိမ်ကြီးရှင်သည် စကားပြတ်သွားပြီး အဖြစ်မှန်ကို သိလာသည့် အလျောက် ကြောက်ရွံ့သွားကာ၊

"မ.... မလုပ်ပါနဲ့ ကရုဏာရှင် သေမင်းရယ်။ ကျွန်တော်မျိုး ကြောက်အားလန့်အားနှင့် ပြောမိသည်ကိုလည်း ဖွဲမယူပါနှင့်။ ကျွန်တော်မျိုး ဆီက ရွှေတစ်တောင်း ယူချင်ယူပါ။ ကျွန်တစ်သိုက်၏ ဝိညာဉ်ကို ယူချင်လည်း ယူပါ။ ကျွန်တော်မျိုးကိုကား ဘေးမဲ့ပေးပါ။ ကျွန်တော်မျိုးမှာ ငွေစာရင်းရှင်းစရာတွေရှိသလို လူအချို့ဆီမှ ရစရာ ရွှေများလည်းရှိပါသည်။ ကျွန်တော်မျိုး၏ သင်္ဘောများသည်လဲ ဆိပ်ကမ်းသို့ မဆိုက်ကပ်ရသေးပါ။ ရှင်သေမင်း အလိုရှိရာကိုသာ ယူသွားပါ။ ဂျုံတွေလည်း မရိတ်သိမ်းရ သေးပါ။ ရှင်သေမင်း၊ ကျွန့်ပ်တွင် သူမတူအောင် အလွန်လှပသော မိန်းကလေးတို့သည်လည်း အဆောင်နှင့်အပြည့် ရှိပါ၏။ သင်စိတ်တိုင်းကျ ကို ကျွန့်ပ် လက်ဆောင်အဖြစ် ဆက်သပါ၏။ အမိန့်ရှိပါ ရှင်သေမင်း။ ကျွန်တော်မျိုးတွင် ကျွန်တော်မျိုး၏ ဘဝမျက်ဖျော် ဆိုရမည့် ကလေး တစ်ယောက်လည်း ရှိပါ၏။ ဤကလေးကို အလိုရှိပါက ကျွန်တော်မျိုး အရှင့်အား ဆက်သပါ၏။ ကျွန်တော်မျိုးကိုကား ချမ်းသာပေးပါလေ"

ဟု ပြောပါလေ၏။ဤတွင် သေမင်းသည် "သင်ကား လူချမ်းသာ မဟုတ်ပါတကား။ သနားစရာ လူဆင်းရဲပါတည်း" ဟု ဆိုကာ မြေသား ကျေးတော်မျိုး ကျွန်တော်မျိုးတစ်ယောက်၏ လက်ကိုဆွဲယူပြီး အမှား ပြင်ချက် တစ်ရပ်ကို ဆောင်ရွက်ဘိသည့်အလား သူကြွယ်ကြီးအား တမန်တော်များလက်သို့ အပ်လိုက်ပါလေသတည်း။

သေမင်းသည် ဆင်းရဲသားများနေသော ရပ်ကွက်အတွင်းသို့ ဖြည်းဖြည်းချင်း ဆက်လက်လျှောက်လှမ်းခဲ့ရာ တွေ့သမျှအိမ်များမှ ဆင်းရဲ အနုံနဲ့ဆုံး အိမ်တစ်လုံးသို့ ရောက်လာခဲ့ပါ၏။ သူသည် အိမ်တွင်းသို့ဝင်ခဲ့ပြီး လူငယ်တစ်ယောက် အကျအနအိပ်နေသော ခုတင်အပါးသို့ ကပ်လာခဲ့ ပါသည်။ ထို့နောက် လူငယ်၏မျက်လုံးများကို ထိကြည့်လိုက်ရာ လူငယ်သည် အိပ်ရာမှ ရုတ်ခနဲထလိုက်သည်တွင် သေမင်းကို မြင်လိုက်ရ

http://www.cherrythitsar.org



သဖြင့် မျှော်လင့်ခြင်းနှင့် အချစ်များစွာဖြင့်

"ကျွန်တော် အသင့်ရှိ ပါသည်၊ အို အရှင်သေမင်း။ သင်သည် ကျွန်တော်၏ မျှော်လင့်ချက် အိပ်မက်များဖြစ်ပေရကား ကျွန်တော်၏ ဝိညာဉ်ကို လက်ခံပါလေ။ အရှင့်အလိုကျ ဆောင်ရွက်ပါလေ။ ကျွန်တော့်ကို ပိုက်ထွေးပါဘိ ချစ်ရသော ရှင်သေမင်း။ သင်ကား ကရုဏာရှင်ပါတည်း။ ကျွန်တော့်ကို ချန်မသွားပါလင့်။ သင်ကား ဘုရားသခင်၏ တမန်တော်ပါတည်း။ ကျွန်တော့်ကို ဆောင်ကြည်း၍ ဘုရားသခင်ထံသို့ ပို့ပါဘိ။ သင်သည်ကား အမှန်တရား၏ ညာလက်ရုံးဖြစ်ပြီး အကြင်နာတရား၏ နှလုံးသားဖြစ်ပါ၏။ ကျွန်တော့်ကို ကွက်၍ မချန်ခဲ့ပါလင့်။

"ကျွန်တော် သင့်အား ကြိမ်ဖန်များစွာ တောင်းပန်ခဲ့ပါ၏။ သင်ကား ကျွန်တော့်ထံသို့ မလာခဲ့ပါချေ။ ကျွန်တော်သည် သင့်ကို ရှာခဲ့ပါ၏။ သင်ကား ကျွန်တော့်ကို ရှောင်ခဲ့ပါသည်။ ကျွန်တော်သည် သင့်ကို အော်၍ ခေါ်ခဲ့ပါ၏။ သို့သော် သင်ကား ကျွန်တော့်အသံကို နားမဝင်ခဲ့ပါ။ ယခုကား သင် ကြားပါလေပြီ။ ကျွန်တော့်ဝိညာဉ်ကို ထွေးပိုက်ပါဘိ ချစ်ရသော ရှင်သေမင်း"

သေမင်းသည် နူးညံ့သောလက်အစုံကို တုန်ယင်နေသည့်နှုတ်ခမ်းများပေါ်သို့ တင်၍ ဖြစ်ရပ်မှန်တို့ကို ဖယ်ရှားပြီး လုံခြုံစိတ်ချရေးအတွက် အတောင်အောက်၌ ထွေးပိုက်လိုက်ပါသည်။ သေမင်းသည် ကောင်းကင်သို့ ပျံတက်လာရင်း နောက်ဘက်သို့ လှည့်ကြည့်ကာ သတိပေးစကားကို ဤသို့ တီးတိုး ရွတ်ဆိုလိုက်ပါလေသည်။

*"သံသရာကို ပြန်လာသူတို့သာ*
*ဤမြေအပြင်၌ သံသရာကို ရှာဖွေပါက*
*သံသရာသို့ ပြန်ရပေလိမ့်မည်"*

❖

http://www.cherrythitsar.org

# လူ့တေး

❋ ကျွန်ုပ်သည်
ကမ္ဘာဦး တည်စမှသည်
ယခုတိုင် ငြိမ်သက်စွာ တည်ရှိခဲ့ပါ၏။
ကျွန်ုပ်၏ ကြေကွဲဖွယ် အဖြစ်သည်
ဆုံးခန်း မတိုင်နိုင်ရကား၊
ကျွန်ုပ်သည်
ကမ္ဘာ့ နောက်ဆုံးကာလအထိ
ယခုအတိုင်း ဆက်လက် တည်ရှိနေပါလိမ့်မည်။

❋ ကျွန်ုပ်သည်
အဆုံးမရှိသော ကောင်းကင်၌ လှည့်လည်ခဲ့ပြီး
စိတ်ကူး စံဖြင့် ရှိသော ကမ္ဘာအပြင်၌ ပျံတက်ကာ
ကောင်းကင်ပြင်ကျယ်ကို ဖြတ်သန်းလာခဲ့ပါ၏။

http://www.cherrythitsar.org



သို့သော်လည်း
ကျွန်ုပ်ကား
အတိုင်းအတာ၏ အကျဉ်းသားတည်း။

❋ ကျွန်ုပ်သည်
ကွန်ဖြူးရှပ်၏ သင်ကြားချက်များကိုလည်း
ကြားနာရပါ၏။
ဗြဟ္မဏတို့၏ ပညာကိုလည်း
ကျွန်ုပ် နားစိုက်ခဲ့ပါ၏။
ကျွန်ုပ်သည်
အသိပဒေသာပင်အောက်မှ ဗုဒ္ဓအပါး၌လည်း
ထိုင်ခဲ့ပါ၏။

သို့သော်လည်း
ကျွန်ုပ်သည်
သိနားလည်မှု မရှိဘဲ
အများ လက်ခံထားသည်တို့ကို
ကန့်ကွက် အသက်ရှင်နေဆဲ ဖြစ်ပါ၏။

❋ ဂျေဟိုဗာသည်
မိုဆက်ထံသို့ လာစဉ်က
ကျွန်ုပ်သည် ဆီနိုင်းတွင် ရှိခဲ့ပါ၏။

http://www.cherrythitsar.org



ကျွန်ုပ်သည် ဂျော်ဒန်၌
နဇာရင်း၏ အုံ့ဖွယ်တို့ကိုလည်း မြင်ခဲ့ရပါ၏။
မိုဟာမက် ရောက်လာစဉ်ကလည်း
ကျွန်ုပ် မယ်ဒီနာတွင် ရှိခဲ့ပါ၏။

သို့သော် ယခုမူ
ကျွန်ုပ်သည် စိတ်ရှုပ်ထွေးမှု အကျဉ်းသား ဖြစ်နေပါ၏။

❋ ကျွန်ုပ်သည်
ဗေဗီလုန်နိုင်ငံ၏ အင်အားကိုလည်း သိခဲ့ပါ၏။
အီဂျစ်နိုင်ငံ၏ ဂုဏ်ကျက်သရေကိုလည်း လေ့လာခဲ့ပါ၏။
ရောမရှိ စစ်အာဏာပိုင်တို့၏ ကြီးကျယ်မှုကိုလည်း သုံးသပ်ခဲ့ပါ၏။

သို့သော်လည်း
ကျွန်ုပ်အဖို့ ရှေ့ပိုင်းသွန်သင်မှုတို့က
ဖော်ပြပါ စွမ်းဆောင်ချက်များ၏
အားနည်း ကြေကွဲဖွယ်များကို ပြနေပါလေသည်။

❋ ကျွန်ုပ်သည်
အိန်းဒိုးက မျက်လှည့်ဆရာများနှင့်လည်း ဆွေးနွေးခဲ့ဖူးပါ၏။
အဆီးရီးယားက ရဟန်းများနှင့်လည်း ငြင်းခုံခဲ့ဖူးပါ၏။
ပါလက်စတိုင်းမှ တမန်တော်များထံမှလည်း ထဲထဲနှိုက်နှိုက် စူးစမ်းခဲ့ပါ၏။
ကျွန်ုပ်ကား အမှန်တရားကို ရှာဖွေဆဲပါတည်း။

http://www.cherrythitsar.org



※ ကျွန်ုပ်သည်
တိတ်ဆိတ်သော အိန္ဒြိယမှ ပညာတို့ကိုလည်း
ရှာမှီး စုဆောင်းခဲ့ပါ၏။
အာရေဗျမှ ရှေးဟောင်း အမွေအနှစ်တို့ကိုလည်း
နှိုက်နှိုက်ချွတ်ချွတ် လေ့လာခဲ့ပါ၏။
ကြားနာ သိမှတ်ရသမျှ အားလုံးကို
ကြားနာ သိမှတ်ခဲ့ပါ၏။

သို့သော်
ကျွန်ုပ်၏ နှလုံးသားကား
ဆွံ့ အ စုံလုံးကန်းနေပါလေသည်။

※ ကျွန်ုပ်သည်
ထင်ရာစိုင်း မင်းတို့၏လက်တွင်လည်း
ခံစားခဲ့ရဖူးပါပြီ။
ကျူးကျော်သူ အရှူးတို့အောက်တွင်လည်း
ကျွန်ဖြစ်ခဲ့ရပါပြီ။
အနိုင်အထက် ပြုကျင့်သူတို့အောက်၌လည်း
မွတ်သိပ်ခဲ့ရပါပြီ။

သို့သော်
ကျွန်ုပ်တွင် အတွင်းစွမ်းအား အနည်းငယ်မျှ ရှိပါ၏။
ဤစွမ်းအားဖြင့် နေ့စဉ်ရင်ဆိုင်ရမည့်အရေးတို့ကို နှုတ်ဆက်ပါ၏။

http://www.cherrythitsar.org



❊ ကျွန်ုပ် စိတ်တို့ကား ပြည့်ပါ၏။
နှလုံးသားကား ဗလာချည်းသက်သက်။
ခန္ဓာကိုယ် အိုမင်းသော်လည်း
နှလုံးသားကား ငယ်နုဆဲ။
လူ့ရှယ်ဘဝတွင်
နှလုံးသားသည်
ကြီးထွားကောင်း ကြီးထွားတန်ရာ၏။

သို့သော်
ကျွန်ုပ်သည်
ဘုရားသခင်ထံ ပြန်ရသည်အထိ
ကြီးထွားစေရကြောင်း ဆုတောင်းပါ၏။
ထိုအခါတွင်ကား
နှလုံးသားသည်လည်း ပြည့်တန်ကောင်းပါ၏။

❊ ကျွန်ုပ်ကား
ကမ္ဘာဦး တည်စမှသည် ယခုတိုင်
ငြိမ်သက်စွာ တည်ရှိခဲ့ပါ၏။
ကျွန်ုပ်၏ ကြေကွဲဖွယ် အဖြစ်သည်
ဆုံးခန်း မတိုင်နိုင်ရကား
ကျွန်ုပ်သည်
ကမ္ဘာ့နောက်ဆုံး ကာလအထိ
ယခုအတိုင်း ဆက်လက် တည်ရှိနေပါလိမ့်မည်။

❖

ငှက် စာအုပ်တိုက်

http://www.cherrythitsar.org

# မနေ့ကနှင့် ယနေ့

ရွှေငွေ ကျောက်မျက်ရတနာ အများအပြားကို ပိုင်ဆိုင်သော ပုဂ္ဂိုလ်တစ်ဦး သည် နန်းဥယျာဉ်တွင်း၌ ပရိဒေဝများနှင့်အတူ လမ်းလျှောက်နေပါလေ၏။ သူ့ဦးခေါင်းပေါ်တွင် သောကတို့သည် တိရစ္ဆာန်အသေကောင်ပေါ်၌ လင်းတများ ပျံဝဲ လှည့်ပတ်နေသည့်အလား ဝဲပြန့် လှည့်ပတ်နေကြ၏။ သူသည် ခမ်းနားထည်ဝါလှသော စကျင်ကျောက်ရုပ်ထုများ ဝိုင်းရံနေသည့် လှပသောရေကန်ဆီသို့ ရောက်လာခဲ့ပါလေသည်။

သူသည် ချစ်သူ၏ စိတ်ကူးမှ အတွေးများ လွတ်လွတ်လပ်လပ် ယိုစီးကျနေသည့်အလား ကျောက်ရုပ်ပါးစပ်များမှ စီးကျနေသော ရေစီးကို တွေးငေးကြည့်ရင်း မိန်းမပျို၏ ပါးပြင်ထက်က မွေးရာပါ အမှတ်သားနှယ် တောင် ကမူထက်ပေါ်ရှိ သူ၏နန်းတော်ကို အာရုံစူးစိုက် နေမိလေသည်။ သူ၏စိတ်အာရုံတွင် သူ့ဘဝဇာတ်လမ်း စာမျက်နှာများကို ဖတ်ရစဉ် မျက်ရည်များ သွယ်ကျကာ မှုန်ဝေလာပြီး သဘာဝ၌ ချည့်နဲ့တုန်ယင်စွာ

http://www.cherrythitsar.org



ရှုမြင်လာသောအမြင်ကို မှုန်ဝါးသွားသည့်အလား ထင်ယောင်လာပါသည်။

သူသည် သူငယ်ဘဝက ရုပ်ပုံလွှာများကို ပြန်လည် မြင်ယောင်ကာ ငယ်ဘဝအဖြစ်တို့သည် ဘုရားသခင်တို့နှင့် ရောထွေးပြီး သူ၏ ပရိဒေဝကို မထိန်းနိုင်ဘဲဖြစ်လာပါ၏။ ထိုအခါ သူက 'ကိုယ်ဟာ မနေ့တုန်းက ကိုယ့်သိုးတွေကို စိမ်းလဲ့ချိုင့်ဝှမ်းထဲမှာလှန်ရင်း ပလွေကိုကျူကျူမှုတ်ကာ ခေါင်းကိုမတ်လျက် ကိုယ့်ဖြစ်တည်မှုကို ကိုယ်ကြည်နူးခဲ့ရပါ၏။ ယနေ့မူ ကိုယ်သည် လောဘ၏ အကျဉ်းသားဖြစ်ရပါလေပြီ။ ရွှေတို့က ကိုယ့်ကို ရွှေရှိရာသို့ ဦးဆောင်ပြီး ရုပ်တည်ရာမရ ဖြစ်ရသည်၏ အဆုံး၌ ကိုယ်သည် ဒုက္ခအပေါင်းတို့၏ တိုက်ခိုက်ခြင်းကို ခံရပါလေတော့၏။

'ယမန်နေ့ကမူ ကိုယ်သည် ယာခင်းပြင်တို့ အထက်ကောင်းကင်ပြင်၌ လွတ်လပ်စွာ ပျံဝဲနေသည့် တေးဆိုငှက်အလား ဖြစ်ခဲ့ရပါ၏။ ယနေ့တွင်ကား ကိုယ်သည် မတည်မြဲသော ဥစ္စာပစ္စည်း၊ လူ့အဖွဲ့အစည်း၏ ဥပဒေသ၊ မြို့တော်၏ ဓလေ့ ထုံးတမ်းတို့၏ ကျေးကျွန်ဖြစ်ရကာ မိတ်ဆွေတို့ကိုဝယ်ယူရပြီး လူ၏ ကျဉ်းမြောင်းဆန်းပြားသော ဥပဒေတို့နှင့်အညီ ဖြစ်စေရန် လူတို့ကိုလည်း နှစ်သိမ့်မှု ပေးနေရပါလေ၏။ ကိုယ်သည် လွတ်လပ်စွာ မွေးဖွားလာခဲ့ရပြီး ဘဝအရသာကိုလည်း ကျေကျေနပ်နပ် ခံစားခဲ့ပါ၏။ သို့သော်လည်း ရွှေဝန်ထုပ်ဝန်ပိုးတို့ကို ကျောရိုးကျိုးမတတ် ထမ်းပိုးလာခဲ့ရသော တိရစ္ဆာန်အလား မိမိကိုယ်ကို တွေ့ရှိလာခဲ့ရပါ၏။

'အပြန့်ကျယ်လှစွာသောလွင်ပြင်တို့ကား အဘယ်မှာနည်း။ တေးဆို ချောင်းကလေးများ၊ သန့်စင်သောလေ ပြည်လေညင်းနှင့် သဘာဝ၌ ချဉ်းကပ်မှုတို့ကား အဘယ်မှာနည်း။ ကိုယ် အားလုံးကို ဆုံးရှုံးရလေပြီ တကား။ အထီးကျန်ဘဝဖြင့် ကြေကွဲရမှုမှအပ ဘာမျှမရှိတော့ပါချေ။ ရွှေဆိုသောအရာကား ကိုယ့်ကို လှောင်ပြောင်ကာ ကျေးကျွန်ပြု ကျိန်စာတိုက် နေပါပြီလေ။ ကိုယ် တည်ဆောက်ခဲ့သော နန်းတော်ကြီးသည်ပင်

http://www.cherrythitsar.org



ကိုယ့်ပျော်ရွှင်မှု၏ သင်္ကေတဖြစ်ရာ သင်္ချိုင်းဖြစ်ရပါလေပြီ။ ဤကြီးကျယ်ခမ်းနားမှုတွင် ကိုယ်၏နှလုံးသားသည်လည်း ဆုံးရှုံးရပါလေပြီ။'

'မနေ့က ကိုယ်သည် မြက်ခင်းပြင်များနှင့် တောင်ကုန်းများပေါ်၌ သိုးမွေးသူ ဗီဒိုအင်၏ သမီးနှင့်အတူ နေရာအနှံ့ လှည့်လည်ခဲ့ပါ၏။ အကျင့်သီလသည် ကိုယ်တို့၏အဖော်၊ အချစ်သည် ကိုယ်တို့၏ကြည်နူးရာ၊ လမင်းသည် ကိုယ်တို့၏အုပ်ထိန်းသူ ဖြစ်ခဲ့ပါ၏။ ယနေ့မူကား ကိုယ်သည် သူတို့၏ ခပ်ပေါပေါအလှကို ရွှေများ၊ စိန်များအလို့ငှာ ရောင်းချသူ မိန်းမတို့အကြား၌ ရောက်နေရပါလေပြီ။

'ယမန်နေ့ကမူ ကိုယ်သည် အကြောင့်ကြမဲ့စွာဖြင့် သိုးထိန်းတို့၏ဘဝသုခကို မျှဝေခံစားလျက် စားကာ၊ ကစားကာ၊ အလုပ်လုပ်ကာ၊ တေးဆိုကာ၊ ကခုန်ကာဖြင့် နှလုံးသား၏ စစ်မှန်သော တေးဂီတနှင့်အတူ ပျော်ခဲ့ရပါ၏။ ယနေ့မူ ကိုယ်သည် ဝံပုလွေတို့အလယ်၌ ကြောက်ရွံ့နေရရှာသော သိုးငယ်၏အဖြစ်ကို ကြုံရပါလေပြီ။ ကိုယ်သည် လမ်းမများပေါ်သို့ လျှောက်သွားစဉ်၌ အများကပင် ကိုယ့်ကိုမုန်းတီးသော အကြည့်ဖြင့် ကြည့်လျက် မလိုမုန်းထားသော၊ မနာလိုသော အကြည့်ဖြင့် ကိုယ့်ကို လက်ညှိုးငေါက်ငေါက်ထိုးကြပါလေကုန်၏။ လမ်းပေါ်တွင် တိတ်တဆိတ် လျှောက်သွားစဉ်မှာပင် ကိုယ့်ပတ်လည်က လူအပေါင်းသည် ကိုယ့်ကို မျက်မှောင်ကြုတ်၍ ကြည့်ကြပါကုန်၏။

'ယမန်နေ့ကမူ ကိုယ်သည် ပျော်ရွှင်မှုအပေါင်းနှင့်ကြွယ်ဝခဲ့ပါ၏။ ယနေ့မူကား ကိုယ်သည် ရွှေများနှင့်ဆင်းရဲရပါလေပြီ။

'ယမန်နေ့ကမူ ကရုဏာကြီးမားသောဘုရင်မင်းမြတ်သည် သူ၏ရောင့်ရဲမှုအပေါင်း ပြည့်စုံသော ပိုင်နက်နယ်ပယ်အပေါ်၌ ပျော်ရွှင်မှုဖြင့် ကြည့်ရှုဘိသကဲ့သို့ ကိုယ်သည်လည်း ကိုယ့် သိုးအုပ်ကို ကြည့်ပြီး ပျော်ရွှင်ခဲ့ရပါ၏။ ယနေ့မူ ကိုယ်သည် တစ်ချိန်က ဘဝ၏အလှဟု သိထားသော

http://www.cherrythitsar.org



အလှအပမှ လှယူခဲ့သည့် ဥစ္စာပစ္စည်းတို့အပါး၌ ကျေးကျွန်တစ်ယောက် ပမာရပ်လျက် နေရပါလေပြီ။

'ကိုယ်အား တရားသဖြင့် အဆုံးအဖြတ်ပေးမည့် တရားသူကြီး၊ ကိုယ့်အား ခွင့်လွှတ်ပါလေ။ ကိုယ်သည် ချမ်းသာကြွယ်ဝခြင်းက ကိုယ့်ဘဝကို အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားစေပြီး ကိုယ့်အား မိုက်မဲမှုနှင့် ကြမ်းတမ်းမှု အချုပ်ခန်းဆီသို့ ဦးဆောင် ခေါ်လာခဲ့ပါလေသည်။ ကိုယ့်စိတ်ကူးကား ထာဝရ လောင်မြိုက်မည့် မီးလျှံမှအပ ဘာမျှမရှိသော ဂုဏ်ကျက်သရေတည်း' ဟု ပြောလိုက်ပါသည်။

သူသည် သူ့ကိုယ်ကို ပြန်လည်သိမ်းဆည်းကာ သူ၏ နန်းတော်တူရှုသို့ ဖြည်းဖြည်းချင်း အပန်းတကြီးလျှောက်လာပြီး သက်ပြင်းကို ချ၍ ဤစကားကိုပင် ထပ်ပြန်တလဲလဲ ဆိုပြန်ပါလေ၏။

'လူတွေပြောတဲ့ ကြွယ်ဝမှုဆိုတာ ဒါပဲလား။ ရွှေဆိုတာ ကိုယ်က ကိုးကွယ်ဆည်းကပ်ဖို့လား၊ ကမ္ဘာမြေပေါ်မှာ ကိုယ် ရှာဖွေတာ ဒါပဲလား။ ကိုယ်ဟာ ရောင့်ရဲမှု အမှုန်အမွှားကလေးကိုတောင် ဘာကြောင့် ဝယ်လို့ မရနိုင်ရတာလဲ။ မည်သူကမျှား ရွှေတစ်တန်နဲ့ အတွေးလှလှကလေးကို ရောင်းမှာပါလိမ့်။ ကိုယ့် ကျောက်မျက် လက်တစ်ဆုပ်စာအတွက် မည်သူကမျှား အချစ်ကို ခဏတာပေးမှာပါလိမ့်။ ကိုယ့် ရွှေငွေသေတ္တာတွေ ပေးဖို့ ဝန်မလေးပါဘူး။ အဲဒီအတွက် ဘယ်သူကမျှား တစ်ပါးသူတွေရဲ့ နှလုံးသားကို မြင်နိုင်စွမ်းတဲ့ မျက်လုံးတစ်လုံး ပေးမှာပါလိမ့်'

သူသည် သူ၏ နန်းတော်တံခါးဝသို့ ရောက်လေလျှင် ဗျေရုဆလင်မြို့ကို ကြည့်သော ဂျယ်ရီမီယာအလား နောက်ဘက်သို့ လှည့်ကြည့်လိုက်ပါသည်။ သူသည် စိတ်သောက ကြီးမားစွာဖြင့် လွမ်းဆွတ်ပူဆွေးဟန် လက်အစုံကို မြှောက်လျက် ဤသို့ အော်ဟစ်လိုက်ပါလေသည်။

"အို.... အမှောင်တွင်း၌ နေထိုင်၍ ဒုက္ခအပေါင်းကို

http://www.cherrythitsar.org



ရေးရှုကာ မိစ္ဆာဒိဋ္ဌိတို့၏ ဟောပြောချက် အလွဲအမှားတို့ကို ကြားနာလျက် ဘာမျှ မသိနားမလည်သူ အဖြစ်သို့ ဆိုက်ရောက်နေကြကုန်သော၊ အန္တရာယ် အပေါင်းကို ရင်ဆိုင်နေကြကုန်သော မြို့တော်သူ မြို့တော်သားအပေါင်းတို့၊ သင်တို့သည် အဘယ်ကာလတိုင်အောင် အညစ်အကြေးလောကတွင် နေထိုင်၍ ဤဥယျာဉ်တို့ကို အဘယ်ကာလ၌ စွန့်ခွာအံ့နည်း။ သင်တို့သည် သင်တို့အတွက် သဘာဝပိုးထည်တို့ကို ရက်လုပ်ပေးပါလျက် အဘယ် အကြောင်းကြောင့် သင်တို့သည် ကျဉ်းမြောင်းကျပ်တည်းလှစွာသော အဝတ်အထည် စုတ်စုတ်ပြတ်ပြတ်ကို ဝတ်နေရပါသနည်း။ ပညာမီးအိမ် ကား မှိန်လွန်းစွတကား။ ယခုအခါ ဆီထည့်၍ ပြုပြင်သင့်ပါ၏။ ကြမ္မာ ဂေဟာကား အဖျက်အဆီးခံရလေပြီ။ ယခု ပြန်လည်တည်ဆောက်ပြီး စောင့်ရှောက်ပေးဖို့ လိုပါသည်။ မသိနားမလည်သူ ခိုးသားတို့သည် သင်၏ ငြိမ်းချမ်း ဥစ္စာသိုက်ကို ခိုးယူပေတော့အံ့။ ဤသည်တို့ကို ပြန်လည်ရယူဖို့ ကြိုးစားရပေမည်”

ထိုအခိုက်မှာပင် သူဆင်းရဲတစ်ယောက်သည် သူ့ ရှေ့သို့ ရောက် လာကာ လက်ကိုဆန့်တန်း၍ လှူဖွယ်ပစ္စည်းတို့ကို အလှူခံပါလေ၏။ သူသည် ယာစကာကို ကြည့်၍ နှုတ်ခမ်းများ ပွင့်ဟလာပြီး မျက်လုံးများ သည်လည်း နူးညံ့သိမ်မွေ့မှုဖြင့် ပျော့ပျောင်းလာကာ ကရုဏာဖြင့် ဝင်းလက်လာပါလေ၏။ ဤအဖြစ်ကား ယမန်နေ့က ရေကန်အပါး၌ လွမ်းဆွတ်ပူဆွေး တမ်းတရမှုသည် လာရောက် နှုတ်ဆက်သည့်အလား ဖြစ်ပါ၏။ သူသည် ယာစကာအား ချစ်ခင်လှစွာဖြင့် ပိုက်ထွေးယုယပြီး ယာစကာ၏လက်တွင်းသို့ ရွှေများကို ထည့်ပေးရင်း တကယ် ဖြူစင် ချိုသာသော မေတ္တာသံဖြင့် “မနက်ဖြန်သည် ပြန်ရောက်လာပြီး သင်၏ ဝေဒနာသည်တို့ကို ဆောင်ယူပါလေ။ သင် ပိုင်ဆိုင်သမျှကိုလည်း ပြန်လည် ရရှိပါပေအံ့”ဟု ပြောလိုက်ပါသည်။

http://www.cherrythitsar.org



သူသည် သူ၏ နန်းတွင်းသို့ ဝင်လာရင်း “ဘဝတွင် အရာရာတို့သည် ကောင်းမွန်လှပေစွ။ ရွှေသည်ပင်လျှင် သင်ခန်းစာ ပေးနိုင်ပေရာကားကောင်းလှပါသည်။ ငွေဟူသည်မှာလည်း ကြိုးတပ်ကိရိယာပစ္စည်းနှင့်တူပါပေသည်။ ထိုပစ္စည်းကို အလိုက်သင့်မသုံးစွဲတတ်သူပင်လျှင် ထိုသူ၏နားနှင့်မလိုက်သော ဂီတသံကိုကား ကြားနေရပေမည်။ ငွေသည် အချစ်နှင့်လည်း တူပါ၏။ ထိုငွေသည် သူ့အား ဆုပ်ကိုင်ထားသူကို တဖြည်းဖြည်းချင်း ခံစားမှုကြီးစွာဖြင့်သတ်ပြီး နောက်လိုက်တို့အပေါ်၌ ပစ်ပယ်ထားသူအားမူ အသက်ဝင် တက်ကြွစေပါလိမ့်မည်”

❖

# အလှပလွှင်ရှေ့ဝယ်

အပန်းတကြီးနိုင်လှသော တစ်နေ့တွင် ကျွန်ုပ်သည် မျက်နှာထား တင်းမာသော လူ့အဖွဲ့အစည်း၏ မျက်မှောက်မှလည်းကောင်း၊ မြို့တော်၏ ရီဝေမှုံမှိုင်းနေသော ဆူညံသံများမှလည်းကောင်း ထွက်ပြေးဖယ်ခွာ၍ အပြန့်ကျယ်လှစွာသော ချိုင့်ဝှမ်းဆီသို့ ပင်ပန်း နွမ်းနယ်လှစွာ လှမ်းလာခဲ့ပါ၏။ ကျွန်ုပ်သည် မြစ်ချောင်းငယ်တို့၏ လက်ယပ်ခေါ်ရာနှင့် ငှက်ငယ်တို့၏ တေးသံများရှိရာ လမ်းအတိုင်း နေရောင်ကို မြေပြင်သို့မကျနိုင်စေရန် အကိုင်းအခက်တို့ဖြင့် ကာကွယ်ထားသော သစ်ပင်များရှိရာ နေရာသို့ ရောက်လာခဲ့ပါ၏။

ကျွန်ုပ်သည် ထိုနေရာတွင် ရပ်နေမိလေသည်။ အခြေအနေသည် ကျွန်ုပ်၏ ဝိညာဉ်ကို ဖြေသိမ့်မှုပေးနေပါ၏။ ကျွန်ုပ်၏ မွတ်သိပ်သော ဝိညာဉ်သည် ဘဝ၏ချိုမြိန်မှုအစား ဘဝ၏တံလျှပ်မှအပ ဘာကိုမျှ မတွေ့ရပါပေ။

http://www.cherrythitsar.org



ကျွန်ုပ်သည် စိတ်ဝင်စား အာရုံစူးစိုက်နေစဉ်တွင် ဖြားယောင်းမြူဆွယ်သည့် ဟော်ရီမည်သော မိန်းကလေးသည် ကိုယ်လုံးတီးပေါ်၌ စပျစ်နွယ်များဖြင့်ဖုံးကာ ဦးခေါင်းထက်၌ ဘိန်းပန်းကုံးကို ဆင်ယင်လျက် ရုတ်တရက်ပေါ်လာလေသော် ကျွန်ုပ်၏စိတ်အဟုန်သည် ကွင်းပြင်သို့ လွင့်မျောသွားသဖြင့် ကျွန်ုပ်သည် မိမိကိုယ်ကို ပြန်လည် ထိန်းသိမ်းလိုက်ရပါလေ၏။ ဟော်ရီသည် ကျွန်ုပ် တအံ့တသြဖြစ်ရသော အခြေအနေကို သတိပြုမိသဖြင့် "ကိုယ့်ကို မကြောက်ပါနဲ့ကွယ်။ ကိုယ်ဟာ တောအုပ်တွင်းက နတ်မယ်လျကလေးပါ" ဟု ပြောပြောဆိုဆို ကျွန်ုပ်ကို နှုတ်ဆက်လိုက်ပါ၏။

ကျွန်ုပ်က မေးလိုက်ပါသည်။

"မင်းအလှမျိုးနဲ့ သည်နေရာမျိုးမှာနေဖို့ ဘယ်လိုဖြစ်လာနိုင်လဲ။ မင်းဘယ်သူ၊ ဘယ်ကလာတယ်ဆိုတာ ကိုယ့်ကိုကျေးဇူးပြုပြီး ပြောပြပါ"

မိန်းမပျိုသည် မြက်ခင်းစိမ်းပေါ်တွင် ကျက်သရေရှိရှိ ထိုင်ချလိုက်ပြီး ဤသို့ တုံ့ပြန်လိုက်ပါသည်။

"ကိုယ်ကား သဘာဝ၏ သင်္ကေတပါတည်း။ ကိုယ်သည် သင့်ဘိုးဘေးတို့ ဆည်းကပ်ကိုးကွယ်ခဲ့သည့် အမြဲတမ်း အပျိုစင်ဖြစ်ပါ၏။ သင့်ဘိုးဘွားတို့သည် ကိုယ့်ကို ဂုဏ်ပြုသောအားဖြင့် ဗာလ်ဗက်နှင့် ဂျာဗေးအရပ်တို့တွင် ဘုရားကျောင်းနှင့် ရုပ်တုတို့ကိုလည်း တည်ဆောက်ခဲ့ကြပါ၏"

ကျွန်ုပ်သည်လည်း "ဒါပေမယ့် အဲဒီရုပ်တုများ၊ ကျောင်းများကား အလဟဿ ဖြစ်ရပါလေပြီ။ ကျွန်ုပ် လေးစားရသော ဘိုးဘွားတို့၏ အရိုးများသည်လည်း မြေစာဖြစ်ကြရပါလေပြီ။ သူတို့၏ နတ်ဘုရားမအတွက် အမှတ်တရကျင်းပရန် အကြောင်းလည်း မရှိတော့။ သမိုင်းစာအုပ်တို့၏ စာမျက်နှာများတွင်လည်း သနားဖွယ် မေ့ပျောက်ထားကြပါလေပြီ" ဟု

http://www.cherrythitsar.org



ပြောရဲပါတော့သည်။

ဤတွင် ဟော်ရီက "နတ်ဘုရားမ အချို့သည် သူတို့ကို ကိုးကွယ်သူများနှင့်အတူ အသက်ရှင်နေခဲ့ကြပြီး ကိုးကွယ်သူများ သေဆုံးသွားသော အခါတွင်လည်း သေဆုံးခဲ့ကြရပါ၏။ သို့စေကာမူ အချို့သည်ကား ကပ်ကမ္ဘာအသင်္ချေတိုင်အောင် ထာဝရရှင်သန်နေခဲ့ကြပါ၏။ ကိုယ့်ဘဝကိုမူ အလှကမ္ဘာက ထောက်ပင့် ပံ့ပိုးထားခဲ့ပါ၏။ အလှကမ္ဘာဟူရာတွင်လည်း သင်ကိုယ်တိုင် မြင်တည်ရာလည်း ဖြစ်၏။ သဘာဝလည်း ဖြစ်ပါ၏။ ဤသည်မှာ သိုးကျောင်းသားတို့၏ တောင်ကုန်းများပေါ်မှ အစပြုခဲ့ခြင်း လည်း ဖြစ်၏။ ရွာသားများအဖို့ ယာခင်းထဲမှ ပျော်ရွှင်မှုလည်း ဖြစ်ပါ၏။ တောင်ကုန်းနှင့် လွင်ပြင်များကြားရှိ လူမျိုးစုတို့၏ ကြည်နူးဖွယ်ရာဖြစ်ပါ ပေသည်။ ထိုအလှသည်ပင် ပညာရှိသူတို့အား သစ္စာပလ္လင်သို့ မြှင့်တင် ပို့ဆောင်ပေးမြဲ ဖြစ်ပါလေသည်"ဟု ပြန်ကြားပါလေ၏။

ထိုအခါ ကျွန်ုပ်သည် "အလှဆိုသည်ကား ကြောက်ဖွယ်အစွမ်း ပါတကား"ဟု ပြောလေသော် အမျိုးသမီးသည် "လူသားတို့ မည်သည်ကား အရာခပ်သိမ်းကို ကြောက်ကြပါ၏။ သင်သည်လည်း ဤသို့ပင် ဖြစ်ပါသည်။ စိတ်ပိုင်းဆိုင်ရာ ငြိမ်းအေးမှု၏ အရင်းခံဖြစ်သော ကောင်းကင်ဘုံကိုပင် သင် ကြောက်လန့်နေပေ၏။ အေးချမ်းငြိမ်သက် နားနေရာ ကောင်းကင်ဘုံဖြစ်သော သဘာဝကိုလည်း သင် ကြောက်နေ၏။ နတ်ဘုရားမတကာ၏ မေတ္တာကရုဏာကြီးမားသော ဘုရားသခင်ကိုပင်လျှင် သင်သည် ကြောက်လန့်တကြား ဒေါသတကြီးဖြင့် စွပ်စွဲပြစ်တင်နေပါလေ၏"ဟု ချက်ချင်းတုံ့ပြန်ပါလေ၏။

အတန်ကြာ ချိုမြိန်သော အိပ်မက်တို့ဖြင့် တိတ်ဆိတ်သွားပြီး နောက် ကျွန်ုပ်က "လူအများတို့သည် မိမိ အထင်အမြင်တို့ကို အခြေခံ၍ အနက်ပြန်၊ ကောက်ချက်ဆွဲယူနေကြသော အလှအကြောင်းကို ကျွန်ုပ်အား

http://www.cherrythitsar.org



ပြောပြပါ။ အလှကို ကျွန်ုပ် သဘောပေါက်လာပါက ကျွန်ုပ်သည်လည်း အလှကို နည်းလမ်းအသွယ်သွယ်ဖြင့် ဂုဏ်ပြု ဆည်းကပ်ပါပေအံ့”ဟု ပြောလိုက်ပါသည်။

ဤတွင် အမျိုးသမီးက ဤသို့ ပြန်ကြားပြန်ပါလေ၏။

“အလှဆိုသည်မှာ သင်၏ဝိညာဉ်ကို ဆွဲဆောင်နိုင်စွမ်းသောအရာ ဖြစ်ပါ၏။ သူ၌ဖြစ်သော အချစ်သည် ပေးကမ်းရန်သာဖြစ်ပြီး ရယူရန်ကား မဟုတ်ပါပေ။ သင်သည် အလှကိုတွေ့ပါက သင့် နက်ရှိုင်းသော အတွင်းခံစားမှုဖြင့် သင်၏လက်အစုံကိုဆန့်တန်းကာ ထိုအလှကို သင်၏နှလုံးသားအား လွှမ်းမိုးရန် သင်ဆွဲယူပါလိမ့်မည်။ ထိုအခါ ကြေကွဲခြင်းနှင့် ဝမ်းမြောက်ခြင်း တို့သည်လည်း ကြီးကျယ်ခမ်းနားလှစွာ ပေါင်းစည်းမိကြပါလိမ့်မည်။ ဤသည်ကို သင် ကြည့်ပါသော်လည်း မြင်ရမည် မဟုတ်ပါပေ။ သင် နားလည်သော်လည်း ဝိုးတဝါးသာ ဖြစ်ပါလိမ့်မည်။ သင်ကြားရသည်ဆိုသော အရာမှာလည်း တိတ်ဆိတ် ငြိမ်သက်ခြင်းသည်သာ ဖြစ်ပါမည်။ ဤသည်ကား သင့်ဘဝ၏အစဖြစ်ပြီး သင်၏လောကီဆိုင်ရာ အတွေးအခေါ်၏ ဟိုမှာဘက်ရှိ အပြောကျယ်လှစွာသော အဆုံးခရီးကို ဆောင်ယူမည့် အမြတ်တကာတို့၏ အမြတ်ပါတည်း”

ထို့နောက်တွင် တောအုပ်တွင်းက နတ်မယ်လျှသည် ကျွန်ုပ်အပါးသို့ ချဉ်းကပ်ကာ ထုံကြူသော လက်ချောင်းအစုံကို ကျွန်ုပ်မျက်လုံးပေါ်သို့ တင်လိုက်ပါသည်။ နတ်မယ်လျှသည် လက်ချောင်းအစုံကို ပြန်ရုပ်သိမ်းသွားသောအခါတွင်ကား ချိုင့်ဝှမ်းအတွင်း၌ ကျွန်ုပ် အထီးတည်း ကျန်ရစ်ရသည့် အဖြစ်ကို သတိပြုမိပါလေတော့သည်။ ကျွန်ုပ်သည် မြို့တော်သို့ ပြန်လာခဲ့သောအခါ မြို့တော်၏ မုန်တိုင်းထန်ဟန် ထကြွလှုပ်ရှားမှုသည် ကျွန်ုပ်အား အနှောင့်အယှက် မပြုနိုင်စွမ်းတော့ပါပေ။ ကျွန်ုပ်သည် နတ်မယ်လျှ ပြောသွားသော စကားလုံးတို့ကို ထပ်ပြီး ရွတ်ဆိုလိုက်ပါ

http://www.cherrythitsar.org



လေတော့သည်။

"အလှဆိုသည်မှာ သင်၏ဝိညာဉ်ကို ဆွဲဆောင်နိုင်စွမ်းသောအရာ ဖြစ်ပါ၏။

"သူ့၌ ဖြစ်သောအချစ်သည် ပေးကမ်းရန်သာဖြစ်ပြီး ရယူရန်ကား မဟုတ်ပါလေ"

❖

http://www.cherrythitsar.org

# အပြစ်ဆိုသူ ခွဲသွားပါလေ

❋ သင့် ဝိညာဉ်နှင့်
သင်ချစ်ရသူတို့ ပေါင်းစည်းမိသည့် အချစ်အတွက်
ကိုယ့်ကို ထားရစ်ခဲ့ပါလေ အပြစ်ဆိုသူ။
အမိ၏ မေတ္တာသည်
သားသမီးတို့ နှလုံးသားနှင့်
နှောင်ဖွဲ့သော အချစ်အတွက် သွားပါလေ၊
ကိုယ်ငိုကြွေးနေသော နှလုံးသားကို
စွန့်ခွာသွားပါလေ။

စာအုပ်တိုက်

http://www.cherrythitsar.org



❋ ကိုယ့်အိပ်မက် ပင်လယ်ပြင်မှာ
ရွက်လွင့်နေပါရစေ။
မနက်ဖြန်ကာလအထိ စောင့်ပါလေ။
မနက်ဖြန်သည်
သူ့ ဆန္ဒနှင့်အညီ
ကိုယ် လုပ်စရာ မလိုပါပေ။
သင် သင့်ပစ္စည်းကို
သင် ပြန်လည်သိမ်းပိုက်ခြင်းသည်
အရှက်ရ သင်္ချိုင်းမြေသို့
စိတ်ဓာတ်နှင့်အတူ သွားသော အရိပ်ပမာတည်း။
မြေအပြင်ကား
အေးစက် မာကျောနေပါလေ၏။

❋ ကိုယ့်ရင်တွင်းမှာ
နှလုံးသားငယ်ငယ်သာ ရှိပါ၏။
ကိုယ်သည် သူ့ကို
အကျဉ်းထောင်မှ ထုတ်ပြီး
ကိုယ့် လက်ဖဝါးပေါ်တင်ကာ ဆန်းစစ်၍
သူ့ လျှို့ဝှက်ချက်ကို ထုတ်ဖော်ပေအံ့။
သူ့ဆီသို့ မြားဦးမတည်ပါလေနှင့်။
သူ ကြောက်ရွံ့ရှာရှာ့မည်။
သူသည်
သူ့ လျှို့ဝှက်သွေးစီးကို
သူ့ ယုံကြည်မှု ပြောင်းလဲရေးအတွက်

http://www.cherrythitsar.org



ယဇ်ပူဇော်နေမည်ကို စိုးရိမ်ပါ၏။
သူကား အချစ်နှင့် အလှကိုသာ ဖန်တီးလေရာ
သူ့အား ကိုးကွယ်စရာ ပေးပါလေ။

❄ နေသည် ထွက်လာပြီ ဖြစ်၍
နိုက်တင်ဂေးငှက်၏တေးသံကိုလည်း ကြားရပြီ။
တောစံပယ်၏ ရနံ့ကြူကြူသည်လည်း
လေဟာပြင်မှာ ရှူထုတ်လိုက်ပါလေပြီ။
ကိုယ်သည်
အမှားအိပ်ရာဖုံမှ
လွတ်မြောက်ချင်ပါ၏။
အပြစ်ဆိုသူရယ်၊
ကိုယ့်ကို ဆိုင်းမထားပါနှင့်တော့။

❄ တောတွင်းခြသေ့်တို့ အကြောင်းကို ဖော်ပြ၍ ဖြစ်စေ၊
ချိုင့်ဝှမ်းထဲက မြွေတို့ အကြောင်းကို ဖော်ပြ၍ ဖြစ်စေ၊
ကိုယ့်ကို
အကြောင်းမဲ့ ဆိုင်းမထားပါလင့်။
ကိုယ်ကား
မြေက ဖြစ်သော ဝိညာဉ်ပီပီ
မြေကိုလည်း မကြောက်ပါ၊
အယုတ်တမာတို့ မလာမီ
အယုတ်တမာတို့အတွက်
သတိပေးစကားကိုလည်း လက်မခံပါ။

http://www.cherrythitsar.org



❄ ဘေးဒုက္ခဆိုးက
နှလုံးသားကို ဖွင့်ဝင်လာသည်။
မျက်ရည်က
မျက်လုံးကို သန့်စင်စေသည်။
အမှားတို့က
နှလုံးသား၏ ဘာသာစကားကို သင်ပြပေးသည် ဖြစ်ရာ
ကိုယ့်ကို
အကြံပေးစကား မဆိုပါလေနှင့်၊ အပြစ်ဆိုသူ။

❄ ကိုယ်သည် လိပ်ပြာရှင်းပြီး ဖြစ်၍
ကိုယ့်ကို တရားမျှတမှုက အကာအကွယ်ပေးကာ
ကိုယ် မသိနားမလည်စေကာမူ
ကိုယ့်ကို ကာကွယ်ပေးပြီး
ကိုယ့်တွင် ပြစ်မှုရှိစေဦး၊
ကိုယ့်အတွက် ငြင်းချက်ထုတ်ပေးမည် ဖြစ်သောကြောင့်
ကိုယ့်ကို နှင်ထုတ် အပြစ်ပေးမည်ဟုလည်း
မပြောပါလေနှင့်။

❄ အချစ်လှည့်လည်ပွဲကား လှည့်လျက်
အလှသည် တံခွန်ကို လွှင့်ထူလျက်
လူရွယ်တို့သည် ပျော်ရွှင်မှု စည်မောင်းကို ရိုက်ခတ်လျက် ရှိလေရာ
ကိုယ့်အား
နောင်တဖြင့် မနှောင့်ယှက်ပါလေနှင့် အပြစ်ဆိုသူ။

http://www.cherrythitsar.org



လမ်းသည် နှင်းဆီပန်းများဖြင့် ပေါကြွယ်ကာ
လေအနံ့တွင် မွှေးရနံ့ဖြင့် ရှင်းသန့်နေပေရာ
ကိုယ် သွားပါရစေ။

❋ ချမ်းသာမှု၊ ကြီးမြတ်မှုတို့ အကြောင်းကို
ပြန်ပြောင်း မနေပါလေနှင့်။
ကိုယ့် ဝိညာဉ်ကား
ဘုရားသခင်၏ ဂုဏ်ကျေးဇူးဖြင့် ရက်ရောမှုကြောင့်
ချမ်းသာလှစွာ၏။

❋ ကိုယ့်ကို
လူတွေနှင့် ဥပဒေ အကြောင်း
ဘုရင့်ပိုင်နက်တွေ အကြောင်းကိုလည်း
မပြောပါနှင့်တော့။
ဤကမ္ဘာမြေတစ်ဝန်းကား ကိုယ့် ဇာတိ၊
လူသားအားလုံးကား တို့ညီနောင်များသာတည်း။

❋ သင်သည်
လွှယ်လွှယ်ပေးသော နောင်တနှင့်
အကျိုးမဲ့ စကားတို့ကို ယူ၍
ကိုယ့် အပါးမှ သွားပါလေဘိ။

❖

စာအုပ်တိုက်

http://www.cherrythitsar.org

# ချစ်သူခေါ်သံ

❑ ဘယ်မှာလဲ ကိုယ့်အချစ်ရယ်။
မင်းဟာ
ကလေးငယ်တွေက
မိခင်ရဲ့ ရင်ခွင်ကို အသိအမှတ်ပြုထားသလို
ပန်းပင်တွေအပေါ်
အသိအမှတ်ပြု ရေသွန်းလောင်းတဲ့
သုခဘုံကလေးမှာလားကွယ်။

❑ ဒါမှမဟုတ်
မင်းကို ဂုဏ်ပြုတဲ့အနေနဲ့ တည်ဆောက်ထားတဲ့
မင်းအခန်းကလေးထဲက
မြတ်ဗိမာန်ကလေးမှာပဲ

ကိုယ့် နှလုံးသားနဲ့ ဝိညာဉ်ကို
ပေးလှူနေရော့သလား။

❑ ဒါမှမဟုတ်
လူသားတွေ အသိပညာရှာဖွေရာ
စာအုပ်တွေကြားမှာပဲ
ကောင်းကင်ဘုံက ပညာအပြည့်အဝကို
ပေးနေလေရော့သလား။
ကိုယ့်ဝိညာဉ်ရဲ့ အဖော်မွန်၊
သင်ကား အဘယ်မှာနည်း။
ဘုရားကျောင်းတွင်းမှာပဲ
ဝတ်ပြု ဆုတောင်းနေရော့သလား။
သင် နားခိုရာ ယာခင်းတွေထဲမှာပဲ
သဘာဝကို ခေါ်နေလေရော့သလား။

❑ အသည်းကွဲနေသူတွေကို
မင်းရဲ့ ချိုမြိန်တဲ့ ဝိညာဉ်နဲ့
နှစ်သိမ့်မှုပေးပြီး
သူတို့လက်တွေထဲမှာ
ရက်ရက်ရောရော ပေးကမ်းနေတဲ့
ဆင်းရဲနွံချာသော တဲကလေးတွေထဲမှာပဲလား ကွယ်။

❑ မင်းက နေရာတကာမှာ
ဘုရားသခင်ရဲ့ စိတ်ဓာတ်၊

http://www.cherrythitsar.org



မင်းဟာ
ခေတ်ကာလတစ်လျှောက်လုံး သန့်စွမ်းသူပါ။

❑ မင်းနဲ့ ကိုယ်
တွေ့ခဲ့ကြတဲ့ နေ့ကို
မင်း သတိရရဲ့လား။
အဲဒီတုန်းက
မင်းရဲ့ စိတ်ဓာတ်ဟာ
ရောင်ခြည်မျှင်လို ဝန်းပတ်ပြီး၊
အချစ်တမန်တွေကလည်း
ဝိညာဉ်ရဲ့ အပြုအမူတွေကို
ချီးမွမ်းတေးဖွဲ့ရင်း
ပတ်လည်မှာ ရှိနေကြတယ်လေ။

❑ ကိုယ်တို့တစ်တွေဟာ
သစ်ပင်ရိပ်မှာ ထိုင်ပြီး
လူသားအား
သူ့ရဲ့ မွန်မြတ်တဲ့ နှလုံးသား
အန္တရာယ် မဖြစ်စေဖို့
နံရိုးတွေ အကာအကွယ်နဲ့
နေခဲ့ကြတာတွေကော
မင်း မှတ်မိရဲ့လား။

❑ ကိုယ်တို့နှစ်ယောက်ဟာ
တစ်ယောက်နဲ့ တစ်ယောက် လက်ချင်းဆက်ပြီး၊
ကိုယ်တို့ကို ကိုယ်တို့ ပုန်းကွယ်နေသလို
ခေါင်းချင်းမှီပြီး
တောထဲမှာ လမ်းလျှောက်ခဲ့ကြတာကိုရော၊
မင်း မှတ်မိရဲ့လား။

❑ ကိုယ်က မင်းကို
နှုတ်ဆက်စကားဆိုတော့
မင်းက ကိုယ့်ကို
မာရီယမ်ရဲ့ အနမ်းမျိုးနဲ့ နမ်းခဲ့တာကို
သတိရသေးရဲ့လား။
အဲဒီအနမ်းက
နှုတ်ခမ်းချင်း အထိအတွေ့
အချစ်ကို သင်ပေးခဲ့ပြီး
နှုတ်ဖျားကမပြောနိုင်တဲ့
သုခဘုံရဲ့ လျှို့ဝှက်ချက်ကို
ဖော်ပြခဲ့တယ်လေ။
အဲဒီအနမ်းကပဲ
အနန္တတန်ခိုးရှင်က
မြေအပြင်ကို လူ့အသွင် ပြောင်းလဲစေခဲ့တဲ့
ပင့်သက်ရှိုက်သံနဲ့
မိတ်ဆက်ပေးခဲ့တယ်။

http://www.cherrythitsar.org



❑ အဲဒီ ပင့်သက်ကပဲ
ကိုယ့်ကို အသက်သွင်းပြီး
ကိုယ့် ဝိညာဉ်ရဲ့ ဂုဏ်ကျက်သရေကို ကြေညာကာ
ကိုယ်တို့ တွေ့သည်အထိ
အသက်ရှင်လာခဲ့တယ်လေ။
မင်း ကိုယ့်ကိုနမ်းစဉ်က
မျက်ရည်သွယ်ကျပြီး၊
အထပ်ထပ် နမ်းကာ
မြေသားက ဖန်တီးတဲ့
မြေသားခန္ဓာကိုယ်တွေဟာ
မြေသားအလိုကျ ခွဲခွာကာ
ကမ္ဘာ့အလိုကျ ခွဲခွာနေကြသော်လည်း
စိတ်ဓာတ်ချင်းကတော့
မေတ္တာလက်တွဲ၍
သေမင်းရောက်လာသောအခါ
ဘုရားသခင်ထံသို့
ဝိညာဉ်ချင်း လက်တွဲ ခိုဝင်ကြရမှာပါကွယ်။

❑ သွားပါ အချစ်ရယ်၊
ဘဝက မင်းကို
သူ့ ကိုယ်စား စေလွှတ်ပါလိမ့်မယ်။
သူဟာ သူ့နောက်လိုက်တွေကို အလှနဲ့အတူ
ဘဝချိုမြိန်ခွက်ကို ကမ်းလင့်မှာ ဖြစ်တာကြောင့်
မင်း သူ့ အမိန့်ကို နာခံပါကွယ်။

ကိုယ့်လက်အစုံဟာ
ဗလာချည်း ဖြစ်စေကာမူ
သင့်အချစ်သည်ကား
နှစ်သိမ့်မှုအဖြစ်ကို ရှိကာ
သင့် အမှတ်တရသည်လည်း
ထာဝရမင်္ဂလာပွဲကို
ကျင်းပပါလိမ့်မည်။

❑ ကိုယ်၏ ကိုယ်ပွားသည်
အဘယ်သို့ ရောက်နေပါလေသနည်း။
တိတ်ဆိတ်ညမှာ
သင် နိုးနေလေရော့သလား။
ကိုယ့်နှလုံးခုန်သံနှင့် အချစ်ကို
ရှင်းသန့်လေညင်းဖြင့် ဖော်ထုတ်ပေးပါလေ။

❑ မင်း အမှတ်တရစိတ်မှာ
ကိုယ့်မျက်နှာကို
ပွတ်သပ်ပေးနေပါမည်လော။
အဲဒီရုပ်ပုံလွှာဟာ
စင်စစ် ကိုယ်မဟုတ်တော့ပါကလား။
အတိတ်ကာလက
ကိုယ့် မျက်နှာနဲ့ ပျော်ရွှင်ဟန်ကို
ဝမ်းနည်းကြေကွဲမှုက
အရိပ်အဖြစ် ခွာချလိုက်လေပြီ။

http://www.cherrythitsar.org



❑ မင်းအလှ ရောင်ပြန်ကို
ထင်ဟပ်စေတဲ့ ကိုယ့် မျက်လုံးတွေဟာ
ရှိုက်သံကြားမှာ နွမ်းရော်ကာ၊
မင်းအနမ်းနဲ့ ချိုမြိန်ခဲ့ရတဲ့ ကိုယ့်နှုတ်ခမ်းတွေလဲ
သွေ့ခြောက်ကြရလေပြီ။

❑ မင်း ဘယ်မှာလဲ ကိုယ့်အချစ်ရယ်၊
သမုဒ္ဒရာ၏ ဟိုမှာဘက်တွင်
ကိုယ့် ငိုညည်းသံကို
မင်းကြားရမှာလား။
ကိုယ် ဘာလိုချင်တယ်ဆိုတာ
မင်း သိနားလည်မှာလား။
ကိုယ် သည်းခံခဲ့ရခြင်းရဲ့ ကြီးမားမှုကိုရော
မင်း သိရဲ့လား။

❑ ဤလေထုအတွင်း၌
သေအံ့ဆဲဆဲ လူငယ်တစ်ယောက်၏အသက်ရှူမှုကို
ဖွင့်လှစ်ပြမယ့် စိတ်ဓာတ်မျိုးကော
ရှိပါရဲ့လား။
ကိုယ့် မကျေနပ်ချက်တွေကို သယ်ဆောင်လာမယ့်
ကောင်းကင်တမန်တွေနဲ့ကော
လျှို့ဝှက်အဆက်အသွယ်
ရှိပါရဲ့လား။
ကိုယ့်အလှ ကြယ်ပွင့်ကလေးရယ်၊
မင်း ဘယ်မှာလဲကွယ်။

http://www.cherrythitsar.org



❑ ဘဝရဲ့ မရှင်းလင်းမှုတွေက
သူ့ ရင်ခွင်ထက်မှာ
ကိုယ့်ကို ပစ်ချလိုက်ပြီး၊
ကြေကွဲမှုက
ကိုယ့်ကို အောင်နိုင်ပြီး၊
မင်း အပြုံးတွေက
လေထဲမှာ လွင့်မျောကာ
အဲဒီအခြေအနေကပဲ
ကိုယ့်ကို အသက်ရှင်စေအံ့လော။
ကိုယ့်ကို အထောက်အကူ ပြုမယ့်
မင်းရဲ့ရနံ့ကို
လေထဲမှာ ရှူထုတ်လိုက်ပါကွယ်။

❑ ကိုယ့် အချစ်ရယ်
မင်း ဘယ်မှာလဲကွယ်။
ဩော်....၊ အချစ်ဆိုသော အရာကား
ကြီးမားလှပေစွ။
ကိုယ်ကား
သေးငယ်လှချေ၏တကား။

❖

http://www.cherrythitsar.org

# သေမင်း၏အလှ

## အပိုင်း ၁

## ခေါ်ယူခြင်း

†

ကျွန်ုပ်၏ ဝိညာဉ်သည်
အချစ်ဖြင့် မူးယစ်ရီဝေလာသောကြောင့်
ကျွန်ုပ် အိပ်ပါရစေ။
ကျွန်ုပ် စိတ်ဓာတ်သည်
နေ့ရောညပါ ပေးကမ်းစွန့်ကြဲခဲ့ရပါသောကြောင့်
ကျွန်ုပ် နားနေပါရစေ။

ဖယောင်းတိုင်ကို
ထွန်းညှိလောင်ကျွမ်းစေပြီး
ကျွန်ုပ်အိပ်ရာဘေးတွင်
အပြင်းအထန်လောင်ကာ၊
ကျွန်ုပ်၏ ခန္ဓာကိုယ်ပေါ်၌
စံပယ်ရွက်များ၊ နှင်းဆီပန်းများ
ဖြန့်ကြဲထားပါလေ။
ကျွန်ုပ်၏ ဆံပင်တို့ကို
အမွှေးတိုင်ဖြင့် ထုံမွှမ်းစေပြီး
ခြေထောက်အစုံကိုလည်း
ရေမွှေးဖြင့် ပက်ဖျန်းပါလေ။
ကျွန်ုပ် နဖူးထက်၌
သေမင်းက မည်သို့ရေးသည်ကို
ဖတ်ကြည့်ပါ။

ကျွန်ုပ်၏
ပွင့်နေသော မျက်လုံးများ
နှမ်းမောလာပြီဖြစ်၍
ကျွန်ုပ်အား
ငိုက်မျဉ်းမှု လက်အစုံ၌
နားနေပါရစေတော့။
ငွေကြိုးတပ် စောင်းညင်းကို တီးခတ်၍
ကျွန်ုပ်၏ စိတ်ဓာတ်ကို ငြိမ်းအေးပါစေ။

http://www.cherrythitsar.org



စောင်းကို တီးခတ်ပြီး
ကျွန်ုပ်၏ နွမ်းရော်သော နှလုံးသားပတ်လည်က
ပလွေကို တီးမှုတ်ပါလေ။
ကျွန်ုပ်၏ အရဏ်ဦး မျှော်လင့်ချက်တွင်
သင် မြင်ရသည့်အတိုင်း
အတိတ်တေးကို ဆိုပါလေ။
အကြောင်းကား၊
ယင်း၏ ပဥ္စလက်အဓိပ္ပာယ်မှာ
ကိုယ့် နှလုံးသား နားနေရာ
နူးညံ့အိပ်ရာ ဖြစ်သောကြောင့်ပါတည်း။

☨

သူငယ်ချင်းတို့၊
မျက်ရည်ကို သုတ်ပြီး
ပန်းပွင့်တို့သည် အရဏ်ကို
ခေါင်းစွင့် နှုတ်ဆက်သည့်အလား
ခေါင်းကို မတ်လိုက်ကြပါလေ။
ကျွန်ုပ်၏အိပ်ရာနှင့် သံသရာကြား၌
ရပ်နေသော အလင်းတန်းအလား
သေမင်း၏ သတို့သမီးကို
ရှုပါဘိ။

http://www.cherrythitsar.org



✝

သင့်အသက်ကို ပင့်ထားပြီး
ကျွန်ုပ်အား လက်ယပ်ခေါ်နေသောသေမင်း၏
အတောင်ဖြူ ရိုက်ခတ်သံကို
နားစွင့်ပါဘိ။
ရှေ့သို့ တိုးခဲ့ပါလေ သူငယ်ချင်းတို့၊
နှုတ်ဆက်စကား ဆိုရအောင်။
ကျွန်ုပ် မျက်လုံးများကို
အပြုံးနှုတ်ခမ်းတို့ဖြင့်
ထိတွေ့ကြပါလေကုန်။
ကလေးတို့အား
သူတို့၏ နူးညံ့လှစွာသော နှင်းဆီလက်ချောင်းတို့ဖြင့်
ကျွန်ုပ် လက်များကို
ဆုပ်ကိုင်ကြပါစေ။
ကာလမြင့်ကြာ ထိုနေရာမှ သူတို့အားလည်း
ကျွန်ုပ်၏ ဦးခေါင်းထက်၌ လက်တင်၍
တောင်းဆုဆိုကြပါစေ။
အပျိုစင်တို့အားလည်း
ကျွန်ုပ်အပါးသို့ ချဉ်းကပ်၍
ကျွန်ုပ်မျက်လုံးထဲမှ ဘုရားသခင်၏ အရိပ်ကို
ရှုကြည့်ကြပါစေ။
ကျွန်ုပ်အသက်နှင့် အပြေးပြိုင်နေသော
ဘုရားသခင်၏ အလိုဆန္ဒ ပဲ့တင်သံကိုလည်း
နားစွင့်ပါဘိ။

# အပိုင်း ၂

# ပျံတက်တော်မူခြင်း

✝

ကျွန်ုပ်သည် တောင်တစ်လုံး၏ အထွတ်ကို
ဖြတ်ကျော်လာခဲ့ပြီး ကျွန်ုပ်၏ ဝိညာဉ်သည်
မြင့်တက်ကာ လုံးဝ အနှောင့်အဖွဲ့မဲ့ လွတ်လပ်၍
လုံးဝလွတ်လပ်သည့် ကောင်းကင်ပြင်သို့ ရောက်လာခဲ့ပါ၏။
ကျွန်ုပ်၏ သူငယ်ချင်းတို့၊
ကျွန်ုပ်သည် ဟိုးအဝေးသို့ ရောက်လာခဲ့ပါပြီ။
တိမ်တိုက်တို့သည် ကျွန်ုပ်၏မျက်လုံးများမှ
တောင်ကုန်းတို့ကို ဖုံးကွယ်လိုက်ကြလေပြီ။
ချိုင့်ဝှမ်းတို့သည်လည်း ဆိတ်ငြိမ်သမုဒ္ဒရာဖြင့်
အလွှမ်းခံရလေပြီ။

http://www.cherrythitsar.org



မေ့ပျောက် လက်တံအစုံတို့သည်
အိမ်များနှင့် လမ်းများကို
သိမ်းပိုက်လိုက်ကြကုန်၏။
မြက်ခင်းများနှင့် ကွင်းပြင်တို့သည်
အဖြူရောင်တစ္ဆေ၏နောက်တွင်
ပျောက်ကွယ်ကြရပါလေပြီ။
မြင်ကွင်းသည် နွေဦးတိမ်နှင့် တူ၏။
ဖယောင်းတိုင်မီးကဲ့သို့လည်း ဝါရော်၏။
ဆည်းဆာအလားလည်း နီ၏။

†

လှိုင်း၏တေးများနှင့် ချောင်းတို့၏ သံစုံတို့သည် ပျံ့နှံ့ကာ
လူစုလူဝေး၏ အသံဗလံတို့သည်လည်း
တိုးသွား၏။
ကျွန်ုပ်သည် သံသရာ၏ ဂီတသံမှအပ
ဘာကိုမျှ မကြားရ။
ထိုဂီတသံကား တမလွန်၏
စည်းချက်ညီညီ တေးသံတည်း။

†

ကျွန်ုပ်ကား ဖွေးဖွေးဖြူ လွှမ်းခြုံခံရလေပြီ။
ကျွန်ုပ်သည် သက်တော်ပင့်သက်သာ ရှိလှပါ၏။
ငြိမ်းအေးသာယာခြင်းလည်း ဖြစ်ရပါ၏။

စာအုပ်တိုက်

http://www.cherrythitsar.org

# အပိုင်း ၃

## ရုပ်ကြွင်း

☨ ကျွန်ုပ်ကို
ဤအလောင်းပတ် အဖြူထည်မှ
ဖြည်ပေးပါလေ။
ကျွန်ုပ်အား
စံပယ်ရွက်၊ နှင်းပန်းရွက်တို့ဖြင့်
တန်ဆာဆင်ပါဘိ။
ကျွန်ုပ်ခန္ဓာကိုယ်ကို
ဆင်စွယ်ခေါင်းမှ ထုတ်၍
လိမ္မော်ပွင့် ခေါင်းအုံးပေါ်တွင်
နားနေပါလေ။

http://www.cherrythitsar.org



ငိုကြွေးပူဆွေးခြင်း မပြုပါလင့်။
နှပျို ပျော်ရွှင်သော တေးတို့ကို ဆိုပါလေ။
ကျွန်ုပ်အပေါ်တွင် မျက်ရည် မသွန်ကျပါလင့်။
ကောက်ရိတ်တေးနှင့် စပျစ်ညှစ်တေးတို့ကိုသာ
ဆိုပါကုန်။
ပြင်းစွာသော ဝေဒနာဖြင့် သက်ပြင်းမချပါလင့်။
ကျွန်ုပ်မျက်နှာပေါ်၌
အချစ်နှင့် ပျော်ရွှင်မှု သင်္ကေတအရာကိုသာ
သင့်လက်သည်းဖြင့် ခြစ်ဆွဲပါဘိ။
ဆိတ်ငြိမ်လေထုအတွင်း၌
ဈာပနတေးသံဖြင့်
မနှောင့်ယှက်ပါလင့်။
သင့်နှလုံးသားအား
ကျွန်ုပ်အတွက်
သံသရာတေးကိုသာ ဆိုကြွေးပါစေ။
ကျွန်ုပ်အတွက် အဝတ်နက်ဖြင့် မပူဆွေးပါလင့်။
ရောင်စုံအဝတ်တို့ကို ဝတ်၍ ကျွန်ုပ်နှင့်အတူ ပျော်ကြပါစေ။
ကျွန်ုပ် ထွက်ခွာသွားသည့်အတွက်
သင့် နှလုံးသားအားလည်း
ပင့်သက် မချပါစေနှင့်။
မျက်လုံးကို ပိတ်လိုက်ပါ။
ကျွန်ုပ်ကို
အမြဲတမ်း မြင်နေရပါလိမ့်မည်။

http://www.cherrythitsar.org



† ကျွန်ုပ်၏ ကိုယ်ပေါ်တွင်
သစ်ရွက်ခိုင်များတင်ပြီး
သင်တို့၏ရင်းနှီးသော ပခုံးထက်၌ ထမ်း၍
လူသူကင်းမဲ့သော တောအုပ်တွင်းသို့
ဆောင်ကြဉ်းခဲ့ပါလေ။
ကျွန်ုပ်ကို
လူသူ ထူထပ်သော သင်္ချိုင်းမြေ၌
မမြှုပ်နှံပါနှင့်။
ထိုနေရာတွင်ကား
အရိုးများ၊ ခေါင်းရိုးခွံများ ရိုက်ခတ်သံဖြင့်
ဆူညံနေပေအံ့။
ကျွန်ုပ်ကို
ဆိုက်ပရတ်တောတွင်းသို့ ဆောင်ယူလာပြီး
ကျွန်ုပ်အတွက် သင်္ချိုင်းမြေကို
တစ်ပါးသူတို့၏အရိပ်အောက်မှာ မဟုတ်ဘဲ
ဝိုင်အိုလက်ပန်းပင်နှင့် ဘိန်းပန်းပင်တွေ အကြားမှာ
တူးပါစေ။
ကျွန်ုပ်၏ အလောင်းကို
ရေစီးတွင် ပါမသွားစေရန်
နက်နက်တူးပါ။
ဆည်းဆာရောင်သည်
ကျွန်ုပ်အပေါ်တွင် ရောက်လာစေရန်
သင်္ချိုင်းမြေကို
ကျယ်ကျယ်တူးပါဘိ။

† ကမ္ဘာမြေသားတို့နှင့် ဆိုင်သမျှသော အဝတ်တို့ကို
ဖယ်ရှားကာ
အမိမြေတွင်း၌ နက်ရှိုင်းစွာ မြှုပ်နှံပါ။
အမိရင်ခွင်တွင် ကျွန်ုပ်ကို
ဂရုတစိုက်ထားရစ်ပါ။
ကျွန်ုပ်ကို
နူးညံ့မြေသားဖြင့် ဖုံးအုပ်ကာ
အားလုံး၏ မြေတစ်ဆုပ်စီသည်
စံပယ်စေ့၊ တောစံပယ်စေ့တို့ဖြင့်
ရောနှောကြဲချပါ။
စံပယ်ပင်၊ တောစံပယ်ပင်တို့သည်
ကျွန်ုပ်ခန္ဓာကိုယ်ပေါ်မှ ပေါ်ပေါက်ကာ
ကျွန်ုပ်နှလုံးသားမှ သင်းကြူရနံ့ကို
လေထုတွင် ပျံ့လွင့်ပါစေအံ့။
အဆုံးတွင်
ကျွန်ုပ်၏ လျို့ဝှက်ငြိမ်းချမ်းမှုကို
နေမင်းအား
ထုတ်ဖော်ပြသပေအံ့။
ထို့နောက်
လေညင်းနှင့်အတူ မျောပါ၍
လမ်းသွားလမ်းလာတို့အား
နှစ်သိမ့်မှု ပေးပေအံ့။

http://www.cherrythitsar.org



✝ ကျွန်ုပ်ကို
စွန့်ပစ်သွားကြပါလေတော့ သူငယ်ချင်းတို့။
လူသူကင်းမဲ့သော ကျေးရွာတွင်းသို့
လှမ်းဝင်သော ဆိတ်ငြိမ်ခြေလှမ်းများပမာ
ကျွန်ုပ်ကို
ခွဲခွာသွားကြပါလေကုန်။
ကျွန်ုပ်ကို
ဘုရားသခင်ထံ အပ်နှံ၍
ဖြည်းဆေးစွာ လူစုခွဲပါလေ။
နွေဦးလေညင်းတွင်
ဗာဒံပွင့်များ၊ ပန်းသီးပွင့်များပမာ
အသံမပြု လူစုခွဲပါလေ။

✝ လူနေဒေသတွင်းသို့ ပြန်ရောက်လာပါက
သေမင်းသည် သင်နှင့် ကျွန်ုပ်ကို
မခွဲခွာနိုင်ပါလားဟု
သင် သိလာရပါလိမ့်မည်။
သင် မြင်ရသော ဤနေရာကား
မြေသားကမ္ဘာနှင့် ဝေးစွာသောဟု
အဓိပ္ပာယ်ပေါက်လာမည် မလွဲပါ။
ကျွန်ုပ်ကို ထားရစ်ခဲ့ပါလေတော့။

❖

http://www.cherrythitsar.org

# နန်းတော်နှင့်တဲ

## အပိုင်း ၁

ညသို့ ရောက်လေလျှင် အိမ်ကြီးတစ်အိမ်တွင် မီးရောင်တို့သည် ထိန်ထိန် လင်းလာပြီး ကျွန်ုပ်တို့သည်လည်း ထုထည်ကြီးမားလှသော တံခါးဝ၌ ဧည့်သည်များ ဝင်အလာကို စောင့်လင့်နေကြပါကုန်၏။ ကျွန်ုပ်တို့၏ ကတ္တီပါဝတ်စုံများပေါ်၌ ရွှေကြယ်သီးတို့သည်လည်း ဖိတ်ဖိတ်တောက်နေပါ၏။

ခမ်းနားထည်ဝါလှစွာသော ရထားများသည် နန်းတော်ဥယျာဉ် လမ်းမအတိုင်း ဝင်လာပြီး ကျောက်မျက်ရတနာတို့ဖြင့် စီခြယ်လျက် တောက်ပရွှန်းစိုသော ဝတ်စုံတို့ကို ဝတ်ဆင်ထားသည့် မှူးမတ်အပေါင်းတို့သည် ရထားများပေါ်၌ လိုက်ပါလာကြပါကုန်၏။ ရာထူးဂုဏ်ထူးရှိ ပုဂ္ဂိုလ်များသည် တူရိယာမျိုးစုံတို့မှ ပေါ်ထွက်လာသော သာယာကြည်နူး ဖွယ် တေးသံနှင့်အညီ ကကြပါလေကုန်၏။

စာအုပ်တိုက်

http://www.cherrythitsar.org



သန်းခေါင်သို့တိုင်လေလျှင် ကောင်းမွန်လှသော စားသောက်ဖွယ် တို့ကို အဖိုးတန် လှပတင့်တယ်သည့် ပန်းများ ခင်းကျင်းတန်ဆာဆင်အပ် သော စားပွဲကြီးထက်၌ တည်ခင်းဧည့်ခံပါလေတော့သည်။ စားသုံးသူတို့ သည်လည်း စားသောက်ဖွယ်တို့ကို အရက်ချိုပွဲ တည်ခင်းလာသည်အထိ အားရပါးရ သုံးဆောင်ကြပါလေ၏။

အရက်လာလေသော် ပရိသတ်အပေါင်းတို့သည်လည်း တစ်ညဥ့် တာလုံး အားရပါးရ စားသောက်ကာ မူးယစ်ရီဝေစွာဖြင့် စားသောက်ကြ ပြီးနောက် အိပ်ရာထက်၌ သဘာဝမကျသော အိပ်ခြင်းမျိုးဖြင့် အိပ်ကြရန် ခပ်သော့သော့ ထွက်လာကြပါကုန်၏။

## အပိုင်း ၂

ညချမ်းသို့တိုင်လေလျှင် ယောက်ျားတစ်ယောက်သည် ကြမ်းတမ်းသော အလုပ်ခွင်ဝတ်စုံကို ဝတ်လျက် သူ၏အိမ်ငယ်ကလေးရှေ့သို့ ရောက်လာပြီး တံခါးကို ခေါက်လိုက်ပါသည်။ တံခါးပွင့်လာလေလျှင် သူသည် အိမ်ထဲသို့ ဝင်လာပြီး အိမ်ရှင်မကို ရွှင်ရွှင်ပျပျ နှုတ်ဆက်၍ မီးဖိုအနားတွင် ကစားနေသော သူ့ကလေးများကြား၌ ဝင်ထိုင်လိုက်ပါသည်။ မကြာမီပင် သူ့ဇနီးသည် ထမင်းပွဲကို ပြင်ဆင်ပြီး သူတို့သည် သစ်သားစားပွဲ၌ ဝင်ထိုင်ကာ အစာကို စားသုံးကြပါလေတော့၏။ စားသောက်ပြီးလေသော် သူတို့သည် မီးအိမ်ဘေး၌ဝင်ထိုင်ကာ တစ်နေ့တာလုပ်ငန်းအကြောင်း ပြောဆိုကြပါ၏။ ထို့နောက် ညဦးပိုင်းကုန်လေသော် သူတို့သည် ငိုက်မျဉ်းမှု ဘုရင်မင်းမြတ်ရှေ့၌ ချီးကျူးထောမနာ ဂုဏ်ပြုသုတောင်းစကားကိုဆို၍ တစ်နေ့တာ စခန်းကို သိမ်းကြပါလေတော့သည်။

❖

# ကဗျာဆရာ့အသံ

## အပိုင်း ၁

မေတ္တာ၊ စေတနာ၊ ကရုဏာတို့ကို ကျွန်ုပ်နှလုံးသား၌ နက်ရှိုင်းစွာ ပျိုးကြဲခဲ့ပါ၏။ကျွန်ုပ်သည် ဂျုံတောင်းများစွာရိတ်သိမ်းပြီး ထိုဂျုံတို့ကို ဆာလောင်သူတို့အား ပေးခဲ့ပါ၏။ ကျွန်ုပ်၏ ဝိညာဉ်သည် ဘဝအား စပျစ်နွယ်တို့ကို ပေးခဲ့ရာ ကျွန်ုပ်သည် စပျစ်ခိုင်တို့ကို စပျစ်ရည်အဖြစ် ညှစ်ထုတ်ပြီး မွတ်သိပ်သူတို့အား ပေးခဲ့ပါ၏။

ကောင်းကင်ဘုံသည် ကျွန်ုပ်၏မီးအိမ်ကို ဆီဖြည့်ပေးလေရာ ကျွန်ုပ်သည် မီးအိမ်ကို ပြတင်းတွင်ချထားပြီး အမှောင်တွင်းက သူစိမ်းတစ်ရံစာများကို လမ်းပြပေးစေပါ၏။ ကျွန်ုပ်သည် အားလုံးနှင့်အတူ နေထိုင်သည့်အလျောက် အထက်ပါအမှုကိစ္စတို့ကို လုပ်ခဲ့ပါ၏။ ဤသို့ လုပ်ခဲ့သည့်အတွက် ကျွန်ုပ်၏မျှော်မှန်းချက်က ကျွန်ုပ် လက်တို့ကို ချုပ်နှောင်ပြီး ဤသို့

http://www.cherrythitsar.org



မလုပ်ရန် တားမြစ်ပါက ကျွန်ုပ်အဖို့ သေခြင်းကိုသာ အလိုရှိပါပေအံ့။ အကြောင်းကား ကျွန်ုပ်သည် ကဗျာဆရာတစ်ယောက် ဖြစ်သောကြောင့် ကျွန်ုပ်သည် မပေးကမ်းရပါက ရယူလက်ခံရန်ကိုလည်း ကျွန်ုပ် ငြင်းပယ်ရမည် ဖြစ်သောကြောင့်တည်း။ လူ့အဖြစ်သည် မိုးသက်မုန်တိုင်းကဲ့သို့ ဖျက်ဆီးချေမှုန်းလေပြီ။ ဘုရားသခင် သက်ပြင်းချလိုက်ချိန်တွင် မုန်တိုင်း ကျော်လွန်သွားမည်ကို ကျွန်ုပ်သိသဖြင့် ကျွန်ုပ်သည်လည်း သက်ပြင်းကို တိတ်တဆိတ်ချမိပေအံ့။

လူသားတို့သည် မြေအပြင်ကို တွယ်ကပ်နေကြရ၏။ သို့သော် ကျွန်ုပ်သည်ကား အချစ်မီးရှူးတိုင်ကိုသာ ပိုက်ထွေးရန် ရှာဖွေပါ၏။ အကြောင်းကား အချစ်မီးရှူးတိုင်က မီးရောင်သည် ကျွန်ုပ်၏ နှလုံးသားကို သန့်စင်စေပြီး ကျွန်ုပ်နှလုံးသားမှ လူမဆန်စွာသောရက်စက်မှုကိုလည်း မီးတိုက်ပစ်မည် ဖြစ်သောကြောင့်တည်း။

အကောင်အထည်ရှိပြီး အရာခပ်သိမ်းတို့သည် လူကိုခံစားမှုမရှိဘဲ သေစေကုန်၏။ အချစ်သည်မူ လူကို နိုးထစေပြီး ဝေဒနာတို့ဖြင့် ရှင်နေပါစေအံ့။

လူဆိုသည် လူမျိုးစုများ၊ အိမ်ထောင်စုများ၊ မြို့များ၊ နိုင်ငံများ ကွဲပြားလျက် ခွဲခြားနေကြကုန်၏။ ကျွန်ုပ်သည်မူ အားလုံးသော လူအဖွဲ့အစည်းများနှင့် ကင်းကွာကာ အခြေချနေထိုင်ရာ ပိုင်ဆိုင်ခွင့် မရှိပါပေ။ ဤစကြဝဠာသည် ကျွန်ုပ်၏ နိုင်ငံဖြစ်ပြီး လူသားအဖွဲ့အစည်းသည်သာ ကျွန်ုပ်၏လူမျိုးစု ဖြစ်ပါ၏။

လူတို့ကား ပျော့ညံ့ကြကုန်၏။ သူတို့သည် သူတို့ အချင်းချင်း ကြားတွင် အုပ်စုဖွဲ့ နေကြကုန်၏။ ကမ္ဘာကြီးကား ကျဉ်းမြောင်းလှပေစွ။ သူတို့သည် အစဉ်းစား အဆင်ခြင်မဲ့စွာ ဧကရာဇ်ပိုင်နက်များ၊ နိုင်ငံများ၊ ပြည်နယ်များ ခွဲခြားနေကြလေသည်။

http://www.cherrythitsar.org



လူသားသည် ဝိညာဉ်၏ဘုရားကျောင်းများကို ဖြိုခွဲရန် စုစည်းကြပြီး မြေသားခန္ဓာကိုယ်များပေါ်၌ ရည်မှန်းချက်အဆောက်အအုံကြီး ဆောက်လုပ်ရန် လက်ချင်းတွဲကြပါလေကုန်၏။ ကျွန်ုပ်သည် ကျွန်ုပ် တစ်ကိုယ်တော်ချင်း အလေးအနက်ရပ်လျက် ကျွန်ုပ်မျှော်လင့်ချက်မှ အသံကို နားစွင့်ရင်း ဤသို့ ပြောဆိုပါလေ၏။

"အချစ်သည် လူ၏နှလုံးသားကို ဝေဒနာဖြင့် ရှင်သန်စေပြီး၊ မသိနားမလည်မှုက သုတကို သင်ပြပေးပါလေ၏။ ဝေဒနာနှင့် မသိနားမလည်မှုက ဧရာမပျော်ရွှင်မှုနှင့် သုတဆီသို့ ဦးဆောင်ပါ၏။ အကြောင်းကား လူလွန်သက်ရှိသည် နေရောင်အောက်၌ အကျိုးမဲ့ကိုသာ ဖန်တီးပေးသောကြောင့်တည်း"

http://www.cherrythitsar.org

# အပိုင်း ၂

ကျွန်ုပ်သည် ကျွန်ုပ်၏ လှပသောနိုင်ငံအတွက် ပြင်းပြသောဆန္ဒဖြင့် ခံစားရပါသည်။ နိုင်ငံတွင်း နိုင်ငံသားတို့ စိတ်ဆင်းရဲ ဒုက္ခရောက်ကြရသဖြင့် ကျွန်ုပ်သည် နိုင်ငံသားတို့ကို ချစ်မိပါ၏။ သို့သော်လည်း ကျွန်ုပ်၏ နိုင်ငံသားတို့သည် သူတို့အပေါ် မျိုးချစ်စိတ်၏ လှုံ့ဆော်မှုအရ တက်ကြွ လှုပ်ရှားကာ အိမ်နီးချင်း နိုင်ငံတွင်းသို့ဝင်၍ တစ်ဖက်နိုင်ငံသားတို့ကို သတ်ဖြတ်ခြင်း၊ ရက်စက်ယုတ်မာစွာ ပြုမူလာပါက ကျွန်ုပ်သည် ကျွန်ုပ်နိုင်ငံနှင့် ကျွန်ုပ်လူမျိုးကိုပါ မုန်းမိပါလိမ့်မည်။

ကျွန်ုပ်သည် ကျွန်ုပ်ဇာတိမြေကို ချီးမြှောက်တေး ဆိုခဲ့ပါ၏။ ကျွန်ုပ် ငယ်စဉ်ဘဝက အိမ်ကလေးကိုလည်း ကျွန်ုပ် တမ်းတခဲ့ပါ၏။ သို့သော်လည်း ထိုအိမ်မှလူတို့သည် အမှန်တကယ်လိုအပ်သော လမ်းသွား လမ်းလာများကို တည်းခိုခွင့်လည်း မပေး၊ ရိက္ခာလည်း မကျွေးပါက ကျွန်ုပ်၏ ချီးမြှင့်တေးသည် အထူးချီးကျူးတေး အသွင်သို့ပြောင်းကာ ကျွန်ုပ်၏

http://www.cherrythitsar.org



တမ်းတမှုသည်လည်း မေ့ပျောက်ခြင်းအဖြစ်သို့ ပြောင်းသွားပါအံ့။ကျွန်ုပ်၏ အတွင်းအားကလည်း 'လိုအပ်သူတို့အား သက်သာမှုမပေးသော အဆောက်အအုံကို ဖျက်ဆီးပစ်ရန်မှတစ်ပါး အခြားမည်သို့မျှ ပြုဖွယ်မရှိပါတကား' ဟု ဆိုလိုက်မိပါလေ၏။

ကျွန်ုပ်သည် ကျွန်ုပ်၏ ဇာတိရွာကလေးကို ကျွန်ုပ်နိုင်ငံ ကျွန်ုပ်ချစ်သည့်စိတ်နှင့်အတူ ချစ်ခဲ့ပါ၏။ ကျွန်ုပ်သည် ကျွန်ုပ်၏နိုင်ငံကိုလည်း ကမ္ဘာမြေ၏ တစ်စိတ်တစ်ဒေသအဖြစ် ချစ်ခဲ့ပါ၏။ ကျွန်ုပ်သည် ကမ္ဘာမြေကိုလည်း ကောင်းကင်ဘုံက ပေးသနားသော လူသားအဖြစ် မိမိကိုယ်ကို ချစ်မြတ်နိုးသည့်နည်းတူ ချစ်ခဲ့ပါ၏။ စင်စစ် ဤသည်ကား ဘုရားသခင်၏ စိတ်ဓာတ်အဖြစ် ထင်ရှားလှပါသည်။

လူဆန်မှုဆိုသည်မှာ ဤကမ္ဘာမြေပေါ်ရှိ ထူးကဲသော သတ္တဝါ၏ စိတ်ဓာတ်ပါပေတည်း။ ထိုလူဆန်မှုသည် အပျက်အစီးများကြား ကိုယ်လုံးတီး ပုန်းကွယ်လျက်၊ အဝတ်အစုတ်စုတ် အပြတ်ပြတ်တို့၏ နောက်ကွယ်၌ ဟောက်ပက်ဖြစ်နေသော ပါးပြင်တွင် မျက်ရည်ဖြာကျလျက် ကလေးတို့အား ဝေဒနာပြင်းစွာသောအသံဖြင့် ခေါ်လိုက်ပါ၏။သို့သော်လည်း ကလေးတို့သည်ကား သူတို့ အိမ်ထောင်စုတေးကိုသာ ရင့်ကြွေး အလုပ်များနေသည်ဖြစ်ရာ မိခင်တို့ ခေါ်သံကိုပင် မကြားကြပါလေ။

လူဆန်မှုတရားက လူစုကို မေတ္တာရပ်ခံပါသော်လည်း လူထုကား မကြား။ တစ်စုံတစ်ယောက်သည် ကြားပါမူ မိခင်တစ်ယောက်အား မျက်ရည်သုတ်လိမ်းကာ နှစ်သိမ့်မှုပေးလေလျှင် အခြားသူတို့က "သူကား စိတ်လှုပ်ရှားမှုဖြင့် ထိခိုက်ခံစားနေရသူပါတည်း" ဟု ပြောကြပေလိမ့်မည်။

လူဆန်မှုဆိုသည်မှာ ဤကမ္ဘာမြေပေါ်တွင် ထူးကဲသောသတ္တဝါ၏ စိတ်ဓာတ်ပါတည်း။ ထို ထူးကဲသတ္တဝါသည် မေတ္တာနှင့် ချစ်ကြည်မှုကို ဟောကြားပါလိမ့်မည်။ သို့သော် လူတွေကမူ ထိုဟောပြောချက်ကိုပင်

http://www.cherrythitsar.org



သရော်လှောင်ပြောင်ကြပါလိမ့်မည်။ နာဇရင်းသား ယေရှုသည်မူ ထို ဟောပြောချက်ကို နာခံပြီး ကားစင်တင်ခြင်းကို သူ့ဝေစုအဖြစ် ခံယူခဲ့ပါ၏။ ဆိုကရေးတီးသည်လည်း ထိုဟောကြားချက်ကိုနာခံပြီး ထိုလမ်းကြောင်း အတိုင်းလိုက်ကာ ခန္ဓာကိုယ် ဆုံးရှုံးရပါလေ၏။ နာဇရင်းသားနှင့် ဆိုကရေး တီးတို့သည်ကား ကိုးကွယ်ခံရသူတို့၏ နောက်လိုက်များတည်း။ သူတို့ကို လူအများက မသတ်သည့်တိုင်အောင် သူတို့သည်ကား "ပျက်ရယ်ပြုခြင်း သည် သတ်ခြင်းထက် ဆိုးရွားပါတကား"ဟု ပြောဆိုကြပါလိမ့်မည်။

ဂျေရုဆလင်သားတို့သည် နာဇရင်းသားကို မသတ်နိုင်။ ထိုနည်း တူပင် အက်သင်းဒေသသားတို့သည် ဆိုကရေးတီးကို မသတ်နိုင်ကြကုန်။ သူတို့ကား ယခုလည်း အသက်ရှင်ဆဲ၊ ထာဝရတိုင်အောင်လည်း အသက် ရှင်မြဲ ဖြစ်ကြ၏။ ကိုးကွယ်ခံ၏ နောက်လိုက်များကို လှောင်ပြောင် သရော် ခြင်းကား အောင်ပွဲမခံနိုင်ပါပေ။ သူတို့ကား ထာဝရရှင်သန်တိုးပွား နေမည် သာတည်း။

http://www.cherrythitsar.org

## အပိုင်း ၃

သင်တို့ကား ကျွန်ုပ်၏ညီနောင်များ ဖြစ်ကြ၏။ အကြောင်းကား သင်တို့၊ ကျွန်ုပ်တို့သည် မြင့်မြတ်သော စိတ်ဓာတ်မှ ပေါက်ဖွားလာသည့် လူသားများ ဖြစ်ကြသောကြောင့်တည်း။ ကျွန်ုပ်တို့သည် တန်းတူညီမျှပါ၏။ တစ်မြေတည်းမှ ပေါက်ဖွားလာသူများ ဖြစ်ကြပါ၏။ သင်သည် ကျွန်ုပ်သွားရာဘဝလမ်းတစ်လျှောက်တွင် အဖော်မွန်ဖြစ်ပါ၏။ ဖုံးကွယ် အမှန်တရားကို နားလည်ခြင်းသည်ပင် ကျွန်ုပ် အကူအညီဖြစ်၏။ သင်ကား လူသားတည်း။ ဤမျှဆိုလျှင် လုံလောက်ပါပြီ။ သင့်ကို ညီရင်းအစ်ကိုပမာ ချစ်မြတ်နိုးပါ၏။ သင် ကျွန်ုပ်အကြောင်းကို သင့် ရွေးချယ်မှုအရ ပြောပါလေ။ မနက်ဖြန်ဆိုလျှင် သင်လည်း သင့်လမ်း သင်သွား၍ သင့်စကားအထောက်အထားကိုပင် အဆုံးအဖြတ်အဖြစ် ပြောပေလိမ့်မည်။ သင်လည်း တရားမျှတမှု ရပေလိမ့်မည်။

http://www.cherrythitsar.org



ကျွန်ုပ် ပိုင်ဆိုင်သမျှကို သင် ယူငင်သိမ်းဆည်းပါလေ။ အကြောင်းကား ကျွန်ုပ်၏လောဘသည် ဥစ္စာပစ္စည်းအများစု ပုံပေးရန် လှုံ့ဆော်ပေးမည်ဖြစ်ပြီး သင်သည်မူကား ကျွန်ုပ် ဝေပုံကျ ရပါလိမ့်မည်။ ထိုအခါ သင်လည်း ကျေနပ်ပါလိမ့်မည်။ သင်သည် ကျွန်ုပ်အား စိတ်တိုင်းကျ ပြုမူ နိုင်ပါ၏။ သို့သော်လည်း ကျွန်ုပ်၏ အမှန်တရားကိုကား ထိတွေ့နိုင် စွမ်းမည် မဟုတ်ပါပေ။

သင်သည် ကျွန်ုပ်ကို သွေးသွင်သွင်စီးစေပြီး ကျွန်ုပ်ခန္ဓာကိုယ်ကိုလည်း မီးရှို့နိုင်ပါ၏။ သို့သော် ကျွန်ုပ် စိတ်ဓာတ်ကိုကား အနာတရ ဖြစ်စေနိုင်မည်လည်း မဟုတ်ပါ။ သတ်နိုင်စွမ်းမည်လည်း မဟုတ်ပါပေ။

သင်သည် ကျွန်ုပ် လက်အစုံကို နှောင်တည်းပြီး ခြေအစုံကိုလည်း ထိပ်တုံးခတ်၍ အမှောင်တွင်း၌လည်း အကျဉ်းချနိုင်ပါ၏။ သို့သော် ကျွန်ုပ်မူ၏အတွေးကိုကား သင် နှောင်ဖွဲ့နိုင်စွမ်းမည် မဟုတ်ပါ။ အကြောင်းကား ကျွန်ုပ်အတွေးသည် ကောင်းကင်ပြင်ကျယ်က လေညင်းပမာ လွတ်လပ်ပေသောကြောင့်တည်း။

သင်သည် ကျွန်ုပ်၏ညီနောင်ရင်းလည်းဖြစ်၍ ကျွန်ုပ်သင့်ကိုချစ်ပါ၏။ ကျွန်ုပ်သည် သင်၏ ဝတ်ကျောင်းအတွင်း၌လည်း ရှိခိုးကော်ရော်ပါ၏။ သင်၏ ဘုရားကျောင်းတွင်း၌လည်း ပုဆစ်ဒူးကို တုပ်ပါ၏။ သင်၏ ပလီတွင်း၌လည်း ဘုရားဝတ်ပြုပါ၏။ သင်နှင့် ကျွန်ုပ်တို့ကား ဘာသာတရားတစ်ခုတည်း၏ ကလေးငယ်များ ဖြစ်ကြပါသည်။ ဘာသာတရားတို့၊ လမ်းကြောင်းတို့သည် မည်သို့ပင်ကွဲပြားစေကာမူ ထူးကဲသောသတ္တဝါ၏ မေတ္တာလက်ချောင်းတို့သည် စိတ်ဓာတ်၏ တစ်ခုတည်းလုံးဝဖြစ်သောဆီသို့ ဦးတည်တောင်းဆိုပါ၏။ အားလုံးတို့ကို လက်ခံရန်ကိုကား စိုးရိမ်ပါသည်။

သင်၏ အသိပညာမှရသော အမှန်တရားအတွက် ကျွန်ုပ် သင့်ကိုချစ်ပါ၏။ ထိုအမှန်တရားကိုမူ ကျွန်ုပ်၏ မသိနားမလည်မှုကြောင့် မမြင်ရ

http://www.cherrythitsar.org



ပါချေ။ သို့သော်လည်း ကျွန်ုပ်သည် ထိုအမှန်တရားကို စိတ်ဓာတ်၏ လုပ်ရပ်အဖြစ် တန်ခိုးတော်ရှင် အမှတ်ထားကာ လေးစားပါ၏။ သင်၏ အမှန်တရားနှင့် ကျွန်ုပ်၏ အမှန်တရားတို့သည် ရောနှောပေါင်းစပ်ကာ ပန်းရနံ့များအလား ပေါင်းစည်းပြီးနောက် ထာဝရအမှန်တရားအဖြစ် အလှနှင့် အချစ်တို့၏ ထာဝရတရားအဖြစ် အမြဲတည်တံ့နေလိမ့်မည်သာတည်း။

သင်သည် အားကြီးသော ဖိနှိပ်သူတို့ရှေ့မှောက်၌၊ အားနည်းပျော့ညံ့ပြီး လောဘဇောကပ်သော သူကြွယ်တို့ ရှေ့မှောက်၌ ဆင်းရဲနေသည် ဖြစ်သောကြောင့် ကျွန်ုပ် သင့်ကို ချစ်ပါ၏။ ထိုအကြောင်းများကြောင့်လည်း ကျွန်ုပ်သည် မျက်ရည်သွန်ကျကာ သင့်အား နှစ်သိမ့်မှုပေးပါ၏။ ကျွန်ုပ် မျက်ရည်တို့၏နောက်ကွယ်တွင်ကား သင်သည် တရားမျှတမှုရင်ခွင်တွင်း၌ ပြုံးလျက်သား သင့်အပေါ် ရက်စက်သူတို့ကို ခွင့်လွှတ်နေပေ၏။ သင် ကား ကျွန်ုပ်ချစ်သော ကျွန်ုပ်၏ ညီရင်းနောင်ကိုပါတည်း။

http://www.cherrythitsar.org

## အပိုင်း ၄

သင်သည် ကျွန်ုပ်၏ ညီရင်းနောင်ကိုဖြစ်ပါ၏။ သို့ပါလျက် အဘယ်ကြောင့် ကျွန်ုပ်နှင့် ရန်ဖြစ်ရပါသနည်း။ အဘယ်ကြောင့် သင်သည် တန်ခိုးအာဏာနှင့် ဂုဏ်ကျက်သရေ အလိုရှိသူတို့ ကျေနပ်အားရလေအောင် ကျွန်ုပ်နိုင်ငံသို့ ကျူးကျော်၍ ကျွန်ုပ်တို့ နိုင်ငံကို လက်အောက်ခံ ပြုရပါဘိသနည်း။

သင်သည် တန်ခိုးအာဏာအလိုရှိသူတို့အတွက် သင့်သွေးကိုရင်းပြီးလည်းကောင်း၊ ဂုဏ်ကျက်သရေ အလိုရှိသူတို့အတွက် သင့်အမိ၏မျက်ရည်ကို ရင်းပြီးလည်းကောင်း၊ သင့်သားမယားတို့ကို စွန့်ခွာ၍ ဟိုအဝေးနယ်မြေသို့ သေမင်းနောက်မှ အဘယ်ကြောင့် လိုက်ပါရပါဘိသနည်း။

လူတစ်ယောက်အတွက် သူ၏ညီရင်းနောင်ကို သတ်၍ ဂုဏ်ရှိ ပါ၏လော။ ဤသည်ကို ဂုဏ်ဟူ၍ သင်မှတ်ယူပါက ရှိခိုးခြင်းအမှုနှင့်အတူ ထားရစ်ကာ ညီရင်းအာဗေလကို သတ်ခဲ့သည့် ကာဣနအတွက် ဝတ်ကျောင်း တစ်ဆောင် တည်ဆောက်ပါလေ။

http://www.cherrythitsar.org



မိမိကိုယ်ကိုစောင့်ထိန်းခြင်းသည် သဘာဝ၏ပထမနိယာမ မဟုတ်ပါလော။ ဤသို့ဆိုလျှင် လောဘ၏တိုက်တွန်းမှုအရ သူ့ရည်ရွယ်ချက်ကို တည်ဆောက်ပေးသည့်သဘောဖြင့် မိမိကိုယ်ကို ယဇ်ပူဇော်ကာ ညီရင်းနောင်ကိုတို့ကို အဘယ်ကြောင့် ရန်ပြုရဘိသနည်း။ ကျွန်ုပ်၏ ညီရင်းနောင်ကို၊ ခေါင်းဆောင် ပြောခဲ့သည်ကို သတိထားပါလေ။

"ဖြစ်တည်ခြင်း၏ မေတ္တာတရားသည် လူတို့၏အခွင့်အရေးကို ယူငင် သိမ်းဆည်းပေးသောအားဖြင့် ကျေးဇူးပြုပေ၏"

ကျွန်ုပ်သည်လည်း သင့်အတွက် ဤစကားကိုပင် ဆိုပါ၏။ တစ်ပါးသူတို့၏ အခွင့်အရေးကို ကာကွယ်ပေးခြင်းသည် လူသား၏ အမြင့်မြတ်ဆုံးနှင့် အလှပဆုံးအပြုအမူဖြစ်ပါ၏။ ကျွန်ုပ်ဖြစ်တည်လာရသည့် အဖြစ်က အခြားသူတို့ကို ကျွန်ုပ် သတ်ဖြတ်စေရန်လိုလားပါမူ ကျွန်ုပ်အဖို့ သေခြင်းသည် ဂုဏ်ယူဖွယ်ရာသာတည်း။ ကျွန်ုပ်သည် တစ်ပါးသူတစ်ဦးဦးက ကျွန်ုပ်၏ ဂုဏ်သိက္ခာကို ကာကွယ်သောအားဖြင့် သတ်နိုင်လိမ့်မည် ဖြစ်ကြောင်း မတွေ့နိုင်ပါက ကျွန်ုပ်ဘဝကို တစ်သံသရာမတိုင်မီ တစ်သံသရာအတွက် ကျွန်ုပ်ကိုယ်တိုင် ဆောင်ယူလာရန် တုံ့နှေးမည် မဟုတ်ပါပေ။

ကိုယ်ကျိုးကြည့်မှုဟူသည် မိမိကိုယ်ကို မြင့်မြတ်သာလွန်ခြင်းအဖြစ် တလွဲမြင်ခြင်း၏ အကြောင်းတရားတည်း။ မိမိကိုယ်ကို မြင့်မြတ်သာလွန်ခြင်းအဖြစ် မြင်လာပါက အုပ်စုဖွဲ့ပါလေတော့သည်။ အုပ်စုသည် သဘောကွဲလွဲမှုနှင့် လက်အောက်ခံပြုမှုဆီသို့ ရှေးရှုသောအာဏာကို ဖန်တီးလေ၏။ ဝိညာဉ်တို့မည်သည် မသိမိုက်မဲမှု အမှောင်အပေါ်၌ လွှမ်းမိုးသော အသိပညာနှင့် တရားမျှတမှုအစွမ်းဟု ယုံကြည်မြဲဖြစ်၏။ ထိုအသိပညာနှင့် တရားမျှတမှုသည် မသိမိုက်မဲမှုနှင့် ဖိနှိပ်မှုကို အားဖြည့်ကာကွယ်ပေးမည့် ဓားတို့ကို ဖြန့်ဝေပေးရာ တန်ခိုးအာဏာကို ငြင်းပယ်၏။ ထိုသို့သော တန်ခိုးအာဏာဟူသည် ဗေဗီလုံမြို့တော်ကြီးကိုဖျက်ဆီးပြီး ဂျေရုဆလင်

http://www.cherrythitsar.org



မြို့၏အုတ်မြစ်ကို လှုပ်ခါ၍ ရောမမြို့တော်ကြီးကို အပျက်အစီးကြားတွင် ကျန်ရစ်စေခဲ့၏။ ဤသည်ကို လူအပေါင်းကပင် အလုံးစုံသော ရာဇဝတ်မှုတို့ကို ကျူးလွန်ခဲ့သည့်လူသားများဟု ခေါ်ဝေါ်ခဲ့ကြ၏။ စာရေးဆရာတို့က ထိုလူသားများ၏ အမည်နာမကို တလေးတစား မှတ်တမ်းတင်ခဲ့ကြ၏။ သမိုင်းဆရာတို့ကလည်း ထိုသူတို့၏ ရက်စက်ယုတ်မာမှုကို ချီးကျူးထောမနာပြုခဲ့ကြကုန်၏။ ကျွန်ုပ် ရှိသေလေးစား နာခံရမည့် တန်ခိုးအာဏာသည်ကား တရားမျှတမှု၏ သဘာဝတရားကို လိုက်လျောလက်ခံခြင်း၊ စောင့်ရှောက်ခြင်းတို့အတွက် အသိပညာသာလျှင် ဖြစ်ပါသည်။

အဘယ်မည်သော တရားမျှတမှုသည် လူသတ်သမားတို့ကို သတ်ဖြတ်ရန် တန်ခိုးအာဏာ လွှဲအပ်ပါသနည်း။ ဘယ်သောအခါတွင် လူဆိုးဓားပြတို့ကို ထောင်သွင်းအကျဉ်းချရပါအံ့နည်း။ ဘယ်သောအခါတွင် အိမ်နီးချင်းနိုင်ငံတစ်ခုအတွင်းသို့ဝင်ရောက်ပြီး လူများကို သတ်ရပါအံ့နည်း။ ခိုးသူတို့အတွက် သူခိုးတစ်ယောက်က စီရင်ချက်ချသောအဖြစ်၊ လူသတ်သူကို လူသတ်သမားက အပြစ်ပေးသောအဖြစ်တို့ကို အဘယ် တရားမျှတမှုက တန်ခိုးအာဏာဟူ၍ သတ်မှတ်ပါသနည်း။

သင်ကား ကျွန်ုပ်၏ ညီရင်းနောင်ကို ဖြစ်ပါသည်။ ကျွန်ုပ် သင့်ကို ချစ်ပါ၏။ ချစ်မေတ္တာဟူသည် ဂုဏ်သိက္ခာနှင့် အနှစ်သာရ အပြည့်အဝပါသော တရားမျှတမှုပေတည်း။ အကယ်၍ တရားမျှတမှုသည် သင်၏ လူမျိုးစုနှင့် အဖွဲ့အစည်းကို အလေးမထားဘဲ သင့်အပေါ်ထားရှိသော အချစ်ကို ထောက်ခံအားပေးပါက ကျွန်ုပ်သည် အချစ်စစ် အချစ်မှန်၏ ပြင်ပဝတ်စုံ နောက်ကွယ်၌ ကိုယ်ကျိုးကြည့်မှု အကျည်းတန်ဖြစ်ရပ်ကို ဖုံးကွယ်မှုပေးထားသည့် လူလိမ်တစ်ယောက်သာလျှင် ဖြစ်ရမည်သာတည်း။

❖

http://www.cherrythitsar.org

# နိဂုံး

ကျွန်ုပ်၏ ဝိညာဉ်သည် ကျွန်ုပ်၏ သူငယ်ချင်းဖြစ်ပြီး ကျွန်ုပ် စိတ်ဆင်းရဲပင်ပန်းစဉ်နှင့် ဘဝဒုက္ခရောက်စဉ်တို့တွင် ကျွန်ုပ်အား နှစ်သိမ့်မှုပေးပါ၏။ ဝိညာဉ်နှင့် မိတ်မဖြစ်သော အကြင်သူသည်ကား လူစိတ်ရှိသူတို့၏ ရန်သူဖြစ်ပြီး သူ့ကိုယ်တွင်း၌လည်း သူ့အား လမ်းညွှန်မည့် လူ့စိတ်ဓာတ်မျိုးမရှိဘဲ မကြာမီပင် ပျက်ဆီးဆုံးရှုံးရမည်သာတည်း။ ဘဝဟူသည် ပြင်ပက လာသည်မဟုတ်ဘဲ အတွင်းကသာ လွှမ်းမိုးဖြန့်ကျက်မြဲ ဖြစ်လေသည်။

ကျွန်ုပ် စကားတစ်ခွန်းပြောချင်ပါသည်။ ယခု ပြောရပါလိမ့်မည်။ ထိုစကားကို သေမင်းက တားမြစ်ပါမူ မနက်ဖြန်တွင် ပြောဖြစ်ပါလိမ့်မည်။ မနက်ဖြန်ဟူသည်ကား သံသရာစာအုပ်ထဲ၌ လျှို့ဝှက်၍ကို ချန်မထားတတ်သောကြောင့်တည်း။ ကျွန်ုပ်သည် ဘုရားသခင်၏ ရောင်ပြန်ဖြစ်သော အလှ၏ အလင်းရောင်နှင့် အချစ်ဂုဏ်ကျက်သရေတို့ထံသို့ ရောက်လာခဲ့ပါ၏။ ဤအရပ်တွင်ပင် ကျွန်ုပ် နေပါအံ့။ လူအများသည် ကျွန်ုပ်အား ထိုဘဝ

http://www.cherrythitsar.org



ပိုင်နက်တွင်းမှ နှင်ထုတ်နိုင်မည် မဟုတ်ပါပေ။ အကြောင်းကား ဤအရပ်မှာပင် သေရင်း နေသွားမည် ဖြစ်နေသောကြောင့်တည်း။ သူတို့သည် ကျွန်ုပ်၏ မျက်လွှာကို ဖွင့်လာပါက ကျွန်ုပ်သည် အလှ၏တေးသံများနှင့် အချစ်၏ တတွတ်တွတ်အသံတို့ကို နာခံရပါလိမ့်မည်။

သူတို့သည် ကျွန်ုပ်၏ မျက်လွှာများကို ပိတ်လိုက်ပါက လှိုင်ကြိုသော အချစ်ရနံ့နှင့် အလှအမွှေးအထုံတို့ဖြင့်ပြွမ်းရာ လေညင်းကို တွေ့ထိရပါလိမ့်မည်။ သူတို့သည် ကျွန်ုပ်အား လေဟာနယ်တွင် ထားလိုက်ပါက ကျွန်ုပ်သည် ကျွန်ုပ်၏ဝိညာဉ်အလှနှင့် အချစ်တို့၏ ကလေးငယ်နှင့် အတူပူးတွဲနေထိုင်ပါအံ့။

ကျွန်ုပ်သည် ဤအရပ်သို့ အားလုံးအတွက် အားလုံးနှင့်နေထိုင်ရန် ရောက်လာခြင်းဖြစ်ပါ၏။ ယနေ့ တစ်ကိုယ်တော် အထီးကျန်ဖြစ်စေကာမူ မနက်ဖြန်တွင် လူအားလုံးထံ  အသံတို့ ပဲ့တင်ရိုက်ဟည်းသွားပါပေအံ့။

ယခု ကျွန်ုပ်နှလုံးသားတစ်ခုတည်းက ပြောသော်လည်း မနက်ဖြန်တွင် နှလုံးသားအများကပင် တုံ့ပြန်ကြပါပေအံ့။

**ကျော်လှိုင်ဦး**

# ကျော်လှိုင်ဦး၏ ထုတ်ဝေပြီး ဘာသာပြန်စာအုပ်များ

၁။ လူနှင့်လက်နက် (၁၉၆၅)

Arms And The Man by George Bernard Shaw

၂။ အောက်ဆုံးအလွှာ (နှစ်ကြိမ်) (၁၉၆၆၊၁၉၇၁)

The Lower Deepths by Maksim Gorki

၃။ တဂိုး၏ စာ (၁၉၆၆)

(မောင်ဖြူး၊ ဇော်ဂျီ၊ မင်းသုဝဏ်၊ တက္ကသိုလ် မောင်မောင်ကြီး၊ဒဂုန်တာရာ၊ ဟသ်ာတချစ်ဦး၊ ပါရဂူ၊ တိုက်စိုး၊ မင်းယုဝေ၊ ငွေတာရီ၊ တက္ကသိုလ်ဝင်းမွန် တို့နှင့် ပူးတွဲ)

၄။ တော်လှန်သော ကဗျာဆရာ (၁၉၆၆)

Chu Yuan by Ku Murjo

၅။ တဂိုး လက်ရွေးစင် (နှစ်ကြိမ်) (၁၉၆၇၊ ၁၉၉၁)

Stray Birds and The Fugitive by Rabindranath Tagore

၆။ ဦးလေးတွမ် (သုံးကြိမ်)(၆၀၆/၉၉–၆) (၁၉၆၉၊၁၉၇၆၊၁၉၉၉)

Uncle Tom's Cabin by Harriet Beecher Stowe

(၁၉၆၉ အမျိုးသားစာပေ ဘာသာပြန်ဆုရ)

၇။ ဒေါက်တာဂျက်ကီးနှင့် မစ္စတာဟိုက် (၁၉၇၇)

Dr. Jekyll and Mr. Hyde by R.L. Stevenson

http://www.cherrythitsar.org



၈။ တစ်ထောင့်တစ်ည ပုံပြင်များ(၁) (သုံးကြိမ်) (၁၉၈၀၊ ၁၉၈၃၊၁၉၉၂)

Arabian Nights by Sir Richard F. Burton

(၁၉၈၀၊ အမျိုးသားစာပေ ဘာသာပြန်ဆုရ)

၉။ တစ်ထောင့်တစ်ည ပုံပြင်များ (၂) (နှစ်ကြိမ်) (၁၉၈၁၊ ၁၉၉၃)

Arabian Nights by Sir Richard F. Burton

၁၀။ တစ်ထောင့်တစ်ည ပုံပြင်များ (၃) (သုံးကြိမ်) (၁၉၈၂၊ ၁၉၈၇၊၁၉၉၅)

Arabian Nights by Sir Richard F. Burton

၁၁။ လေထန်ကုန်း (နှစ်ကြိမ်) (၁၉၈၄၊ ၁၉၉၁)

Wuthering Heights by Emily Bronte

၁၂။ တစ်ထောင့်တစ်ည ပုံပြင်များ (၄)(နှစ်ကြိမ်) (၁၉၈၅၊ ၁၉၉၆)

Arabian Nights by Sir Richard F. Burton

၁၃။ ဂြိုဟ်မွှေတဲ့ဂြိုဟ်နှင့် အခြားဝတ္ထုများ (၁၉၈၉)

The Spiteful Planet and Ofter Staries by Shinichi Hoshi

၁၄။ ဖရန်ကင်စတိန် (၁၉၈၉)

Frankenstein by Mary Shelley

၁၅။ မဒမ်ဗိုဗာရီ (နှစ်တွဲ) (၁၉၈၉)

Madame Bovary by Gustave Flaubert

၁၆။ တစ်ထောင့်တစ်ည ပုံပြင်များ(၅) (နှစ်ကြိမ်) (၁၉၈၉၊ ၁၉၉၇)

Arabian Nights by Sir Richard F. Burton

၁၇။ မျက်ရည်စများနှင့် ရယ်သံ (နှစ်ကြိမ်)(၁၉၉၁၊ ၂၀၀၄)

Tears and Laughter by Kahlil Gibran

http://www.cherrythitsar.org



၁၈။ မြွေနှင့် နိုင်ငံတကာ ဝတ္ထုတိုများ (၁၉၉၉)

(ကောင်းသာ၊ ကျော်အောင်၊ ကြည်သာဦး၊ စောလူ၊ စမ်းစမ်းတင်၊ ညီသစ်၊ ဇေယျာလင်း၊ ဇော်နတ်ဇော်၊ နိုင်ဇော်၊ နတ်နွယ်၊ ပါရဂူ၊ဘုန်းမြင့်(မန္တလေး)၊ မောင်ညီညွတ်၊ မောင်ပေါ်ထွန်း၊ မောင်ရဲခိုင်၊ မြသန်းတင့်၊ မြိုင်သန်း၊ သည်မောင်၊ အောင် (ဆေး–၁) တို့နှင့် ပူးတွဲ)

၁၉။ ရေပေါ်ကလနှင့် အခြားဝတ္ထုတိုများ (၂၀၀၂)

၂၀။ ဂေဘရီယယ် ဂါစီယာ မားကွက်စ်ဖ်လက်ရွေးစင်ဝတ္ထုတိုများ(၂၀၀၂)

(မြသန်းတင့်၊ မောင်ရဲနိုင်၊ ကောင်းသာ၊ မောင်သစ်ဆင်း၊ မောင်သာမည၊ ညီသစ်တို့နှင့် ပူးတွဲ)

Gabriel Garcia Marquez's Selected Stories

၂၁။ ရာရှိုမွန်မြို့တံခါးနှင့် ဂျပန်ဝတ္ထုတိုများ (၂၀၀၃)

(မြသန်းတင့်၊ ညွန့်ကြူး၊ မောင်ထွန်းသူ၊ နေဝင်းမြင့်၊ မြတ်သစ်၊ဇော်နတ်ဇော်၊ မြင့်သန်း၊ ရဲမြင့်လွင်၊ လေးကိုတင်၊ ရဲဘုန်းခေါင်၊ စန်းစန်းဦး၊ မိုးမင်းသိမ်း တို့နှင့် ပူးတွဲ)

လက်ဘနွန်သည် တမန်တော်အများ ဖွားမြင်ရာဒေသအဖြစ် ထင်ရှားသော ကာလီဂျီဗရန်း အားလည်း တမန်တော်တစ်ဦးအဖြစ် မှတ်ယူကြပါသည်။

ကာလီဂျီဗရန်း၏ ပန်းချီလက်ရာများကို ရိုဒင်၏ ပန်းချီလက်ရာများနှင့် နှိုင်းယှဉ်ခံစားကြပြီး သူ၏ စာပေလက်ရာများကိုမူ အင်္ဂလိပ်ကဗျာဆရာ ဝီလျံဘလိတ်နှင့် နှိုင်းနှိုင်း လက်ခံကြသည်။

"သဘာဝတွင် အလှသည် အဓိက၊
အလှ ဟူရာတွင်လည်း......
အလှ၌ အချစ်သည် တည်သောကြောင့်ဖြစ်၏။
အလှတွင်တည်သော အချစ်ကို တွေ့ရခြင်းသည်
ဘဝ၏ ပြင်းစွာသော မျှော်လင့်ချက်ပင်"
**ကာလီဂျီဗရန်း** (၁၈၈၃-၁၉၃၁)

ဘာဝဒေသနာ စာရေးဆရာ

Cover - A . B . K . (Bagan Publishing House)